# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက် | ၂၀၁၅ ခုနှစ်၊ ဇွန် ၂၃ ရက်၊ အင်္ဂါနေ့၊ | အတွဲ [၅၄]၊ အမှတ် [၂၆၁]


## နိုင်ငံတော်သမ္မတဦးသိန်းစိန် လူဇင်ဘတ် အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၂၃**

၂၀၁၅ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်သော လူဇင်ဘတ်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လူဇင်ဘတ်မြို့စား မင်းသားအွန်နရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✻

# ဒေသတွင်းစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးလာစေရန် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား လက်တွဲဆောင်ရွက်သွားမည်ဆိုသည့် သန္နိဋ္ဌာန်ထားရှိမှုသည် အားလုံးတွင် တည်ရှိနေကြပြီးဖြစ်

**နေပြည်တော် ဇွန် ၂၂**

(၇)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ပတ္တမြားခန်းမ၌ကျင်းပသည်။

ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်း သမာဗောင်၊ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်၊ စီအယ်လ်အမ်ဗွီနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီအယ်လ်အမ်ဗွီ နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနသို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကွန်ဗင်းရှင်းဗဟိုဌာန အဝင်မုခ်ဦးမှ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက မိမိတို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်

*စာမျက်နှာ ၈ ကော်လံ ၁* ☆




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)


**ယနေ့ မာတိကာ**

ပါကစ္စတန်၌ အပူလှိုင်းကြောင့် လူပေါင်း ၁၂၀ သေဆုံး — စာ » ၄

ဆောင်းပါး: အရွေးမတူသော်လည်း အတွေးတူညီစွာဖြင့် မဲပေးကြပါစို့ — စာ » ၆

ကြွယ်ဝချမ်းသာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးမည့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ် ထိပ်သီးအစည်းဝေး — စာ » ၉





MOSAWAY
MOSQUITO REPELLENT PATCH

မော့(စ်)အဝေး ခြင် -မလာစတေကာပြား

ခြင်ကိုက်ခြင်းကြောင့် ဖြစ်သော သွေးလွန်တုပ်ကွေးရောဂါ နှင့် ငှက်ဖျားရောဂါကို မော့(စ်)အဝေး ဖြင့် ကာကွယ်ပါ။

- မော့(စ်)အဝေးသည် သစ်ပင်များမှ သဘာဝထွက်အဆီတစ်မျိုးဖြစ်သော Citronella Oil ဖြင့် ပြုလုပ်ထားပြီး လူခန္ဓာအား ဘေးဥပါဒ် ဖြစ်စေမည့် ဓာတုပစ္စည်းများ(လုံးဝ)ကင်းစင်ပါသည်။
- မော့(စ်)အဝေးအား ကိုယ်ခန္ဓာတွင်မဟုတ်ဘဲ သင်၏ ခုတင် စားပွဲ၊ အိတ် (သို့) ဘောင်းဘီ အဝတ်အစားများပေါ်တွင်ကပ်ထားခြင်းဖြင့် ဘေးဥပါဒ် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ပါသည်။
- နောက်ဆုံးပေါ် ခေတ်မီနည်းပညာအသုံးပြုထားသောကြောင့် မော့(စ်)အဝေး ခြင်မလာစတေကာပြားတစ်ပြားသည် (၁၂)နာရီကြာသည် အထိ ကြာရှည်အစွမ်းထက်ပါသည်။
- ခရီးထွက်သောအခါ၌လည်းကောင်း၊ အလည်အပတ် အပျော်သွားရာ၌လည်းကောင်း၊ ဤခြင်မလာစတေကာပြားအား ကပ်ထားခြင်းဖြင့် ခြင်နှင့် အခြားအင်းဆက်ပိုးမွှားကောင်များရန်မှ ကင်းဝေးစေပါသည်။

# မဲစာရင်းမှာအမည် ပါ၊ မပါ ကြိုတင်ကြည့်ရှုပါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် တဖြည်းဖြည်း နီးကပ်၍လာလေပြီ။ အောက်တိုဘာလကုန် နိုဝင်လာဘာလဆန်းတွင် ကျင်းပသွားရန် ရွေးကောက်ပွဲကော်မရှင်ရုံးက ကြေညာထားသည်။ ရွေးကောက်ပွဲသည် တစ်မျိုးသားလုံး၏ အရေးကိစ္စဖြစ်သည့်အလျောက် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးရန် တာဝန်ရှိသည်။ သို့ရာတွင် မိမိတို့၏အမည် ပါ၊ မပါ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ ခွဲရုံးများသို့ကော်မရှင်က သတ်မှတ်ထုတ်ပြန်ထားသည့်ရက်များအတွင်း ကြိုတင်သွားရောက်ကြည့်ရှုထားဖို့လိုပါသည်။ သို့မှသာ ရွေးကောက်ပွဲ ကျင်းပသည့်အခါ အဆင်သင့် မဲပေးနိုင်မည်ဖြစ်သည်။

ကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကို ကြေညာပြီးနောက် ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် မဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ (ရပ်၊ ကျေးကော်ခွဲ)အသီးသီးက ထုတ်ပြန်ကြေညာပေးမည် ဖြစ်သည်။ ထိုအခါ မဲဆန္ဒရှင်များအနေဖြင့် ကြေညာသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း ဖြည့်စွက်ပြင်ဆင်၊ ကန့်ကွက်ခြင်းများကို ဆောင်ရွက်နိုင်ကြပါသည်။ ဤသို့ကြေညာသည့် အခါတွင် ပြည့်စုံမှန်ကန်သည့်မဲစာရင်းများဖြစ်ရေးအတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစ၍ အခြေခံမဲဆန္ဒရှင်စာရင်း ကွန်ပျူတာသွင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အသီးသီးတွင် အဆင့်လေးဆင့်ဖြင့် အင်တိုက်အားတိုက် ကြိုတင်ဆောင်ရွက်ခဲ့ကြရပါသည်။

ပြုစုရရှိသည့် မဲစာရင်းများကို လေးကြိမ်ခွဲ၍ ထုတ်ပြန်ကြေညာပေးရန်စီစဉ်ထားသည်နှင့်အညီ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်များကို သက်ဆိုင်ရာမြို့နယ်များ၌ ထုတ်ပြန်ကြေညာပြီးဖြစ်၍ ယခုစတုတ္ထအကြိမ်အဖြစ် ကျန်ရှိမြို့နယ်များအတွက် ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ ၁၄ ရက်တိုင်တိုင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ထုတ်ပြန်ကြေညာထားပြီ ဖြစ်ပါသည်။

မဲစာရင်းကြိုတင်ကြည့်ရှုရန် ပြီးခဲ့သည့် အကြိမ်များတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအလိုက် လှုံ့ဆော်နိုင်မှု အားနည်းခြင်း၊ ပြည်သူများ၏စိတ်ဝင်စားမှုအားနည်းခြင်းများကြောင့် မဲစာရင်းကြိုတင်ကြည့်ရှုမှု အားနည်းခဲ့သော်လည်း နောက်ပိုင်းအကြိမ်များတွင် မဲစာရင်း ကြိုတင်ကြည့်ရှုသူအရေအတွက် သိသိသာသာတိုးလာကြောင်း ကြားသိရသည်။ မဲဆန္ဒရှင်စာရင်းများကို ကွန်ပျူတာအခြေခံပြီး ပြုစုခြင်းဖြစ်၍ လွဲချော်မှုများရှိနိုင်ပါသည်။ ကြိုတင်ကြည့်ရှုထားခြင်းသည် စိတ်အချရဆုံးဖြစ်သည်။ မဲပေးခွင့်မဆုံးရှုံးစေရန် ကြိုတင်ကြည့်ရှုထားခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

လာမည့် ရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးဖို့ဆုံးဖြတ်ထားပြီဆိုလျှင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်နှင့် အဖွဲ့ခွဲရုံးများသို့သွားရောက်ကာ မိမိ၏အမည်စာရင်း ပါ၊ မပါ သတ်မှတ်ရက်အတွင်း ကြိုတင်သွားရောက်ကြည့်ရှုထားရမည်ဖြစ်ပါသည်။

အကယ်၍ မိမိအမည်မပါလျှင် ပုံစံ(၃)ဖြင့် လည်းကောင်း၊ အချက်အလက်များ မှားနေလျှင် ပုံစံ(၄-က)ဖြင့် လည်းကောင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများဖြစ်ပါက ပုံစံ(၄)ဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ပင် လျှောက်ထားကြရမည်ဖြစ်ပါသည်။ ခေတ္တလာရောက် နေထိုင်သူများ၏ အမည်များသည် မိမိတို့အမြဲနေထိုင်သည့် အိမ်ထောင်စုစာရင်း လဝကပုံစံ (၆၆/၆)ရှိသော မြို့နယ်မှမဲစာရင်း၌သာ ပါဝင်မည်ဖြစ်ပါသည်။ သို့ပါ၍ အသည်းကြားက မဲတစ်ပြားဆိုသည့်အတိုင်း မိမိတို့၏မဲပေးခွင့်များမဆုံးရှုံးစေရေးအတွက် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ပါ မပါ ကြိုတင်သွားရောက်ကာ ကြည့်ရှုကြပါရန် အသိပေးတိုက်တွန်းအပ်ပါကြောင်း။ ။



## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။

## အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးကို အထောက်အကူပြုနိုင်ရေး စည်းဝေး

**ရန်ကုန် ဇွန် ၂၂**



အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဦးဆောင်၍ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ဇွန် ၁၉ ရက်က အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် CMP လုပ်ငန်းရှင်များ ညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ရာ အထူးလုပ်ငန်းအဖွဲ့ဝင်များနှင့် CMP လုပ်ငန်းရှင်များ စုံညီစွာတက်ရောက်ကြသည်။

ညှိနှိုင်း အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် အထည်ချုပ်လုပ်ငန်းရှင်များအား အခကြေးငွေ သတ်မှတ်နိုင်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေးအတွက် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ပြီးနောက် CMP လုပ်ငန်းရှင်များ ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို ဖြေရှင်းရာတွင် နိုင်ငံတော်ပိုင်းမှ မည်သို့ မည်ပုံ ကူညီပံ့ပိုးပေးနိုင်မည်ကို သိရှိလိုသဖြင့် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးကို စီစဉ်ပေးရခြင်းဖြစ်ကြောင်း၊ CMP လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ရဲ့ အခက်အခဲ၊ နိုင်ငံတော်မှ ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များနှင့် ဖြေလျှော့ပေးရန် လိုအပ်သည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးတင်ပြသွားစေလိုကြောင်း၊ CMP လုပ်ငန်းရှင်များမှ တင်ပြသည့် ကိစ္စရပ်များတွင် ချက်ချင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များရှိနိုင်သကဲ့သို့ မူဝါဒပိုင်းအရ ပြန်လည်ဆွေးနွေးညှိနှိုင်းရမည့်ကိစ္စရပ်များ၊ ဥပဒေပြင်ဆင်ပြီး ဆောင်ရွက်ရမည့် ကိစ္စရပ်များလည်း ရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် CMP လုပ်ငန်းရှင်များအနေဖြင့် အပြုသဘောဖြင့် ဆွေးနွေးတင်ပြပေးကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ CMP လုပ်ငန်းရှင်များက တင်ပြသည့်ကိစ္စရပ်များပေါ်တွင် မူတည်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများကလည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




## စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်း (A)တွင် ဇွန် ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီမှစတင်၍ စာရေးဆရာ ဆရာဝန် လက်ာရည်ကျော် (ပါမောက္ခရဲမြင့်ကျော်)နှင့် ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)၊ (မြကြာငုံ)တို့က စာပေဟောပြောမည်ဖြစ်ပြီး စာပေဆုရ စာရေးဆရာ ဆရာဝန်များကို ဂုဏ်ပြုဆုများချီးမြှင့်မည်ဖြစ်သည်။

ဆက်လက်၍ နှစ်ပတ်လည် အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး စာအုပ်တိုက်များနှင့် ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများမှ ဆေးစာအုပ်များ၊ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၆-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၅၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၆၃.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၂.၆၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၉၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၃၉ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၄၃ |

ခင်ရတနာ-စုစည်းသည်။

၁၅-၆-၂၀၁၅မှ ၁၉-၆-၂၀၁၅ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၇၅၀ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၆၁ ကျပ်ဖြစ်ပြီး လက်လီဆိုင် များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (စွမ်းအင်ဝန်ကြီးဌာန)

# မြန်မာ-ဗီယက်နမ် ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၅၀၀ အထိ ရောက်ရှိရန် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဇွန် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား ယနေ့ ညနေ ၃ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ် ၁၂ ခုကို အရှိန်အဟုန်မြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ အထိ ရောက်ရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အာဆီယံနိုင်ငံများအကြား တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်ရေး၊ ကော်ဖီ၊ ငရုတ်ကောင်းနှင့် သီဟိုဠ်စိုက်ပျိုးရေးလုပ်ငန်းများတွင် အတွေ့အကြုံဖလှယ်ရေး၊ ဗီယက်နမ်နိုင်ငံ၏ အသက်မွေးဝမ်းကျောင်းသင်တန်းများ ထူထောင်မှုအတွေ့အကြုံများကို ဖလှယ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးဌေးအောင်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဝန်ကြီးချုပ်နှင့်အတူ ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗွိသန်ဆွန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ်စည်းဝေး

**နေပြည်တော် ဇွန် ၂၂**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**



အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဦးသန်းထွန်းအောင်၊ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ လုပ်ငန်းကော်မတီဝင်များ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ လုပ်ငန်းကော်မတီဝင်များနှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ အသင်းတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီနာယကက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ဗဟိုကော်မတီနာယကနှင့်အဖွဲ့ဝင်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်သော လူဇင်ဘတ်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လူဇင်ဘတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇာဗီးရေး ဘတ်တယ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လူဇင်ဘတ်အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂၃**

၂၀၁၅ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်သော လူဇင်ဘတ်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး မစ္စတာ ဂျွန်အာဆယ်ဘွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း ဂျပန်သို့ သွားရောက်လေ့ကျင့်မည်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဇွန် ၂၂**

၂၀၁၆ အိုလံပစ်ပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲဝင်ရန် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ဂျပန်နိုင်ငံသို့ သွားရောက်ပူးတွဲလေ့ကျင့်ရန် ပြင်ဆင်လျက်ရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

ယခုအခါ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် ကစားသမား ၂၆ ဦး ရွေးချယ်ထားပြီး နေ့စဉ်လေ့ကျင့်မှုများ အဆက်မပြတ် ပြုလုပ်လျက်ရှိသည်။ ယခုရွေးချယ်ထားသည့် ကစားသမား ၂၆ ဦးအနက် ဒဏ်ရာရရှိထားသည့် ကစားသမားနှစ်ဦးဖြစ်သည့် ခင်မာလာထွန်းနှင့် သန်းသန်းထွေးတို့မှာ ခွဲစိတ်ကုသမှုခံယူလျက်ရှိခြင်းကြောင့် လေ့ကျင့်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဒုတိယအဆင့် ခြေစစ်ပွဲမတိုင်ခင် ဂျပန်နိုင်ငံကို သွားရောက် ပူးတွဲလေ့ကျင့်ကစားဖို့ ရှိပါတယ်။ အဖွဲ့ချုပ်က စီစဉ်ပေးတဲ့အတိုင်း သွားရောက်ကစားမှာဖြစ်တဲ့အတွက် ဘယ်အသင်းနဲ့ပူးတွဲလေ့ကျင့်ကစားမယ်ဆိုတာကိုတော့ ဟိုဘက်ကို ချိတ်ဆက်တုန်းဖြစ်ပါတယ်။ အခု လာမယ့် ဩဂုတ်လအတွင်း သွားရောက်ဖြစ်ဖို့များပါတယ်"ဟု မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်း နည်းစနစ်ပိုင်း အကြံပေး ဦးအေးမောင်ကြီးက ပြောကြားသည်။

၂၀၁၆ ခုနှစ် အိုလံပစ်ပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲများကို ထိုင်းနိုင်ငံ၌ ယခုလာမည့် စက်တင်ဘာလတွင်ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် အိမ်ရှင်ထိုင်း၊ ဗီယက်နမ်၊ ဂျော်ဒန်၊ တရုတ်(တိုင်ပေ)တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ယင်းခြေစစ်ပွဲ၌ အုပ်စုအဆင့်ဗိုလ်စွဲသည့် အသင်းတစ်သင်းသာ နောက်တစ်ဆင့်တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

"အခုပွဲကတော့ အုပ်စုတစ်သင်းတည်းတက်မှာ ဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး ရေကုန်ရေခန်းကစားပြီးတော့ အောင်နိုင်မှုရယူဖို့ တစ်နည်းပဲရှိပါတယ်။ ပြီးခဲ့တဲ့ပွဲက အားနည်းချက်တွေကို ပြုပြင်ပြီး၊ အားသာချက်တွေကို ဆက်လက်ထိန်းသိမ်းကစားသွားဖို့ ကြိုးစားပြင်ဆင်ထားပါတယ်။ အရင်အသင်းကိုပဲ အခြေခံပြီး ကစားသမားအပြောင်းအလဲလည်း အများကြီးမလုပ်ထားပါဘူး။ တက်သစ်စ



အငယ်တန်းထဲကပဲ အနည်းငယ်အပြောင်းအလဲလုပ်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၆ အိုလံပစ်ပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲဝင်ရန် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းတွင် နိုင်ငံခြားသားနည်းပြငှားရမ်းအသုံးပြုမည် မဟုတ်ဘဲ နည်းစနစ်ပိုင်းအကြံပေး ဦးအေးမောင်ကြီးနှင့် နည်းပြချုပ် ဒေါ်သက်သက်ဝင်းတို့က ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် တနင်္ဂနွေတစ်ရက်တည်းသာ အနားယူပြီး ကျန်ရက်များတွင် နံနက်ပိုင်းနှင့် ညနေပိုင်းတို့၌ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

# ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကင်းပြည်နယ်တွင် အပူလှိုင်းရိုက်ခတ်မှုကြောင့် လူ ၁၈၀ ထက်မနည်းသေဆုံး

**ကရာချိ ဇွန် ၂၂**

ပါကစ္စတန်နိုင်ငံတောင်ပိုင်းကင်းပြည်နယ်တွင် အပူလှိုင်းရိုက်ခတ်မှုကြောင့် လူ ၁၈၀ ထက်မနည်း သေဆုံးခဲ့ပြီး အဆိုပါဒေသတွင် အာဏာပိုင်များက အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာခဲ့ရကြောင်း ဇွန် ၂၂ ရက်တွင် သိရသည်။ အဆိုပါ ဒေသတွင် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး ရင်ခွဲရုံများတွင် အလောင်းများပြည့်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဖြစ်ရပ်သည် လူဦးရေ သန်း ၂၀ မျှနေထိုင်သော ပါကစ္စတန်ဘဏ္ဍာရေး အချက်အချာမြို့ဖြစ်သည့် ကရာချိ၏ အစိတ်အပိုင်းများစွာကို ထိခိုက်စေခဲ့သည်။

ရင်ခွဲရုံများတွင် နေရာချောင်ချိစေရန် အမည်မဖော်နိုင်သော အလောင်းများအား မြှုပ်နှံခဲ့ရကြောင်း အက်ဟီဖောင်ဒေးရှင်း၏ အကြီးတန်းအရာရှိတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။

ကျန်းမာရေးဝန်ထမ်းများအား ခွင့်ခံစားခွင့်မပြုဘဲ ဆေးရုံများ၌ လိုအပ်သော ဓာတ်ဆားထုပ်များနှင့် အားဆေးများကို တာဝန်ရှိသူများက ဖြန့်ဖြူးစေခဲ့ကြောင်းသိရသည်။ **(ရိုက်တာ)**



# အာဖဂန်တပ်များက တာလီဘန်တို့အား ထိုးစစ်ဆင်

**ကဘူးလ် ဇွန် ၂၂**

အာဖဂန်မြောက်ပိုင်းတွင် အစိုးရတပ်များက အဓိကခရိုင်တစ်ခုကို ထိန်းချုပ်ပြီးနောက် တာလီဘန်တို့အား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

ချာဒါရာခရိုင်သည် ကွန်ဒုဇ်ပြည်နယ်အလယ်ပိုင်းမှ ကီလိုမီတာအနည်းငယ်သာကွာဝေးပြီး မြို့တော်ကဘူးလ်သို့သွားရောက်ရာ အဓိကလမ်းမကြီးရှိသည့် နေရာဖြစ်သည်။

ချာဒါရာခရိုင်ရှိ ရဲစခန်းကို စစ်သွေးကြွများက သိမ်းပိုက်ထားကြောင်း တာလီဘန်ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်။ ထိုအတောအတွင်း အဆိုပါပြည်နယ်အစိုးရက အခြားခရိုင်တစ်ခုကို ပြန်လည်ရယူနိုင်ခဲ့ပြီး ဘက်ဒါခမ်းပြည်နယ်ရှိ ယွန်ဂန်းမြို့ကို တာလီဘန်တို့လက်မှ ပြန်လည်ရယူနိုင်ခဲ့သည်ဟု ဆိုသည်။

နာရီအတန်ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် တပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိကာ ယင်းခရိုင်မှာ တာလီဘန်တို့လက်အောက်ကိုရောက်ခဲ့ကြောင်း မြို့နယ်တာဝန်ရှိသူ မိုဟာမက်ယူဆွပ်အာဘီက ပြောသည်။ တာလီဘန်တို့ အဆိုပါဒေသသို့ ဝင်ရောက်လာပြီးနောက် ပြီးခဲ့သည့်လက ထောင်ပေါင်းများစွာသော ပြည်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်ဟု ဆိုသည်။

**(ရိုက်တာ)**



# ၂၀၁၂ ခုနှစ် နောက်ပိုင်း အစ္စရေးဆိုင်ရာသံအမတ် အီဂျစ်ခန့်အပ်



**ကိုင်ရို ဇွန် ၂၂**

အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတက်အယ်လ်စီစီသည် ၂၀၁၂ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အစ္စရေးဆိုင်ရာသံအမတ်ကို တနင်္ဂနွေနေ့က ရွေးချယ်ခန့်အပ်လိုက်သည်။

စီစီက အတက်ဆလမ်းနေရာတွင်ဆက်ခံရန် ဟာဇမ်ကိုရက်အား ခန့်အပ်တာဝန်ပေးလိုက်သည်။ အီဂျစ်က ၂၀၁၂ ခုနှစ်နှောင်းပိုင်းတွင် ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့ ထိုးစစ်ဆင်တိုက်ခိုက် ပြီးနောက် သံအမတ်ကို ပြန်လည်ခေါ်ယူခဲ့သည်။ ထိုအတောအတွင်း ဆလမ်းကို ကျူးဘားဆိုင်ရာ သံအမတ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

စီစီက တနင်္ဂနွေနေ့တွင် ဝါရှင်တန်ဆိုင်ရာသံအမတ်အဖြစ် ရာဆာရေဒါအပါအဝင် သံအမတ်အများအပြား အပြောင်းအလဲပြုလုပ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာဒါအဗ္ဗဒယ်အက်တီက ပြောသည်။ အီဂျစ်သမ္မတစီစီသည် ပါလက်စတိုင်း ၂၂၀၀ နီးပါး သေဆုံးခဲ့ရသည့် အစ္စရေးရက် ၅၀ ထိုးစစ်ကို ကြားဝင်စေ့စပ်ပေးခဲ့သူဖြစ်သည်။

**(ဆင်ဟွာ)**

# တောင်ကိုရီးယား၌ မားစ်ရောဂါဖြစ်ပွားမှုကြောင့် နှစ်ဦးသေဆုံး

**ဆိုးလ် ဇွန် ၂၂**

တောင်ကိုရီးယားနိုင်ငံတွင် အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (မားစ်)ဖြစ်ပွားမှုကြောင့် တနင်္လာနေ့က လူနှစ်ဦးသေဆုံးခဲ့ရာ ရောဂါကူးစက်ခံရသူ ၁၇၂ ဦးရှိပြီး သေဆုံးသူ ၂၇ ဦးအထိ ရှိလာသည်ဟု ဆိုသည်။

အသစ်ဖြစ်ပွားသူ သုံးဦးတွင် ၁၇၁ ဦးမြောက် ရောဂါဖြစ်ပွားသူ လူနာပါဝင်ကြောင်း၊ ၎င်းသည် ရောဂါကူးစက်မှုနှစ်ပတ်အတွင်း ၁၀ ရက်ခန့်တွင် ရောဂါရှိသည်ကို တွေ့ရှိခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အသက် ၆၀ အရွယ် အဆိုပါအမျိုးသမီးသည် မေ ၂၉ ရက်က ဆိုးလ်မြို့ရှိ ဆမ်ဆောင်းဆေးရုံ အရေးပေါ်ကုသရေးခန်းသို့ သွားရောက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ ရောဂါဖြစ်ပွားမှုခုနစ်ဦးကျော်မှာ ရောဂါကူးစက်ခံရပြီးနောက် ကျန်းမာရေးကောင်းမွန်လာပြီဖြစ်၍ ဆေးရုံမှ ဆင်းသွားခဲ့သည်။ ဆေးရုံမှဆင်းရသူပေါင်း ၅၀ အထိ ရှိသွားပြီဖြစ်သည်။

လွန်ခဲ့သော ရက်များအတွင်း ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းသွားပြီဖြစ်ရာ အကန့်အသတ်ဖြင့် နေထိုင်သူဦးရေသည် တနင်္ဂနွေနေ့က ၄၀၃၅ ဦးရှိရာ တနင်္လာနေ့တွင် ၃၈၃၃ ဦးခန့် ကျဆင်းသွားခဲ့သည်။ **(ဆင်ဟွာ)**

# သေဒဏ်ချမှတ်ခံရသည့် ပြင်သစ်နိုင်ငံသား၏အယူခံမှု အင်ဒိုနီးရှားတရားရုံးကပယ်ချ

**ဂျကာတာ ဇွန် ၂၂**

အင်ဒိုနီးရှားတရားရုံးတစ်ရုံးက မူးယစ်ဆေးဝါးအမှုများနှင့်ပတ်သက်ပြီး သေဒဏ်ချမှတ်ထားခြင်းခံရသည့် ပြင်သစ်နိုင်ငံသား၏အယူခံမှုကို ပယ်ချလိုက်သည်။

မူးယစ်တရားခံ ဆာဂျီအတ်လောက်ဝီအပေါ်ချမှတ်ထားသော ပြစ်ဒဏ်အပေါ် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုပင် တတ်နိုင်လိမ့်မည် မဟုတ်ကြောင်း အဆိုပါတရားရုံးကပြောသည်။ အတ်လောက်ဝီသည် ဧပြီလအတွင်းက မူးယစ်ဆေးဝါးမှုဖြင့် သေဒဏ်ချမှတ်ခံရပြီးနောက် အယူခံရန်ကြိုးစားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏တင်းကျပ်သော မူးယစ်ဆေးဝါးမှောင်ခိုမှု ပြစ်ဒဏ်အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက ပြင်းထန်စွာ ဝေဖန်ပြောကြားလျက်ရှိသည်။

အဆိုပါ မူးယစ်ဆေးဝါးတရားခံ၏ အယူခံမှုကိုပယ်ချကြောင်း၊ သို့ရာတွင် ၎င်း၏ရှေ့နေများအနေဖြင့် ဆက်လက်အယူခံရန် သန္နိဋ္ဌာန်ချထားခဲ့ကြောင်း အင်ဒိုနီးရှားရှေ့နေချုပ်ရုံးက ပြောသည်။ သို့ရာတွင် ၎င်းတရားခံအား သေဒဏ်ချမှတ်မည့်နေ့ကို မသတ်မှတ်ရသေးဟုဆိုသည်။ အတ်လောက်ဝီသည် ဘန်တန်းပြည်နယ်နေအိမ်၌ ဂျကာတာရဲက စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်တွေ့ရှိမှုဖြင့် ဖမ်းဆီးရခြင်းဖြစ်သည်။ ၎င်းသည် ကလေးလေးဦး၏ ဖခင်ဖြစ်သည်ဟု ဆိုသည်။

**(ရိုက်တာ)**



# စိတ်ဓာတ်ကောင်းမွန်ပြီး အချိန်ကိုအကျိုးရှိရှိ အသုံးချနိုင်မှသာ နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်မည်



**နေပြည်တော် ဇွန် ၂၂**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇွန် ၂၁ ရက် နံနက်ပိုင်းက ဖြူးမြို့ သပြေတန်းကျောင်းတိုက်၌ နိုင်ငံတော်မှချီးမြှင့်သည့် သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် ဖြူးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆက်ကပ်လှူဒါန်း ပူဇော်ပြီးသာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်များ၏ ဩဝါဒများကို နာယူခဲ့သည်။

ထို့နောက် ဖြူးမြို့နယ်ခန်းမဖွင့်ပွဲနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြူးမြို့နယ်မှ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်၊ မြို့မိမြို့ဖ ဦးအင်းရှောက်နှင့် ဆရာကြီးဦးထွန်းရှိန်တို့က မြို့နယ်ခန်းမသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြို့နယ်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး **(အပေါ်ယာပုံ)** ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဖြူးမြို့နယ်ခန်းမနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြို့နယ်ခန်းမ ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိထံ လွှဲပြောင်းအပ်နှံသည်။

ယင်းနောက် ဖြူးမြို့နယ်အတွင်းရှိ ဘက်စုံထူးချွန် လူရည်ချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ဖြူးမြို့နယ်ခုတင် ၁၀၀ ဆေးရုံကြီးကြပ်မှုကော်မတီအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ဖြူးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့အား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများ၊ မြို့နယ်အတွင်းရှိ ကျောင်းအားလုံးတို့မှ ကျောင်းအုပ်ဆရာ ဆရာမကြီးများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးနှင့် အောင်ချက်အကောင်းဆုံး ပထမရရှိသည့် ကညွတ်ကွင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီးတို့က ကျေးဇူးတင်စကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူးက အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းသည်။

ဆက်လက်၍ ဖြူးမြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကိုမြို့မိမြို့ဖတစ်ဦးနှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဖြူးမြို့၌ မြို့ကျက်သရေဆောင်ခန်းမကြီး ပေါ်ထွက်လာခြင်းမှာ တိုင်းဒေသကြီးအစိုးရနှင့် စေတနာရှင် အလှူရှင်များ၏လှူဒါန်းမှုကြောင့် ဖြစ်ပါကြောင်း၊ ယခုခန်းမကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျပါကြောင်း၊ သို့ဖြစ်၍ ဖြူးမြို့သူမြို့နယ်သားများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရန်မှာ ပညာရေးကောင်းမွန်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးကို အလေးထားသင်ကြားရန် လိုအပ်ပြီး ပညာသင်ကြားရာတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းမွန်ရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးနေပါကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် စာသင်ကျောင်းသို့ မပို့နိုင်သည့် ကျောင်းနေအရွယ်ကလေးများကို ရပ်ကွက်၊ ကျေးရွာများနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက လူမှုရေးစိတ်ဓာတ်ဖြင့် စာသင်ကျောင်းများသို့ ပို့ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများကလည်း စေတနာထား၍ ကျောင်းသားကျောင်းသူများကို စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သော ပညာရည်ထူးချွန်သူများ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးရမည် ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်အတွက် အားကိုးအားထားရသည့်လူငယ်များ ပေါ်ထွက်လာမည် ဖြစ်ပါကြောင်း၊ စိတ်ဓာတ်ကောင်းမွန်ပြီး အချိန်ကို အကျိုးရှိရှိ အသုံးချ နိုင်မှသာ မိမိဒေသအတွက် သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုနိုင်မည် ဖြစ်သည့်အတွက် ကြိုးစားဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ညောင်ပင်သာ-ကညင်ဒိုင်းကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်း အဆင့်မြှင့်တင်ထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကညင်ဒိုင်းကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကာ ကျောင်းအတွက် ထောက်ပံ့ငွေနှင့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဖြူး-ဘန်းလောင်လမ်းကိုကြည့်ရှုပြီး သာယာကုန်းကျေးရွာမှ ဒေသခံပြည်သူများက လျှပ်စစ်မီးလင်းရေးနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဇေယျဝတီမြို့ နန္ဒဂီရိ ဈေးကျောင်းတိုက်၌ ဒေသခံပြည်သူများအား တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေနှင့်ဆက်စပ်ဥပဒေများ ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းစည်းဝေး



**နေပြည်တော် ဇွန် ၂၂**

အမျိုးသားပညာရေး ဥပဒေနှင့် ဆက်စပ်ဥပဒေများ ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီတို့ တက်ရောက်မှာကြားပြီး ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊စက်မှုဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနတို့ အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့နှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းမှ ပညာရှင်များ၊ အကြံပေးများ၊ ပါမောက္ခချုပ်များ၊ ဥပဒေပညာဌာနများမှ ပါမောက္ခများနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပုဂ္ဂလိက ပညာရေးဥပဒေ(မူကြမ်း)၊ အခြေခံပညာရေးဥပဒေ (မူကြမ်း)နှင့် နည်းပညာနှင့်သက်မွေးပညာရေး ဥပဒေ (မူကြမ်း)တို့ကို အခန်းလိုက် အသေးစိတ်ဆွေးနွေး ညှိနှိုင်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ် နှစ်ကြိမ်ရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့ မိုးအသင့်အတင့်ရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**

# သတင်းစာဖတ်ပရိသတ်များ သိသာနိုင်ပါရန်

အမြို့မြို့အနယ်နယ်မှကိုယ်စားလှယ်ကြီးများထံသို့ မြန်မာ့အလင်းသတင်းစာအား တစ်စောင်လျှင် ငွေကျပ် ၅၀ ဖြင့် နေ့စဉ်ဖြန့်ချိပေးလျက် ရှိပါသည်။ ကိုယ်စားလှယ်ကြီးများအနေဖြင့် သင့်တင့်သော ဝန်ဆောင်ခရယူ၍ မိဘပြည်သူသတင်းစာဖတ်ပရိသတ်များထံသို့ ၎င်းတို့မြို့နယ် ဒေသအလိုက် နေ့စဉ်ဖြန့်ချိပေးလျက်ရှိရာ လက်ရှိလပေးရယူနေသော နှုန်းထားအတိုင်း ဈေးနှုန်းမပြောင်းလဲဘဲ နေ့စဉ်ပေးပို့သွားမည်ဖြစ်ပါသည်။ အကယ်၍ မူလတောင်းခံနေသည့် ဈေးနှုန်းထက် ပိုမိုတောင်းခံခြင်းများရှိပါက မြန်မာ့အလင်းသတင်းစာတိုက် ဖုန်း-၀၁-၅၄၄၃၁၇ သို့ ဆက်သွယ် အသိပေးအကြောင်းကြားနိုင်ပါသည်။

**(မြန်မာ့အလင်းသတင်းစာတိုက်)**

# မိုးသက်လေပြင်းကျပြီးလှိုင်းကြီးမည်

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# အရွေးမတူသော်လည်း အတွေးတူညီစွာဖြင့် မဲပေးကြပါစို့

**တက္ကသိုလ်ပွင့်သူအောင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၅ ခုနှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။ ယင်းရွေးကောက်ပွဲကြီးကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလပထမပတ်အတွင်းကျင်းပရန် သက်ဆိုင်ရာကလည်း ကြေညာထားသည်။ ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများက မိမိတို့အားလုံးကိုယ်စား နိုင်ငံတော်အချုပ်အခြာအာဏာသုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များအား မိမိတို့၏လွတ်လပ်သောဆန္ဒများနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ကြသည့် ဒီမိုကရေစီကျင့်စဉ်တစ်ခုပင်ဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ Demo Critia ဟူသော လက်တင်ဘာသာစကားဖြစ်၍ Demo ၏ အဓိပ္ပာယ်မှာ အများပြည်သူဖြစ်ပြီး Critia ၏ အဓိပ္ပာယ်မှာ အုပ်ချုပ်ခြင်းဖြစ်သည်။ အမေရိကန်သမ္မတအီဗရာဟင်လင်ကွန်းက ဒီမိုကရေစီ၏အဓိပ္ပာယ်ကို Government of the people, by the people, for the people ပြည်သူ့အတွက် ပြည်သူရွေးသောပြည်သူ့အစိုးရဖြင့် အုပ်ချုပ်ခြင်းဟူ၍ ဖွင့်ဆိုခဲ့သည်။

ထို့ကြောင့်ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများက မိမိတို့အားကိုယ်စားပြု၍ မိမိတို့နိုင်ငံ၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကိုထမ်းဆောင်ကြမည့် ပြည်သူ့ကိုယ်စားလှယ်လူတော်လူကောင်းများအား ရွေးချယ်ကြခြင်းဖြစ်သောကြောင့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်မည့်နိုင်ငံတိုင်း၌ အထူးအလေးထား အမွန်အမြတ်ပြုကြသည်။ ရွေးကောက်ပွဲကို အနှစ်သာရရှိရှိ အေးအေးချမ်းချမ်းအောင်အောင်မြင်မြင် ကျင်းပနိုင်ရေးသည် နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ထောင်လိုသူ လုပ်သားပြည်သူတိုင်း၏ တူညီသည့် ဆန္ဒပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၇)၌ "နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်" ဟူ၍ ပြဋ္ဌာန်းခဲ့သည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ ဒီမိုကရေစီကို အမှန်တကယ်စစ်မှန်စေရန် စည်းကမ်းပြည့်ဝရမည်ဖြစ်ပြီး တရားမျှတခြင်း (Justified)၊ လွတ်လပ်ခြင်း (Liberty)၊ ညီမျှခြင်း (Equality) ဟူသော စကားရပ်အတိုင်း နိုင်ငံသားတိုင်းအတွက် စည်းကမ်းပြည့်ဝမှုကို အရေးကြီးအလေးထားရမည်ကို အလေးနက်ဖော်ပြထားသည်။

မကြာခင်ကျင်းပမည့် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲသည် အထူးအရေးကြီးသော ရွေးကောက်ပွဲတစ်ရပ်နှင့်အလွန် အရေးကြီးသော နိုင်ငံရေးအချိုးအကွေ့တစ်ခုဖြစ်လာမည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူများသာမက ပြည်သူအားလုံးကပါ သုံးသပ်ကြသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြည့်စုံမှန်ကန်သောမဲစာရင်းရရှိရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(ကော်မရှင်)နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြေညာပြီးနောက် မဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ (ရပ်ကျေးကော်ခွဲ)အသီးသီးက ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။ ထိုအခါ မဲဆန္ဒရှင်များအနေဖြင့် ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဖြည့်စွက်၊ ပြင်ဆင်၊ ကန့်ကွက်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယင်းကဲ့သို့ကြေညာသည့်အခါတွင် ပြည့်စုံမှန်ကန်သော မဲစာရင်းများဖြစ်စေရေးအတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစ၍ အခြေခံမဲဆန္ဒရှင်စာရင်း ကွန်ပျူတာသွင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အသီးသီး၌ အဆင့်လေးဆင့်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ကော်မရှင်သည် ပြည်သူများရွေးကောက်ပွဲအပေါ် ပိုမိုစိတ်ဝင်စားလာစေရန်နှင့် မဲပေးလိုသော ဆန္ဒများ ဖြစ်ပေါ်လာပြီး မဲစာရင်းများထုတ်ပြန်ကြေညာသည့်အခါ ကြည့်ရှုသင့်ကြောင်း၊ လက်ခံလာစေရန်တို့အတွက် မဲဆန္ဒရှင် ပညာပေးလုပ်ငန်းစဉ် (Voter Education) ကို မီဒီယာပေါင်းစုံမှ ထုတ်လွှင့်ရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုမျှသာမက အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့်မီဒီယာများ၏ ပူးပေါင်းပါဝင်ကူညီမှုရရှိရန်ကိုပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့နောက် ကော်မရှင်သည် ပြုစုရရှိသော မဲစာရင်းများကို လေးကြိမ်ခွဲ၍ ထုတ်ပြန်ကြေညာပေးရန် စီစဉ်ထားသည့်အလျောက် ပထမအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ် ၁၀ မြို့နယ်တွင် ၂၀၁၅ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၂ ရက်နေ့အထိ ၁၄ ရက်တိုင်တိုင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထား ကြေညာပေးခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် မေလ ၂၅ ရက်နေ့မှ ဇွန်လ ၇ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး ၁၄ မြို့နယ် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ထန်းတပင်နှင့် နေပြည်တော်ကောင်စီနယ်မြေရှစ်မြို့နယ် (တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ)တို့တွင် အခြေခံမဲဆန္ဒရှင် စာရင်းများကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်ခွဲရုံးများ၌ ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။ တတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဇွန်လ ၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကယား၊ ကရင်၊ ချင်း၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အားလုံး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ယင်းမာပင်နှင့် တမူးခရိုင်များ၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်နှင့် မြိတ်ခရိုင်၊ ပဲခူးတိုင်းဒေသကြီးမှ ပဲခူးခရိုင်၊ မန္တလေးတိုင်းဒေသကြီးမှ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်နှင့် မြင်းခြံခရိုင်များ၊ ရှမ်းပြည်နယ်မှ တောင်ကြီး၊ လွိုင်လင်၊ လင်းခေးခရိုင်များ၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ကပ်ထား ကြေညာထားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပြီးတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် အသက် ၁၈ နှစ်ပြည့်ပြီး အရွယ်ရောက်ပြီးသူများအနေဖြင့် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ကာ မိမိ၏ အမည်စာရင်း ပါ၊ မပါ သတ်မှတ်ရက်အတွင်း ကြိုတင်သွားရောက်ကြည့်ရှုထားရမည်ဖြစ်သည်။ အကယ်၍ မိမိ၏ အမည်မပါလျှင် ပုံစံ(၃)ဖြင့် လည်းကောင်း၊ အချက်အလက်များမှားနေလျှင် ပုံစံ(၄-က)ဖြင့် လည်းကောင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ဖြစ်ပါက ပုံစံ(၄)ဖြင့်လည်းကောင်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ပင် လျှောက်ထားရမည်ဖြစ်သည်။ ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့အမြဲနေထိုင်သည့် အိမ်ထောင်စုစာရင်းလဝကပုံစံ (၆၆/၆)ရှိသော မြို့နယ်မှ မဲစာရင်း၌သာ ပါဝင်မည်ဖြစ်သည်။ အချို့မြို့နယ်များတွင် မဲဆန္ဒရှင် စာရင်းထုတ်ပြန် ကြေညာပြီးသည်နှင့်တစ်ပြိုင်နက် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၊ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ (CSO) ပူးပေါင်းကာ မဲဆန္ဒရှင်များအား ရွေးကောက်ပွဲဆိုင်ရာ ပညာပေးအစီအစဉ်များ၊ ရွေးကောက်ပွဲနှင့်ပတ်သက်သော လှုံ့ဆော်ပညာပေးဗီနိုင်း ပိုစတာများကို ချိတ်ဆွဲခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။ အထူးသဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံ တကာကလည်း စောင့်ကြည့်လျက်ရှိသည်။

**ရွေးကောက်ပွဲကို အနှစ်သာရရှိရှိ အေးအေးချမ်းချမ်းအောင်အောင်မြင်မြင် ကျင်းပနိုင်ရေးသည် နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ထောင်လိုသူ လုပ်သားပြည်သူတိုင်း၏ တူညီသည့် ဆန္ဒပင်ဖြစ်သည်. . .**

အထူးသဖြင့် မဲဆန္ဒပေးခြင်းသည် နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့်ဖြစ်သည်။ ထိုမျှသာမကသေး နိုင်ငံသားတစ်ဦး၏ အခြေခံတာဝန်တစ်ရပ်လည်းဖြစ်သည်။ ပြည်သူတိုင်း မိမိယုံကြည်ရာ မိမိနှစ်သက်ရာပါတီနှင့် ပုဂ္ဂိုလ်တို့ကို လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိသကဲ့သို့ ဆန္ဒပြုရွေးချယ်တင်မြှောက်ပေးရန် ကိုယ်စီကိုယ်စီ တာဝန်အသီးသီးရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အညီ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ (Free and Fair Election) ဖြစ်စေရန်၊ အဘက်ဘက်က စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် လာမည့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးအတွက် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများ (Stakeholder) အားလုံးပူးပေါင်းပါဝင်ကူညီကြရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့်နှင့် အခြေခံတာဝန်တစ်ရပ်ဖြစ်သော မဲဆန္ဒပေးရန် စိတ်ပိုင်းဖြတ်ပြီး မဲဆန္ဒရှင်များအနေဖြင့် မိမိတို့ရရှိထားသည့် အခွင့်အရေးကို လက်လွှတ်မဆုံးရှုံးစေရန် မိမိအမည် မဲစာရင်း၌ ကျိန်းသေပါဝင်စေရန် ကြိုတင်ကြေညာမည့် အခြေခံမဲ ဆန္ဒရှင်စာရင်းများကို သွားရောက်ကြည့်ရှုရမည်ဖြစ်သည်။ ထို့အတူ နိုင်ငံရေးပါတီများကလည်း မိမိတို့၏ မဲဆန္ဒရှင်များ မဲစာရင်း၌ ပါဝင်စေရေးအတွက် မဲစာရင်းများ ကြည့်ရှုစေရန် စည်းရုံးနှိုးဆော်ခြင်း၊ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာကြည့်ရှုပေးခြင်း၊ ပုံစံ (၃)၊ ပုံစံ (၄-က)၊ ပုံစံ (၄) များ ဆောင်ရွက်ပေးရန် လိုအပ်လာပါက ကူညီဖြည့်သွင်းပေးခြင်း စသည်ဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ထို့အပြင် ပြီးပြည့်စုံသော မဲဆန္ဒရှင် စာရင်း အမှန်အကန်ရရှိစေရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာများကို ပြည်သူများအကြား ကျယ်ပြန့်စွာ သိရှိနိုင်စေရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) များ၏ ပူးပေါင်းပါဝင်ကူညီမှုမှာလည်း ထိရောက်လှသည်။

အထူးသဖြင့် လက်ရှိအစိုးရသက်တမ်းမကုန်ခင်ရက်ပေါင်း ၉၀ အတွင်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ၂၀၁၅ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီများ တတိယအကြိမ် တွေ့ဆုံပွဲကျင်းပခဲ့ရာ ယင်းတွေ့ဆုံဆွေးနွေးပွဲ ဒုတိယပိုင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ဦးဆောင်ပြုလုပ်ခဲ့သည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက "ရွေးကောက်ပွဲမှာ လူတော်လူကောင်းတွေ ရွေးကြပါ။ လူတော်လူကောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်ကြီးဟာ အနာဂတ် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်လာမှာ အမှန်ပါပဲ" စသည်ဖြင့် ပြောကြားခဲ့သည်။ ထို့ကြောင့် မဲဆန္ဒရှင်များအနေဖြင့် မိမိယုံကြည်ရာ၊ မိမိနှစ်သက်ရာ ပါတီနှင့်ပုဂ္ဂိုလ်တို့ကို လွတ်လွတ်လပ်လပ်ရွေးချယ်ကြသည်ဖြစ်၍ မဲဆန္ဒရှင်များ၏ ရွေးချယ်မှုမှာ မတူညီကြသော်လည်း နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့်နှင့် အခြေခံတာဝန်ဖြစ်သော ဆန္ဒမဲပေးခြင်းသည် တူညီသောအတွေးဖြစ်ပါသောကြောင့် မကြာခင်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်အရွေးမတူသော်လည်း အတွေးတူညီစွာဖြင့် ဆန္ဒမဲပေးကြပါစို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

## တန့်ယန်းမြို့ အထက (၂) တွင် ကျောင်းကျန်းမာရေးစစ်ဆေး

**တန့်ယန်း ဇွန် ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို အမြဲစစ်ဆေးပေးလျက်ရှိရာ ဇွန် ၁၉ ရက်က အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ပေးသည်။

အဆိုပါ ကျောင်းကျန်းမာရေးစစ်ဆေးမှုကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်ဦးနှင့် ဆရာဝန်များ၊ ကျန်းမာရေးမှူးများ၊ သူနာပြုများက ကျောင်းသား ကျောင်းသူများကို တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းရီနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**မင်းလွင်ဦး(iprd)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၂**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်၏ **မူဆယ်မြို့ တော်ရွက်ရပ်ကွက် ဟိုဆောင်နယ်မြေတွင် နယ်စပ်ဝင်ထွက်ပေါက်ဂိတ်တစ်ခု ထပ်မံဖွင့်လှစ်ပေးနိုင်ရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက အဆိုပါနယ်စပ်ဂိတ်ဖွင့်လှစ်လိုသည့် နယ်နိမိတ်မှတ်တိုင် အမှတ် ၈၂ နှင့် ၈၃ အကြား ဟိုဆောင်နယ်မြေတွင် နယ်စပ်ဝင်ပေါက်တစ်ခု ထပ်မံဖွင့်လှစ်ပေးရန်ကိစ္စသည် ကုန်သွယ်မှုကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍများအပါအဝင် အကျိုးရရှိနိုင်သည့် ကိစ္စရပ်ဖြစ်၍ ဆောင်ရွက်သင့်သော်လည်း နယ်နိမိတ်ညှိနှိုင်းရေးကိစ္စမှာ သဘောတူညီမှု မရရှိသေးသဖြင့် နိုင်ငံရေး၊ ကာကွယ်ရေးကဏ္ဍဆိုင်ရာ အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည့်အတွက် နယ်နိမိတ်ညှိနှိုင်းရေးကိစ္စအား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ ပြီးပြတ်အောင် ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီချက်ရရှိပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြင့် ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဖြေကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းနှစ်ခုနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြန်လည်ဖြေကြားသည်။

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလမ်း၏ **ချင်းပြည်နယ် ထန်တလန်မြို့ရှိ တလန်ရွာ(က) ရွာအတွက် ကတိပြုထားသော ရွာချင်းဆက်လမ်း (၁၂)မိုင်အား မည်သို့ဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ထန်တလန်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၁၀၅၈ ဒသမ ၂၄၅ သန်းဖြင့် မြေသားလမ်း (၅၈) မိုင်ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ တလန်ရွာ(က)-လအောင်ချောင်းလမ်း(၄)မိုင်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ၌ ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်၏ **သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စုမှ ရသေ့တောင်ကျေးရွာသို့ ရွာချင်းဆက်လမ်းကတ္တရာလမ်းခင်းရန်နှင့် စက်စဲကျေးရွာမှ ကမ်းနားလမ်း ကျိုက္ခမီသို့ ရွာချင်းဆက်လမ်းအား အသစ်တဖန် ပြန်လည်တည်ဆောက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ သံဖြူဇရပ်မြို့နယ်အတွင်းရှိ အဆိုပါလမ်းနှစ်လမ်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားခြင်း မရှိသည့်အတွက် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။



သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးသိန်းအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက **ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ ဥပဒေအလိုက် အစီရင်ခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းများကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အက်မက်စ်ပါဝင်မှုကဏ္ဍ မြှင့်တင်နိုင်ရန် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ပါဝင်ဖွဲ့စည်းထားသည့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အက်မက်စ်စီးပွားရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းက နေပြည်တော် Kempinski ဟိုတယ်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**




ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် အက်မက်စ်စီးပွားရေး ဖိုရမ်သည် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာစေရန် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု မှတ်တိုင်တစ်ခုအဖြစ် ကိုယ်စားပြုပါကြောင်း၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့အတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍဖြစ်သည်ကိုလည်း ငြင်း၍မရပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျော့ကျစေရေးနှင့် အက်မက်စ်အဖွဲ့ ပိုမိုတောင့်တင်း ခိုင်မာရေးအတွက် နည်းလမ်းများကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အက်မက်စ်ပါဝင်မှုကဏ္ဍကို ပိုမိုမြှင့်တင်နိုင်စေရန် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးမိုးမြင့်ကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ၂၀၁၆-၂၀၁၈ အက်မက်စ်လုပ်ငန်းစီမံချက် မဟာဗျူဟာအပေါ် အက်မက်စ်စီးပွားရေးကောင်စီ၏ အကြံပြုတင်ပြချက်များကို အက်မက်စ်စီးပွားရေးကောင်စီ (မြန်မာ) အထွေထွေအတွင်းရေးမှူး၊ (UMF-CCI) ဗဟိုအလုပ်အမှုဆောင် ဦးမိုးကျော်က ရှင်းလင်းဆွေးနွေးသည်။

အက်မက်စ်စီးပွားရေးဖိုရမ်တွင် ၂၀၁၆-၂၀၁၈ ခုနှစ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေး၊ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးပြုကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးမိတ်ဖက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးစသည့်ကဏ္ဍများကို အက်မက်စ်ငါးနိုင်ငံမှ ကိုယ်စားပြုတက်ရောက်လာသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြသည်။

အိမ်နီးချင်း နိုင်ငံများအကြား ကုန်သွယ်မှု ပိုမိုလျင်မြန်စွာ စီးဆင်းနိုင်ရန်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်နိုင်ရေး တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် အဆိုပါဆွေးနွေး တင်ပြချက်များကို ဇွန် ၂၃ ရက်တွင် ကျင်းပမည့် အက်မက်စ်ထိပ်သီး အစည်းအဝေး၌ အဖွဲ့ဝင်ငါးနိုင်ငံမှ ကိုယ်စားပြုတက်ရောက်လာကြသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံ၍ တင်ပြသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာ-ထိုင်း စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးမိုးမြင့်ကျော် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်း-မြန်မာ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Panitarn Pavarolavidya ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမူဘောင်၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းနယ်ပယ်များ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် အက်မက်စ်စီးပွားရေးဖိုရမ်သည် ၂၀၁၃ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သော အက်မက်စ် စီးပွားရေးဖိုရမ်တွင် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Plan of Action ၂၀၁၃-၂၀၁၅ နှင့်ပတ်သက်၍ အကျိုးသက်ရောက်မှုများအား ပြန်လည်သုံးသပ်ဆွေးနွေးပြီး Plan of Action ၂၀၁၆ - ၂၀၁၈ ကို ချမှတ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ဖိုရမ်ကျင်းပစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖိုရမ်သို့ တက်ရောက်လာကြသည့် အက်မက်စ်အဖွဲ့ဝင်ငါးနိုင်ငံမှ စီးပွားရေးအသင်းအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး မြန်မာနှင့် အက်မက်စ်နိုင်ငံများအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အလားအလာများနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများအား ပူးပေါင်းဖြေရှင်းသွားနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# မိတ္ထီလာ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အခြေခံမဲဆန္ဒရှင်များ အမည်စာရင်းကြေညာ

**မိတ္ထီလာ ဇွန် ၂၂**

မိတ္ထီလာတွင် ရပ်ကွက် ၁၄ ရက်ကွက်၊ ကျေးရွာအုပ်စု ၅၈ အုပ်စုရှိ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၊ ရပ်ကွက်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အခြေခံမဲဆန္ဒရှင် ၂၄၃၂၈၂ ဦး၏ အမည်စာရင်းများကို ဇွန် ၂၂ ရက် နံနက် ၆ နာရီက စတင်ထုတ်ပြန်ကြေညာထားပေးကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး(ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး) ၁၄ ခုတွင် ထုတ်ပြန်ကြေညာထားသည့် အခြေခံမဲဆန္ဒရှင်များ လာရောက်ကြည့်ရှုနေမှုနှင့် အခြေခံမဲဆန္ဒရှင်များ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာပေးထားမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို မှာကြားခဲ့သည်။

မိတ္ထီလာမြို့နယ်တွင် ထုတ်ပြန်ကြေညာသည့် အခြေခံမဲဆန္ဒရှင် ၂၄၃၂၈၂ ဦး အနက် မြို့ပေါ် ၁၄ ရက်ကွက် မှ ၈၉၀၀၀၊ ကျေးရွာအုပ်စု ၅၈ အုပ်စုရှိ ကျေးရွာပေါင်း ၃၇၉ ရွာမှ ၁၅၄၂၈၂ ဦး ပါဝင်သည်။ **ချမ်းသာ (မိတ္ထီလာ)**




★ ရှေ့ဖုံးမှ

လေးနိုင်ငံပါဝင်သည့် ဒေသခွဲအတွင်း လူမှုရေး၊ စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်သွားရန်၊ ဒေသခွဲအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြှင့်တင်သွားရန်ဟူသည့် ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းထားသည့် စီအယ်လ်အမ်ဗွီအဖွဲ့ကြီး၏ ပုံမှန်ထိပ်သီးအစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၇)ကြိမ်တိုင်ရှိခဲ့ပြီ ဖြစ်ပါကြောင်း။

ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုမြှင့်တင်ရန်နှင့် အာဆီယံအဖွဲ့အတွင်း ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ၂၀၀၄ ခုနှစ်တွင် စတင်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၂ နှစ်တာကာလသို့ ရောက်ရှိလာပြီ ဖြစ်ပါကြောင်း။

ယင်းချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုကို အရင်းခံပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အတွက်လည်း မိမိတို့လေးနိုင်ငံတွင် ပြီးခဲ့သည့် ၁၂ နှစ်အတွင်း အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပါကြောင်း။

၂၀၁၃ ခုနှစ်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၏ စုစုပေါင်း ကုန်သွယ်မှုသည် အာဆီယံ စုစုပေါင်းကုန်သွယ်မှု၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ်သည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ ညှိနှိုင်းမှုများနှင့် အာဆီယံ စီးပွားရေးအသိုက်အဝန်း ထူထောင်ရန် ပြင်ဆင်မှုလုပ်ငန်းများ အပြီးသတ်မည့်နှစ်ဖြစ်၍ စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများအနေဖြင့် AEC Blueprint နှင့်အညီ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် သက်ဆိုင်သည့် နယ်ပယ်အသီးသီးတွင် အလေးထား အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကတိကဝတ်များထားရှိခဲ့မှုအပေါ် များစွာကျေနပ်မိပါကြောင်း။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများသည့် မိမိတို့လေးနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရုံသာမက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေမည့် ကဏ္ဍများ ဖြစ်ကြပါကြောင်း။

**(၇)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။**

(သတင်းစဉ်)

မိမိတို့ လေးနိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍတွင် သဘောတူညီထားခဲ့ကြသည့် လေးနိုင်ငံ ခရီးစဉ်တစ်ခု အစီအစဉ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ညီအစ်မမြို့တော် သဘောတူညီချက်များ ခိုင်မာအောင် ဆောင်ရွက်ရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ပိုမိုခိုင်မာတိုးတက်အောင် ဆောင်ရွက်ရေးတို့သည် အရေးပါလှပါကြောင်း။

ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား အတူတကွ လက်တွဲဆောင်ရွက်သွားကြမည် ဆိုသည့် ခိုင်မာသည့် သန္နိဋ္ဌာန်ထားရှိမှုသည် မိမိတို့အားလုံးတွင် တည်ရှိနေကြပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အကြား ခိုင်မာစွာတည်ရှိထားသော ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် ဒေသ၏တိုးတက်မှုနှင့် မိမိတို့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားနိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း တို့ ဆွေးနွေးကြသည်။

ဆက်လက်၍ (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး ထုတ်ပြန်ကြေညာချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး ဆက်လက်ကျင်းပမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# အာဆီယံအသိုက်အဝန်း အောင်မြင်စွာထူထောင်နိုင်ရေး လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများအား ယနေ့ ည ၇ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ကျောက်စိမ်းခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့မှ အစိုးရအဖွဲ့အကြီးအကဲများ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာ၏ ဇနီး၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများအား နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ အဆွေတော်ဝန်ကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံးကို နေပြည်တော်က လှိုက်လှဲစွာကြိုဆိုပါကြောင်း။

မိမိတို့ တစ်နိုင်ငံချင်းအလိုက် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတာဝန် များပြားလှသည့်ကြားမှ နေပြည်တော်၌ ကျင်းပသည့် ထိပ်သီးအစည်းအဝေးများကို တက်ရောက်ကြသည့်အတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း။

ယင်းအချက်သည် အဆွေတော်တို့က မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးထားမှုနှင့် ထိပ်သီးအစည်းအဝေးများအပေါ် ထောက်ခံအားပေးမှုများကို ထင်ဟပ်ဖော်ပြနေခြင်းဖြစ်ပါကြောင်း။

ပြီးခဲ့သည့်နှစ်က အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခွင့်ရခဲ့ပြီး ယခုလို စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများ ကျင်းပခွင့်ရသည့်အတွက်လည်း များစွာဝမ်းမြောက်မှု ဖြစ်ရပါကြောင်း။

ယနေ့ နေ့လယ်ပိုင်းတွင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပူးတွဲကြေညာချက်တစ်ရပ်ကို အောင်မြင်စွာ ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

မနက်ဖြန် နံနက်ပိုင်းတွင် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ပြီး နေပြည်တော်ကြေညာချက်နှင့် ၂၀၁၆ - ၂၀၁၈ အက်မက်စ်လုပ်ငန်းအစီအစဉ်တို့ကို ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့ အားလုံးသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့်အတိုင်း ယခု မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများသည် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သကဲ့သို့ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် 




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)

လျော့နည်းလာကာ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အထောက်အကူဖြစ်စေမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ရေး၊ မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေးနှင့် အာဆီယံအသိုက်အဝန်း အောင်မြင်စွာ ထူထောင်နိုင်ရေးတို့အတွက် အဆွေတော်တို့နှင့်အတူ ဆက်လက်၍ လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီနှင့် (၆)ကြိမ်မြောက် အက်မက်စ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများကျင်းပ

**နေပြည်တော်   ဇွန်   ၂၂**

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးမှုနည်းပါးသည့် စီအယ်လ်အမ်ဗွီနိုင်ငံများအနေဖြင့် စိန်ခေါ်မှုများရှိသော်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ လူ့စွမ်းအားအရင်းအမြစ်နှင့် အခြားကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ရေအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ စီအယ်လ်အမ်ဗွီအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို ကြေညာချက်များထုတ်ပြန်သွားမည်ဖြစ်ပါကြောင်းဖြင့် အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေး၌ ထုတ်ပြန်မည့် ပူးတွဲကြေညာချက်မူကြမ်းကို ဆွေးနွေးခြင်း၊ စီအယ်လ်အမ်ဗွီ နိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။



ထို့နောက် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်က စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို တင်ပြခဲ့သည်။

ဆက်လက်၍ နံနက် ၁၀ နာရီခွဲတွင် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS)နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး အက်မက်စ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် အနာဂတ်ဦးတည်ချက်များကို အမြင်ချင်းဖလှယ်ကြကာ ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် နေပြည်တော်ကြေညာစာတမ်းနှင့် ဆက်လက်ဆောင်ရွက်မည့် အက်မက်စ်လုပ်ငန်းစဉ်(၂၀၁၆-၂၀၁၈)တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ အစည်းအဝေးများသို့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာနာဆက် ပရာတီမာ ပရာဂွန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ သောင်းလွန်ဆီစုလစ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လောင်ဗွိစလို၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဗွီသန်ဆွန်၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ကြွယ်ဝချမ်းသာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ကြဉ်းပေးမည့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေး

**(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက်အက်မက်စ် ထိပ်သီးအစည်းအဝေးအကြို နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ဇွန် ၂၂ ရက်က ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှုအလားအလာများနှင့်ပတ်သက်၍ မေးမြန်းခဲ့ပါသည်။**

**တွေ့ဆုံမေးမြန်း**
**အောင်ကျော်ကျော်၊**
**တင်လင်းအောင်၊**
**ဓာတ်ပုံ-ကျော်ထိုက်စိုး**



**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်**

သတင်းအဖွဲ့၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်က "ဒီနေ့မနက်က စီအယ်လ်အမ်ဗွီနဲ့ အက်မက်စ်ရဲ့ နိုင်ငံခြားရေးဝန်ကြီးအဆင့် ဆွေးနွေးခဲ့ရာမှာ ပူးတွဲကြေညာချက်ကို အတည်ပြုပြီး အက်မက်စ်မှာဆွေးနွေးမယ့် ကြေညာချက်နှစ်ခုကတော့ နေပြည်တော်ကြေညာချက်နဲ့ နောက်တစ်ခုကတော့ အက်မက်စ်ရဲ့ Plan of Action 2016-2018 ဖြစ်ပါတယ်။ ဒီနှစ်ခုကို ဝန်ကြီးအဆင့်ဆွေးနွေးပွဲမှာ သဘောတူညီကြတဲ့အတွက် မနက်ဖြန်မှာလုပ်မယ့် ထိပ်သီးအစည်းအဝေးပွဲမှာ အတည်ပြုဖို့ တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ နောင်လာမယ့် စီအယ်လ်အမ်ဗွီနဲ့ အက်မက်စ်ကို ဘယ်နိုင်ငံမှာ ကျင်းပမလဲဆိုတာ ဗီယက်နမ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ ထိပ်သီးဆွေးနွေးပွဲမှာ အတည်ပြုကြမှာဖြစ်ပါတယ်။

စီးပွားရေးနဲ့ ပတ်သက်ပြီး ၂၀၁၆-၂၀၁၈ ခုနှစ်အတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့ လုပ်ဆောင်ခဲ့ကြပါတယ်။ အက်မက်စ်ရဲ့ အောက်မှာ Sectoral group အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီအယ်လ်အမ်ဗွီက ဒေသတွင်းနိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒီနှစ်မှာ အာဆီယံအတွင်းရေးမှူးချုပ်လည်း တက်ရောက်ပြီး လိုအပ်တာတွေကို အာဆီယံနိုင်ငံတွေက ပံ့ပိုးပေးမှာဖြစ်ပါတယ်။ စီအယ်လ်အမ်ဗွီကို ကျင်းပခဲ့တာ ခုနစ်ကြိမ်ရှိပြီး အက်မက်စ်ကို ကျင်းပခဲ့တာ ခြောက်ကြိမ်ရှိပါပြီ။

အခုလာမည့် ထိပ်သီးအစည်းအဝေးပွဲမှာ လိုအပ်တာတွေကို ဖြည့်တင်းပြီး အကောင်အထည်ဖော်လုပ်ဆောင်ဖို့ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ ချစ်ကြည်ရင်းနှီးမှုနဲ့ အပြန်အလှန်လေးစားမှုကို အခြေခံပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။ အက်မက်စ်ရဲ့ ပထမအကြိမ် အစည်းအဝေးကို မြန်မာနိုင်ငံ ပုဂံမှာ ကျင်းပခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့အတွက် ပုဂံကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။

နှစ်စဉ်နှစ်တိုင်း ကြေညာချက်အပြင် Plan of Action ကိုပါ ထုတ်ပြန်ပါတယ်။ Plan of Action ကို Sectoral group ရှစ်ခုအလိုက် အကောင်အထည်ဖော်ကြပါတယ်။



**ဦးစံလွင်၊ ညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံခြားရေးရာဦးစီးဌာန**

Sector အလိုက် ကျွန်တော်တို့ working group ကို ဖွဲ့စည်းပြီးတော့ အကောင်အထည်ဖော်ပါတယ်။ အက်မက်စ်ကို ကျွန်တော်တို့နိုင်ငံမှာ ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့တာဖြစ်ပြီး အခုကျင်းပတဲ့ ခြောက်ကြိမ်မြောက် အစည်းအဝေးကို ပြန်လည်ကျင်းပခွင့်ရခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဆွေးနွေးပွဲမှာ ဘာတွေ လိုအပ်ခဲ့သလဲဆိုတာကို ပြန်လည်သုံးသပ်ပြီးနောက် အနာဂတ်မှာ ဘာတွေလုပ်ဆောင်ကြမလဲဆိုတာကို အိမ်ရှင်အနေနဲ့ လိုအပ်တဲ့အပိုင်းဖြည့်ပြီး ဆွေးနွေးကြခြင်းပဲဖြစ်ပါတယ်။ ဒီအစည်းအဝေးတွေကနေ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းမှု၊ ကြွယ်ဝမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကလည်း "(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနဲ့ (၆)ကြိမ်မြောက် အက်မက်စ် နိုင်ငံခြားရေးဝန်ကြီးများအဆင့်အစည်းအဝေးကို ကျင်းပနေတာဖြစ်ပါတယ်။ စီအယ်လ်အမ်ဗွီ အစည်းအဝေးမှာ ကဏ္ဍကြီး(၁၁)ရပ်ဖြစ်တဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ စက်မှုနဲ့စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးပြု ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးမိတ်ဖက်များ ဖွံ့ဖြိုးတိုးတက်လာ စေရေးနဲ့ ပတ်သက်ပြီး အလေးထားဆွေးနွေးတာပါ။ အလားတူပဲ အက်မက်စ် အစည်းအဝေးမှာလည်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍကြီးတွေဖြစ်တဲ့ East-West Corridor၊ Southern Corridor၊ Economic Connectivity ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ အသီးသီးရရှိမှုနဲ့ ဒီကဏ္ဍတွေမှာ စီအယ်လ်အမ်ဗွီနိုင်ငံတွေနဲ့ ဧရာဝတီ-ကျောက်ဖယား-မဲခေါင်မှာပါတဲ့ ငါးနိုင်ငံတွေက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ၊ စိုက်ပျိုးရေးကိုအခြေခံတဲ့ ကဏ္ဍတွေ၊ ခရီးသွားလာရေး လုပ်ငန်းတွေတိုင်းမှာ အားလုံးဒီထက်ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ကြတဲ့အခါ ဖွံ့ဖြိုးမှုတွေလိုအပ်ချက်တွေကျဉ်းမြောင်းအောင်လုပ်ပြီးတဲ့အခါမှာ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားကြမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

# စီအယ်လ်အမ်ဗွီနိုင်ငံများအကြား အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန်အကျိုးစီးပွားတိုးမြှင့်စေရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**

(၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍ ပူးတွဲကြေညာချက်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပူးတွဲကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ပူးတွဲကြေညာချက်

## (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး

*(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက် နေ့၊ နေပြည်တော်)*

၁။ ကျွန်ုပ်တို့ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ (နောင်တွင် စီအယ်လ်အမ်ဗွီဟုရည်ညွှန်းမည်)တို့၏ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများသည် မြန်မာနိုင်ငံ၊ နေပြည်တော်၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော (၇)ကြိမ် မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ကြပါသည်။ ထိပ်သီးအစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်လည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၂။ ကျွန်ုပ်တို့သည် ၂၀၁၃ ခုနှစ်အတွင်းက လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ကျင်းပခဲ့သည့် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် ယခင်ထိပ်သီးအစည်းအဝေးများ၌ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များနှင့် အစီအစဉ်သစ်များကို ပြန်ပြောင်းအသိအမှတ်ပြုလျက် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး၊ အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန်အကျိုးစီးပွားတိုးမြှင့်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အရှေ့တောင်အာရှဒေသအတွင်း ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှုရှိစေရန်အတွက် စီအယ်လ်အမ်ဗွီ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအား ပိုမိုခိုင်မာလာစေရေးဆောင်ရွက်သွားကြရန် ကတိအား ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

၃။ ကျွန်ုပ်တို့သည် ၂၀၁၅ ခုနှစ် အကုန်တွင် အာဆီယံအသိုက်အဝန်း တည်ထောင်ရန် ကြိုးပမ်းလျက်ရှိသော အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန် ရည်ရွယ်လျက် ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့က လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ကျင်းပပြုလုပ်ခဲ့သော (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေး၌ သဘောတူညီခဲ့ကြသည့် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ၂၀၀၄ ခုနှစ်အတွင်းက ထုတ်ပြန်ကြေညာခဲ့သည့် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ပေါင်းစည်းရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ဗီယင်ကျန်းကြေညာချက်နှင့် ၎င်း၏လုပ်ငန်းစီမံချက်အပေါ် မူတည်၍ အနာဂတ်စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်ရေးမျှော်မှန်းချက်များအပေါ်တွင်လည်း အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

၄။ ကျွန်ုပ်တို့အနေဖြင့် စီအယ်လ်အမ်ဗွီလုပ်ငန်းစီမံချက်အား အဖွဲ့ဝင်နိုင်ငံများမှ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အတားအဆီးများကို အသိအမှတ်ပြုခဲ့ကြပြီး လုပ်ငန်းစီမံကိန်းအတွင်း လိုအပ်သည့် ထိန်းညှိမှုများ ပြုလုပ်ရန်အတွက် သက်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြန်လည်သုံးသပ်ရန်နှင့် အကြံပေးချက်များတင်သွင်းရန် တာဝန်ပေးအပ်ခဲ့ကြပါသည်။

၅။ သို့ဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ စီအယ်လ်အမ်ဗွီစီးပွားရေးဝန်ကြီးများအား ၎င်းတို့၏ နှစ်စဉ်လုပ်ငန်းစီမံချက်အား ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းမှုများအပေါ် ချီးကျူးဂုဏ်ပြုခဲ့ကြပြီး မြန်မာနိုင်ငံ၊ နေပြည်တော်၌ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ရလဒ်များအပေါ် ကြိုဆိုခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ အစည်းအဝေးအစီရင်ခံစာကို သုံးသပ်ဆင်ခြင်ခဲ့ကာ အတည်ပြုပြီး ၂၀၁၅ ခုနှစ်၊ စီအယ်လ်အမ်ဗွီလုပ်ငန်းစီမံချက်နှင့် ရှေ့လာမည့်လုပ်ငန်းစီမံချက်များ ပိုမိုအကျိုးရှိရှိ ကောင်းမွန်စွာ အသုံးချနိုင်ရေးအတွက် ၎င်းတို့၏ အကြံပြုချက်များအား ထောက်ခံအတည်ပြုခဲ့ကြပါသည်။

၆။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတွင် ကျွန်ုပ်တို့အနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရေးအတွက် စီအယ်လ်အမ်ဗွီနိုင်ငံများအတွင်းနှင့် နိုင်ငံရပ်ခြားရှိ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဖွဲ့များအပါအဝင် စီအယ်လ်အမ်ဗွီအဖွဲ့ဝင် နှစ်နိုင်ငံအကြား၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြား တည်ရှိပြီး သဘောတူညီချက်များအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်သွားရေး ကတိကဝတ်များကို ထပ်လောင်းထုတ်ဖော်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ၂၀၁၅ ခု နှစ်ဆန်းပိုင်း၌ တရားဝင်ဖွင့်လှစ်ခဲ့သည့် လာအို-မြန်မာ ချစ်ကြည်ရေးတံတားအား အပြည့်အဝအသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် အားပေးတိုက်တွန်းသည်။

၇။ ကျွန်ုပ်တို့အနေဖြင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်းက အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ် ဒန်ဆာဗန်(လာအို)-လာအိုဗာအို (ဗီယက်နမ်)၌ တစ်ကြိမ်တည်း ပြီးစီးစစ်ဆေးရေးဝန်ဆောင်မှုကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို ချီးကျူးဂုဏ်ပြုခဲ့ကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် အဆိုပါတစ်ကြိမ်တည်းအပြီးအစီးစစ်ဆေးရေးဝန်ဆောင်မှုများအား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရန်အတွက် တစ်ကြိမ်တည်းအပြီးအစီးစစ်ဆေးရေးဝန်ဆောင်မှု ကွန်ရက်တစ်ခုပေါ်ထွန်းလာစေရေးအတွက် စီအယ်လ်အမ်ဗွီနိုင်ငံများအကြားရှိ အခြားအလားအလာရှိသော အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်များတွင်လည်း တိုးချဲ့ဖော်ဆောင်သင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

၈။ ကျွန်ုပ်တို့သည် အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံနှင့် အာဆီယံအချိတ်အဆက်အထူးစီမံချက်အား အကျိုးရှိရှိနှင့်သင့်လျော်စွာ အသုံးချနိုင်ရေးအပါအဝင် အာဆီယံပေါင်းစည်းရေးအားထုတ်မှုများမြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရေးအတွက် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကတိများကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

၉။ ပို့ဆောင်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုတွင် ကျွန်ုပ်တို့အနေဖြင့် အောက်ပါတို့ကိုသဘောတူညီခဲ့ကြပါသည်-

၉. ၁။ စီအယ်လ်အမ်ဗွီနိုင်ငံများအား ဖြတ်သန်းသွားသည့် စီးပွားရေးစင်္ကြံများ၊ အထူးသဖြင့် မဟာမဲခေါင်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအောက်ရှိ မြောက်-တောင်စီးပွားရေးစင်္ကြံ၊ အရှေ့-အနောက်စီးပွားရေးစင်္ကြံ၊ တောင်ပိုင်း စီးပွားရေးစင်္ကြံများအား အကောင်းဆုံးအသုံးချနိုင်ရေးညှိနှိုင်းဆောင်ရွက်နေမှုများအား ခိုင်မာစေရန်၊

၉. ၂။ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ကုန်စည်နှင့်ခရီးသွားများနယ်စပ်ဖြတ်ကျော်သွားလာမှုကို ဂျီအမ်အက်စ် စီဘီတီအေ (နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးသဘောတူညီချက်)၊ အာဆီယံပြတင်းတစ်ပေါက်စနစ်၊ အာဆီယံ အကောက်အခွန်ဆိုင်ရာ တစ်ဆင့် ဖြတ်သန်းသွားလာမှုစနစ်နှင့် စီအယ်လ်အမ်ဗွီနိုင်ငံများမှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အခြားသောနှစ်နိုင်ငံနှင့် နိုင်ငံစုံသဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် လွယ်ကူချောမွေ့စေရေးဆောင်ရွက်သွားရန်၊

၉. ၃။ လေကြောင်းပို့ဆောင်ရေးအား လေကြောင်းဝန်ဆောင်မှုဆိုင်ရာ စီအယ်လ်အမ်ဗွီကဏ္ဍစုံသဘောတူညီချက်မှ လေကြောင်းပို့ဆောင်ရေးဆိုင်ရာဝန်ဆောင်မှုသဘောတူညီချက်အပါအဝင် နှစ်နိုင်ငံနှင့် နိုင်ငံစုံသဘောတူညီချက်များမှတစ်ဆင့် လွယ်ကူချောမွေ့စေရေးဆောင်ရွက်သွားရန်။

၁၀။ စိုက်ပျိုးရေး၊ စက်မှု၊ စွမ်းအင်နှင့်ဆက်သွယ်ရေးကဏ္ဍ/သတင်းအချက်အလက်ဆက်သွယ်ရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတွင် ကျွန်ုပ်တို့အနေဖြင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များ၏ ထုတ်လုပ်ရေးသုတေသနနှင့် အပြီးသတ် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဂေဟစနစ်နှင့်လိုက်ဖက်သည့် စိုက်ပျိုးရေး၊ ဓာတ်သတ္တုရှာဖွေတူးဖော်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝလောင်စာဆီနှင့်ဓာတ်ငွေ့ရှာဖွေရေး၊ ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် အရေးပါသည့် နယ်ပယ်များရှိ သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများအား ဖန်တီးသွားရေးကို အပြန်အလှန်ဆောင်ရွက်ပေးသွားရန်၊ စိုက်ပျိုးရေး၊ သားငါး၊ သစ်တောမွေးမြူရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် သတင်းအချက်အလက်နှင့် နည်းပညာများဖလှယ်သွားရန်နှင့် ပူးတွဲသုတေသနများ ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် စီအယ်လ်အမ်ဗွီနိုင်ငံများအားဖြတ်ကျော်၍ မဟာလျှပ်စစ်ဓာတ်အားလိုင်းများနှင့် ကွန်ရက်ဖွံ့ဖြိုးတိုးတက်လာရေးတိုးမြှင့်ဆောင်ရွက်သွားရန်၊ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးများ တိုးမြှင့်လာစေရန် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပသွားကြရန်လည်း သဘောတူညီခဲ့ကြပါသည်။

၁၁။ ကမ္ဘာလှည့်ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်မှုတွင် ၂၀၁၄ ခုနှစ်၌ စီအယ်လ်အမ်ဗွီနိုင်ငံများသို့ ခရီးသွားများ လာရောက်မှု ၁၉ ဒသမ ၆ သန်းကျော်ရှိပြီး ၁၁ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်မှုအပေါ် အားရကျေနပ်စွာဖြင့် မှတ်တမ်းတင်ပါသည်။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ကမ်ပေါ့ပြည်နယ်၌ ကျင်းပပြုလုပ်ခဲ့သည့် စီအယ်လ်အမ်ဗွီခရီးသွားလာရေးဝန်ကြီးများ ဒုတိယအကြိမ်အစည်းအဝေးရလဒ်များဖြစ်သည့် ကမ္ဘာလှည့်ခရီးသွားထိပ်တန်းအထင်ကရနေရာတစ်ခုအဖြစ် စီအယ်လ်အမ်ဗွီဒေသခွဲ၏ ဆွဲဆောင်မှုများကိုတိုးမြှင့်သွားရေး၊ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ချိတ်ဆက်မှုကောင်းမွန်ခိုင်မာရေး၏အရေးပါမှုအား အသိအမှတ်ပြုခဲ့ခြင်းတို့ကို ဤအစည်းအဝေးမှ ချီးကျူးဖော်ပြကြပါသည်။ ထို့ပြင် ကမ္ဘာလှည့်ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထူးသဖြင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ခရီးသွားလာရေးလုပ်ငန်း၏ လူ့စွမ်းအားမြှင့်တင်ရေးကို ထောက်ပံ့ပေးနိုင်ရန်အတွက် စိတ်ပါဝင်စားသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားသော မိတ်ဖက်နိုင်ငံများကို ဖိတ်ခေါ်သွားရန် သဘောတူညီခဲ့ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုတက်ကြွစွာပါဝင်လာနိုင်ရေးကို တွန်းအားပေးအပ်ပါသည်။ စီအယ်လ်အမ်ဗွီခရီးသွားလာရေးဝန်ကြီးများ တတိယအကြိမ်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ကျင်းပရန် စီစဉ်လျက်ရှိသည်ကို ကြိုဆိုကြပါသည်။

၁၂။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ပညာရေးကဏ္ဍ၌ အပြန်အလှန်ပညာသင်ဆုများချီးမြှင့်ခြင်း၊ လေ့လာရေးအဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်းနှင့် သင်တန်းအတွေ့အကြုံများဖလှယ်ရေးကို အလေးထားဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုပါသည်။ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့အား ဗီယက်နမ်နိုင်ငံမှ ပညာသင်ဆုများနှင့်သင်တန်းများ ထောက်ပံ့ပေးခဲ့မှုများအတွက် ဗီယက်နမ်အစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြကြပါသည်။ ဗီယက်နမ်နိုင်ငံမှ စီအယ်လ်အမ်ဗွီနိုင်ငံများသို့ အဆိုပါ ပညာသင်ဆုအစီအစဉ်များ ဆက်လက်ထောက်ပံ့ပေးပါရန် ဤအစည်းအဝေးမှအဆိုပြုပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့်ဖွံ့ဖြိုးတိုးတက်မှုကျွမ်းကျင်အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များနှင့် လက်တွဲဆောင်ရွက်ရန် သဘောတူညီပါသည်။

၁၃။ မဲခေါင်မြစ်ဝှမ်းပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ စီအယ်လ်အမ်ဗွီနိုင်ငံများအား ထောက်ပံ့မှုများပေးခဲ့သည့်အတွက် ဂျပန်နိုင်ငံအစိုးရနှင့် အခြားသောဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြကြပါသည်။ စီအယ်လ်အမ်ဗွီဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရန် အရင်းအမြစ်များကို စဉ်ဆက်မပြတ်စီစဉ်ပေးမှုများအတွက် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးကို ချီးကျူးလိုပါကြောင်း ဖော်ပြပါသည်။ ကျွန်ုပ်တို့အနေဖြင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကွာဟလျက်ကျဉ်းမြောင်းစေရန် အကောင်အထည်ဖော်လျက်ရှိသည့်စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြားသောဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့အစည်းများမှ ကူညီထောက်ပံ့ပေးရန် မေတ္တာရပ်ခံကြောင်း ဖော်ပြကြသည်။

၁၄။ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှုကို ထည့်သွင်းစဉ်းစားသောအားဖြင့် စီအယ်လ်အမ်ဗွီလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်မှုကို အားပေးသွားရန် သဘောတူညီကြပါသည်။

၁၅။ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အသီးသီးအား တာဝန်ယူလျက်ရှိသော လုပ်ငန်းအဖွဲ့များမှ ပုံမှန်အစည်းအဝေးများခေါ်ယူလျက် မိမိတို့ တာဝန်ယူလျက်ရှိသော ကဏ္ဍများအောက်ရှိ စီမံကိန်းများအကောင်အထည်ဖော်မှု ထိရောက်မှုရှိစေရန် စဉ်ဆက်မပြတ်ညှိနှိုင်းဆွေးနွေးရန်တိုက်တွန်းပါသည်။ ထို့ပြင် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးလက်ခံကျင်းပမည့်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေးကို ပုံမှန်ကျင်းပသွားရန် သဘောတူညီပါသည်။

၁၆။ ဤပူးတွဲကြေညာချက်ပါ တာဝန်နှင့် စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့်တိုးတက်မှုအစီရင်ခံစာများအား ပြည်ထောင်စုဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ သက်ဆိုင်ရာနိုင်ငံအကြီးအကဲများထံသို့ စဉ်ဆက်မပြတ် အစီရင်ခံသွားရန် တာဝန်ပေးအပ်ပါသည်။

၁၇။ (၈) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို ဗီယက်နမ်နိုင်ငံ၌ ကျင်းပရန် ကမ်းလှမ်းမှုကို ကြိုဆိုကြပါသည်။ အစည်းအဝေးကျင်းပမည့်နေ့ရက်နှင့် နေရာအတိအကျကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ညှိနှိုင်းသွားမည်ဖြစ်ပါသည်။

၁၈။ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို ကောင်းမွန်စွာ စီစဉ်ထားရှိမှုနှင့် ထိပ်သီးအစည်းအဝေးကာလအတွင်း နေပြည်တော်တွင် နေထိုင်စဉ် နွေးထွေးလှိုက်လှဲစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရအားကျေးဇူးအထူးတင်ရှိပါကြောင်းဖော်ပြပါသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နေပြည်တော်၌ ထုတ်ပြန်ခဲ့ပါသည်။

# မြန်မာနိုင်ငံသည် တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းပီသစွာ ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိ

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး မစ္စတာ မူဟာမတ် ဆူဖီရာမာန်အား ၂၀-၆-၂၀၁၅ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံ စဉ် အမြဲတမ်းအတွင်းဝန်က မြန်မာ့နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြန်မာ့ရေပိုင်နက်အတွင်း ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့က ကျူးကျော်ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးစစ်မေးနေသည့်ကိစ္စနှင့် ပတ်သက်၍ ဖြစ်ရပ်မှန်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အမြဲတမ်းအတွင်းဝန်က ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေတွင်းကျွန်းချောင်းဝနှင့် ရွက်ညိုတောင်ချောင်းဝအကြား နတ်မြစ်၏ မြန်မာ့ရေပိုင်နက်အတွင်း ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် ယူနီဖောင်း(မပြည့်မစုံ) ဝတ်ဆင်ထားသူတစ်ဦးကို မြန်မာ့နယ်ခြားစောင့်ရဲတပ်ဖွဲ့က လက်နက်များ၊ စက်လှေနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ မြန်မာ့ရေပိုင်နက်သို့ ကျူးကျော်ဝင်ရောက်ရှိလာပြီး ယင်းတို့ဘက်မှစတင်ပစ်ခတ်သဖြင့် ဖမ်းဆီးစစ်ဆေးနေခြင်းဖြစ်ကြောင်း၊ ဖြစ်ရပ်မှန်အခြေအနေ အသေးစိတ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အမြန်ဆုံးသတင်းပို့ပေးစေလိုကြောင်း၊ မြန်မာနိုင်ငံသည် နှစ်နိုင်ငံအကြားတည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းပီသစွာဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်မီဒီယာများမှ မမှန်ကန်သည့် ချဲ့ကားရေးသားမှုများ ပြုလုပ်ခြင်းမရှိစေရေးအတွက် ပူးပေါင်းကူညီသွားစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **(မြန်မာ့အလင်း)**




နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း ပန်းပုကွင်းကျေးရွာ ငါးသိုင်းချောင်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင် ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

○ *ကျောဖုံးမှ*

လည်း ဝင်ငွေတစ်ဖက်တစ်လမ်းမှ ရရှိစေနိုင်မည်ဖြစ်သည်။

ကယားပြည်နယ်တွင် ဒေါနတောင်တန်းကသွယ်တန်းလျက်ရှိရာ ရှားပါးသစ်ပင် ပန်းမျိုးစိတ်များ၊ ရှားပါးကျေးငှက်များနှင့် သဘာဝတောတောင်ရှုခင်းများကို ကြည့်ရှုခံစားနိုင်သလို ဖြတ်သန်းစီးဆင်းနေသော မြစ်၊ ချောင်းများကလည်း ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုကို ဖြစ်ပေါ်စေမည့်ရေခံ၊ မြေခံကောင်းများပင်ဖြစ်သည်။

ကယားပြည်နယ်တွင် နေထိုင်သည့် ဒေသခံတိုင်းရင်းသားများဖြစ်သည့် ပဒေါင်၊ ပအိုဝ်း၊ ရှမ်း၊ မြန်မာတိုင်းရင်းသားစသည်တို့ အနက် ပဒေါင်တိုင်းရင်းသား၊ ကယန်းတိုင်းရင်းသားတို့၏ ရိုးရာလက်မှုပညာ အဝတ်အထည်ရက်လုပ်မှုများ၊ နေထိုင်မှုဘဝပုံစံများကို အနီးကပ်မြင်တွေ့ရမည်ဖြစ်သည်။

ကယားပြည်နယ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်သာလန်နိုင်ငံ(CBI) အဖွဲ့အစည်းနှင့် (ITC) တို့မှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်းကို ထောက်ပံ့ ကူညီပေးရန်ရှိနေရာ ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းမှာ မြန်မာနိုင်ငံ၏ခရီးစဉ်သစ်များ ထွက်ပေါ်လာနိုင်မည်ဖြစ်သည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံတွင်အသေးဆုံးပြည်နယ်တစ်ခုဖြစ်သော်လည်း စိတ်ဝင်စားစရာခရီးစဉ်သစ်များ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာပါက ဒေသတွင်းလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာမည်ဖြစ်သည်။

ကယားပြည်နယ် လွိုင်ကော်ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်တွင် တောင်ကွဲစေတီ၊ ရွှေရင်အေးစေတီ၊ ရွှေပြည်အေးစေတီ၊ ပြည်လုံးချမ်းသာစေတီတို့အပြင် လွိုင်ကော်မြို့ မိုင် ၂၀ ခန့်ဝန်းကျင်တွင် ဒေသခံပဒေါင်လူမျိုး၊ ပအိုဝ်းလူမျိုးများ၏ ကျေးရွာများ၌ ရိုးရာဓလေ့လက်မှုပညာလုပ်ငန်းများလည်း မြင်တွေ့လေ့လာနိုင်မည်ဖြစ်သည်။ **သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ - ကေဇင်လင်း**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြော

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာတွင် ထင်းသုံးစွဲမှု ၄၀ ရာခိုင်နှုန်း သက်သာစေသည့် A1 မီးဖို အလုံး ၁၅၀ အခမဲ့ပေးအပ်ပွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း ဟောပြောပွဲကို ဇွန် ၂၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းမြင့်၊ ဥတ္တရခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစွန်ထွေး၊ တပ်ကုန်းမြို့နယ်သစ်တောဦးစီးဌာန ဦးဇော်လင်းနှင့် ဝန်ထမ်းများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအကြောင်းနှင့် ပတ်သက်ပြီး ဟောပြောကာ A1 မီးဖိုများ ပေးအပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ဒေသခံများ တက်ရောက်ကြပြီး အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။ **သက်ထက်**

### ကိုပါအမေရိကဖလား ဘောလုံး အနိုင်/အရှုံး

| | | | |
|---|---|---|---|
| **အုပ်စု(ဂ)** | ကိုလံဘီယာ | ၀-၀ | ပီရူး |
| | ဘရာဇီး | ၂-၁ | ဗင်နီဇွဲလား |

### အမျိုးသမီး ကမ္ဘာ့ဖလား ဘောလုံး အနိုင်/အရှုံး

| | | |
|---|---|---|
| ကနေဒါ | ၁-၀ | ဆွစ်ဇာလန် |
| ဘရာဇီး | ၀-၁ | ဩစတြေးလျ |
| ပြင်သစ် | ၃-၀ | တောင်ကိုရီးယား |

## သံပြွန်းပြိုကျ၍ နောက်ဆုံးပိတ်မိနေသူကို ကယ်နိုင်ခဲ့

**မန္တလေး ဇွန် ၂၂**

မန္တလေးမြို့၌ ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီဝန်းကျင်က ဖြစ်ပွားခဲ့သည့် မင်္ဂလာမန္တလေးစီမံကိန်းဝင်းအတွင်း Pullman Hotel ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ သံပြွန်းပြိုကျမှုဖြစ်စဉ်တွင် ပိတ်မိနေသူများအနက် နောက်ဆုံးကယ်တင်ရန် ကျန်ရှိနေသူတစ်ဦးအား ဇွန် ၂၁ ရက် ည ၁၁ နာရီခန့်က ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကယ်တင်နိုင်ခဲ့သူမှာ ဆန်းမြင့်အောင်(၁၉ နှစ်) ဖြစ်ပြီး မကွေးတိုင်းဒေသကြီး စကုမြို့နယ်၊ ကျောက်ဆစ်ပုံရွာမှဖြစ်ကာ မန္တလေးမြို့၌ လက်သမားအလုပ်လာရောက်လုပ်ကိုင်နေခြင်းဖြစ်သည်။ ကယ်တင်နိုင်ခဲ့သူ ဆန်းမြင့်အောင်ကို ညတွင်းချင်းပင် မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခဲ့ရာ ခြေထောက်နှစ်ဖက်မှာ ဖြတ်ပစ်လိုက်ရပြီး အထူးကြပ်မတ်ဆောင်၌ ကုသမှုခံယူလျက်ရှိကြောင်း ဆေးလူမှုဆက်ဆံရေးဌာနမှ သိရသည်။

ကိုဆန်းမြင့်အောင်အပါအဝင် ပိတ်မိနေသူများအားလုံးကို ကုမ္ပဏီမှတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများက စတင်ဖြစ်ပွားသည့်အချိန်မှစ၍ နှစ်ရက်တိုင်တိုင်ကြိုးစား၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

Pullman Hotel ဆောက်လုပ်ရာတွင် CAD, New Star Light နှင့် ညာဏ်ဆောက်လုပ်ရေးကုမ္ပဏီတို့က အပိုင်းလေးပိုင်းခွဲ၍ တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ပြီး ယခုဖြစ်စဉ်တွင် ညာဏ်ဆောက်လုပ်ရေးက တာဝန်ယူဆောက်လုပ်နေသည့်အပိုင်းမှဖြစ်ပွားခဲ့ခြင်းဖြစ်သောကြောင့် အသက်နှင့်လုံခြုံရေးကို ထိခိုက်အောင် ပေါ့လျော့စွာပြုလုပ်သူ ညာဏ်မိသားစုကုမ္ပဏီမှ ဦးနွယ်ဦးမောင်(ဟိုတယ်/ရေကူးကန်ငြမ်းစင်ဆောက်လုပ်ရေးတာဝန်ခံ)အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## နိုင်ငံခြားသား တရားမဝင် ဝင်ရောက်မှုအရေးယူ

**ကျောက်ကြီး ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မအူပင်ဆိပ်ကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာရှိ ကျောက်ကြီးမြို့အဝင် တံတားအနီးတွင် ဇွန် ၁၈ ရက်က မသင်္ကာဖွယ်ရာ နိုင်ငံခြားသားတစ်ဦး ရောက်ရှိနေသည်ဆိုသော သတင်းအရ ကျောက်ကြီးမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ဇောနှင့် မအူပင်ဆိပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်စိုးတို့ သွားရောက်စစ်ဆေးခဲ့ပြီး မြို့မရဲစခန်းသို့ ခေါ်ဆောင်ခဲ့သည်ဟု သိရသည်။



မြို့မရဲစခန်းက ကျောက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ ဆက်သွယ်သတင်းပေးပို့ပြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးတင်စိုးအောင်နှင့်အဖွဲ့ ရောက်ရှိစစ်ဆေးမေးမြန်းချက်များအရ Australia နိုင်ငံသား Mr. David George (ဘ) Mr. Branpon George ဖြစ်ကြောင်း၊ မေ ၁၂ ရက်က ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဘုရားသုံးဆူမှတစ်ဆင့် ပတ်စပို့ဗီဇာမပါဘဲ ဝင်ရောက်လာခဲ့ကြောင်း၊ Australia နိုင်ငံသားလက်မှတ် 13734351 ခရစ်ယာန်ဘာသာဝင်ဖြစ်ကြောင်း၊ ရန်ကုန်သို့ ခရီးသည်ယာဉ်ဖြင့် လိုက်ပါလာပြီး ရန်ကုန်၊ ပဲခူးမြို့တို့တွင် နေထိုင်သွားလာလျက်ရှိရာ ပဲခူးမြို့မှ ကျောက်ကြီးမြို့သို့ ခရီးသည်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာပြီး ကျောက်ကြီးမြို့အဝင်တံတား၌ တွေ့ရှိ၍ ရဲစခန်းသို့ ခေါ်ဆောင်ခံခဲ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုချက်များအရ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူ David George အား အရေးယူပေးပါရန် ကျောက်ကြီးမြို့မရဲစခန်း၌ တိုင်တန်းခဲ့ခြင်းဖြစ်သည်။

ကျောက်ကြီးမြို့မ ရဲစခန်းက (ပ)၆၀/၂၀၁၅၊ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ-၁၃(၁) အရ အမှုစစ်ရဲအုပ် မျိုးသူလတ်က (နိုင်ငံတော်အတွင်း တရားမဝင်ဝင်ရောက်မှု) ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

(၀၄၅)

## ဇွန် ၂၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ်၊ ဇွန်လ(၂၂)ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၂၃၀၀၀ |
| ၈ | နှမ်းနက်စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၀၀၀၀ မှ ၁၉၀၀၀၀ |
| ၉ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၅၀၀၀ |
| ၁၀ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၉၀၀၀ မှ ၁၀၂၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မုံရွာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀ မှ ၆၀၀ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၀၅၀ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၅၅၀ |
| ၁၄ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၉၀ မှ ၈၂၀ |
| ၁၅ | ကျွဲကောသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ မှ ၁၅၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၅၀၀၀ |
| ၁၈ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀၀ မှ ၁၃၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

# မြောက်ဥက္ကလာပ ဆေးရုံသစ်ကြီးပြီးပါက အရေးပေါ် ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသနိုင်ပြီ

အမေး၊ အရေး၊ ဓာတ်ပုံ-အေးကို(သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ပိုမိုအလေးထား ဆောင်ရွက်နိုင်ရန် ဘတ်ဂျက်များ ပိုမိုတိုးတက်ရရှိနေပြီဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံဆေးခန်းများ မွမ်းမံပြင်ဆင် တိုးချဲ့ဆောက်လုပ်ခြင်းနှင့် လူနာများအတွက်လိုအပ်သော အခြေခံဆေးဝါးများနှင့် လူနာမှတ်တမ်းစာအုပ်များ အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိသကဲ့သို့ ဆေးရုံကြီးများအတွက် မရှိမဖြစ်လိုအပ်သော ခေတ်မီဆေးဝါး ပစ္စည်းကိရိယာများ လုံလုံလောက်လောက် ဖြည့်တင်းထားနိုင်သည်ကို တွေ့ရမည် ဖြစ်သည်။**

သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မြောက်ဥက္ကလာပဆေးရုံကြီး (ခုတင် ၈၀၀ဆံ့) သို့ သွားရောက်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍများနှင့် တိုးချဲ့ခြောက်ထပ်ဆေးရုံသစ်တည်ဆောက်ရေး စီမံကိန်းတို့နှင့်စပ်လျဉ်း၍ ဆေးရုံအုပ်ကြီးကိုယ်စား ဆေးရုံအုပ်ဒေါက်တာဒေါ်သန်းလှအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**မေး။ ။ လက်ရှိမှာ ဆောင်ရွက်နေတဲ့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေရဲ့အခြေအနေကို ရှင်းပြပေးပါ။**

ဖြေ။ ။ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေနဲ့ ဝယ်ယူထားတဲ့ ဆေးဝါးတွေကို သားဖွားလူနာ၊ ခွဲစိတ်လူနာ၊ ကလေးလူနာ၊ အရေးပေါ်လူနာ၊ ကင်ဆာရောဂါလူနာတွေ၊ ပြင်ပလူနာဌာနမှာ ဆေးကုသမှုခံယူနေကြတဲ့ နာတာရှည် ရောဂါဝေဒနာရှင်တွေ (ဥပမာ စိတ်ရောဂါ လူနာ၊ ဆီးချို၊ နှလုံး) ရောဂါလူနာတွေကို ကျွန်မတို့ ဆေးရုံကြီးက ဆေးဝါးအခမဲ့ထောက်ပံ့လျက်ရှိပါတယ်။ ချို့တဲ့လူနာတွေအတွက်လည်း လိုအပ်တဲ့ဆေးဝါးတွေကို ဆေးပဒေသာပင်ကထောက်ပံ့ပေးပါတယ်။ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီး သွေးသွင်းကုသခြင်းကို အခမဲ့ဆောင်ရွက်ပေးပြီး သွေးအလှူရှင်များကို အာဟာရကျွေးမွေးခြင်းကို ဆောင်ရွက်ပေးပါတယ်။ ရောဂါရှာဖွေစမ်းသပ်ခြင်းနဲ့ပတ်သက်ပြီး စရိတ်မျှပေးကျန်းမာရေးစနစ်နဲ့ ဆောင်ရွက်ပေးပြီး ဆင်းရဲချို့တဲ့လူနာတွေကို ဆေးဝါးနဲ့ အာဟာရဒါနတိုက်ကျွေးပါတယ်။

၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေနဲ့ ၂၄ နာရီ ဓာတ်ခွဲစမ်းသပ်မှုတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဓာတ်မှန်ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်းနဲ့ အခြေခံဓာတ်ခွဲစမ်းသပ်ခြင်း ရှစ်မျိုးကို အခမဲ့ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် ကိုယ်ဝန်ဆောင်မိခင်တွေကို ရောဂါရှာဖွေစမ်းသပ်ခြင်းကိုလည်း အခမဲ့ဆောင်ရွက်ပေးပါတယ်။

**မေး။ ။ လူနာစောင့်တွေ တည်းခိုဖို့အတွက် ဘယ်လိုစီစဉ်ထားပါသလဲ။**

ဖြေ။ ။ အရိုးဆောင်နဲ့ မီးယပ်ဆောင်ကြားမှာ ပေ(၂၀ x ၄၀ ) အဆောင်သစ်တစ်ခု၊ မီးယပ်ဆောင်နဲ့ စားဖိုဆောင်ကြား ပေ(၂၀ x ၃၀) အဆောင်ဟောင်း ပြုပြင်စီစဉ်ထားသလို တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက လှူဒါန်းတဲ့သီတာဆေးကုသဆောင်မှာ လူနာစောင့်တွေ တည်းခိုဖို့ တည်းခိုဆောင်နဲ့အများသုံးသန့်စင်ခန်းတွေ ဆောက်လုပ်ပေးပြီး ဖြစ်ပါတယ်။

**မေး။ ။ အတွင်းလူနာတွေကို အာဟာရဒါနကျွေးမွေးခြင်းနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ဖြေ။ ။ ၂၀၁၄ ခုနှစ် ဆေးရုံတက်လူနာတွေအနက် နေ့စဉ် ပျှမ်းမျှလူနာ ၅၀ ကို နံနက်စာ၊ နေ့လယ်စာ၊ ညစာ သုံးကြိမ်ကျွေးမွေးပါတယ်။ ဒါ့အပြင် ဆေးရုံဆင်းလူနာတွေကိုလည်း လမ်းစရိတ်ထောက်ပံ့ပေးရတာမျိုးရှိပါတယ်။ ၂၀၁၅ ခုနှစ်ကစပြီး တနင်္လာနေ့သောကြာနေ့တွေမှာ သုခကုသိုလ်အဖြစ်၊ ဗုဒ္ဓဟူးနေ့မှာ ဌာနအစီအစဉ်နဲ့ လူနာတွေအားလုံး နံနက်စာ ကြက်သားဆန်ပြုတ်တိုက်ကျွေးပါတယ်။

**မေး။ ။ သယ်ပို့ကုန်ကျစရိတ် အပါအဝင် အခြားကုန်ကျစရိတ်တွေနဲ့ ပတ်သက်ပြီးလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ ဆေးရုံကြီးက လိုအပ်ချက်အရ လူနာတွေကို လူနာတင်ယာဉ်နဲ့ အခမဲ့ပို့ဆောင်ပေးသလို အရေးပေါ်ဌာနနဲ့ ဆေးရုံတက်အရေးကြီး လူနာတွေကိုလူနာတင်ယာဉ်နဲ့ ပို့ဆောင်ပေးလျက်ရှိပါတယ်။ လူနာဆေးကုသမှု စာရွက်စာတမ်းများနဲ့ လူနာမှတ်တမ်းစာအုပ်တွေကို အခမဲ့ဖြန့်ဝေပေးပါတယ်။ ဒါ့အပြင် ဓာတ်ခွဲ၊ ဓာတ်မှန်၊ သားဖွားမီးယပ်ဌာနတို့က လိုအပ်တဲ့ ပုံစံစာရွက်တွေကိုလည်း အခမဲ့ထောက်ပံ့ပေးပါတယ်။ ဆေးလူမှုဆက်ဆံရေးအရာရှိ တစ်ဦးနဲ့ ဆေးလူမှုဆက်ဆံရေးမှူးနှစ်ဦးတို့က ဆေးရုံတက်ရောက် ကုသမှုခံယူနေတဲ့ လူနာတွေအနက် လိုအပ်တဲ့လူနာတွေကို အကူအညီပေးခြင်း၊ လူမှုဆိုင်ရာ အကူအညီပေးခြင်းတို့ကို ဆောင်ရွက်ပေးပါတယ်။

**မေး။ ။ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံ ခြောက်ထပ်ဆေးရုံသစ်တည်ဆောက်ပြီးစီးမှု အခြေအနေကို သိလိုပါတယ်။**

ဖြေ။ ။ ဒီခြောက်ထပ်ဆေးရုံသစ်ကြီးကို ၁၃-၁-၂၀၁၅ ခုနှစ်ကစတင် တည်ဆောက်ခဲ့တာဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောက်တာဖြစ်ပါတယ်။ ယခုတည်ဆောက်ရေးလုပ်ငန်း ၅၀ ရာခိုင်နှုန်းကျော်ပြီးနေပါပြီ။ စက်တင်ဘာလမှာ အပြီး ဆောက်မယ်လို့ပြောပါတယ်။ ဒီ ခြောက်ထပ်ဆေးရုံသစ် အောက်ဆုံး မြေညီထပ်မှာ အရေးပေါ်ဌာန၊ ပထမထပ်မှာ အရေးပေါ်ခွဲစိတ်ခန်း၊ ဒုတိယထပ်မှာ ဦးနှောက်နဲ့အာရုံကြောခွဲစိတ်ခန်းနဲ့ ကျန်အထပ်တွေမှာ ခွဲစိတ်ဆောင်တွေရှိပါမယ်။

ဒီခြောက်ထပ် ဆေးရုံသစ်မှာ ဦးနှောက်နဲ့ အာရုံကြောခွဲစိတ်ဆောင်ပါမယ်ဆိုတော့ အရေးပေါ်ထိခိုက်ဒဏ်ရာရရှိတဲ့ လူနာတွေကို ရန်ကုန်ဆေးရုံကြီးကို လွှဲပြောင်းကုသဖို့မလိုဘဲ ဒီအဆောင်သစ်မှာ ခွဲစိတ်ကုသနိုင်မှာဖြစ်ပါတယ်။ အခုဆို CT စက်ကလည်း စတင်ရိုက်ဖို့စီစဉ်နေပါတယ်။ ဒီခြောက်ထပ် ဆေးရုံသစ်ကြီးပြီးရင် ရောက်ရှိလာမယ့် လူနာတွေကိုပိုပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

## ကျန်းမာရေးကွင်းဆင်းကုသ ပညာပေးစကားဝိုင်း ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းကုသပညာပေးစကားဝိုင်းကို ဇွန် ၂၁ ရက်က မြောက်လွတ်ကုန်းကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက အာဟာရအုပ်စုများအကြောင်းနှင့် သန်မာထွားကြိုင်းမှုဆက်စပ်ပုံ၊ လက်သန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်က တစ်ကိုယ်ရေသန့်ရှင်းမှုအကြောင်းများကိုလည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက် သက်ကြီးရွယ်အိုကျန်းမာရေးအတွက် စကားဝိုင်း၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးစကားဝိုင်း၊ နို့တိုက်မိခင်များကျန်းမာရေးစကားဝိုင်း၊ ပျိုရွယ်သူများ ကျန်းမာရေးစကားဝိုင်းများဖြင့် ဆွေးနွေးခဲ့ကြပြီး ဒေသခံ ၈၀ အား အခမဲ့ကျန်းမာရေး စမ်းသပ်ပေးခြင်း၊ ဆေးကုသပေးခြင်း၊ ဆေးရုံတက်ရောက်မည့်လူနာများအား ညွှန်ပို့ဆောင်ရွက်ပေးခဲ့သည်။ အခမ်းအနားသို့ ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မျိုးဆက်ပွားကျန်းမာရေး ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သီဂီမြင့်၊ မိခင်နှင့်ကလေးကျန်းမာရေးညွှန်ကြားရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်သန်းနှင့်အခြေခံကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။



မင်းမင်းလတ်(ရုပ်ဗေဒ)

## အိုလံပစ်နေ့အထိမ်းအမှတ် မျိုးဆက်သစ်ရိုးရာလက်ဝှေ့အကြိုတ်အနယ်ယှဉ်ပြိုင်

သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ရန်ကုန် ဇွန် ၂၂**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)ကစီစဉ်သော အိုလံပစ်နေ့အထိမ်းအမှတ် Myanmar Fight မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်ပြိုင်ပွဲကို ဇွန် ၂၁ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပခဲ့သည်။

သုံးချီစိန်ခေါ်ပွဲတွင် ကျော်စွာဝင်း(မန္တလေးယူနိုက်တက်)နှင့်အောင်နေဦး(ဒို့ရိုးရာ)၊ ဒိုးလေး(အဖြူရောင်သွေးသစ်)နှင့်ဇင်ကို (မန္တလေးယူနိုက်တက်)၊ နေသွေးသစ်(အဖြူရောင်သွေးသစ်)နှင့်ငွေဇေယျာ (စစ်ကိုင်း) တို့ဘတစ်ပြန်ကျားတစ်ပြန်အမှားမခံဘဲ ထိုးသတ်ကြရာ သရေပွဲဖြစ်ပြီး သွေးသစ်မောင်(အဖြူရောင် သွေးသစ်)က ချစ်လင်း(စစ်ကိုင်း)ကို ဒုတိယအချီ၌ အလဲထိုးအနိုင်ရရှိသွားသည်။

တစ်ဖန် လေးချီစိန်ခေါ်ပွဲကို စောကြက်ရိုး(STL) နှင့် ရွှေအောင်လံ(မန္တလေးယူနိုက်တက်)တို့ သူတစ်ပြန်ကိုယ်တစ်ပြန်ထိမိသော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြစ်ပြီး ထွန်းလွင်မိုး (နဂါးမာန်) က စိုးမိုးအောင် (မြွေဟောက်မင်း)ကို ဒုတိယအချီ၌ အမှတ်စဉ်ဖြင့် အနိုင်ရရှိသွားသည်။ ငါးချီစိန်ခေါ်ပွဲ၌ စောသဲဦး (STL) နှင့် ရာမာန်(နဂါးမာန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ရာမာန်၏ခြေကန်ချက်၊ လက်သီးအသာစီးယှဉ်ပြိုင် ထိုးသတ်သော်လည်း စောသဲဦးလက်ဝှေ့သမ္ဘာကြောင့် အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။ မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်ပြိုင်ပွဲများကို ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ပြီး လက်မှတ်များကို ငွေကျပ် ၂၀၀၀နှင့် နိုင်ငံခြားသား ၅ ဒေါ်လာ သတ်မှတ်ထားကြောင်း သိရသည်။

ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကိုဝိုင်းကူစို့

DRUGS

**၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူ့ဗဟိုပြု လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်း ပါဝင်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

# စိတ်ကြွရူးသွပ်ဆေးဝါးများဖမ်းဆီးရမိ

**သထုံ ဇွန် ၂၂**

သထုံခရိုင် မူခင်းအကူနှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၆ ရက်က မူးယစ်ဆေးဝါးသတင်းအရ ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာ ရွှေသံလွင်တိုးဂိတ်အနီးစောင့်ဆိုင်းနေစဉ် ရန်ကုန်ဘက်မှ သထုံဘက်သို့ ယာဉ်မောင်း မြမင်းအောင် မောင်းနှင်လာသော BB/....Nissan AD ဘင် ယာဉ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၈၀၀၊ လက်ကိုင်ဖုန်းများနှင့်အခြားသက်သေခံပစ္စည်းများအား သိမ်းဆည်းခဲ့ပြီး ဘီးလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ယင်းနောက် ဘီးလင်းမြို့မရဲစခန်း၊ အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ ဇွန် ၁၆ ရက်က အင်းစိန်မြို့ အနောက်ကြို့ကုန်းရပ်ကွက်ရှိသန်းဝင်း၏ကွန်ပျူတာဂိမ်းဆိုင်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၇၉၈ ပြား ထပ်မံသိမ်းဆည်းခဲ့ပြီး အမှုနှင့်ဆက်စပ်သူများအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


**နန္ဒကျော်စွာ**

# မြိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**မြိတ် ဇွန် ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းနယ်မြေ လမင်းလမ်း၌ ဇွန် ၁၈ ရက်မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့မရဲစခန်းမှ ဒုရဲအုပ်ရဲထွန်းကိုနှင့် ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ ရေပုန်းနယ်မြေ လမင်းရပ် ဗန္ဓုလလမ်းသွယ်ရှိ ဇော်ဦး၏နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းရရှိသဖြင့် သွားရောက် ရှာဖွေခဲ့ရာ ကျော်သူစိုး(ခ)ဖိုးအထံမှ မူးယစ်ဆေးဝါးများနှင့်ဆက်စပ်ပစ္စည်းများအား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ကြောင်း၊ ထိုသို့ ဇော်ဦးနေအိမ်ကို ရှာဖွေနေစဉ် ပိုင်စိုးသူသည် ဆိုင်ကယ်တစ်စီးဖြင့် ဇော်ဦးနေအိမ်သို့ ရောက်ရှိလာစဉ် ၎င်းအား ရှာဖွေရာ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ပစ္စည်းများ တွေ့ရှိရသဖြင့် ထပ်မံသိမ်းဆည်းခဲ့ကြောင်း သိရသည်။



၎င်းတို့ သုံးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၁ ပြား စုစုပေါင်း အလေးချိန် ၀ ဒသမ ၀၃၆၁ ကီလိုဂရမ်၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဘိန်းစာမှုန့် အလေးချိန် ၀ ဒသမ ၄၅ ကီလိုဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မိုးရာသီတွင် တောင်ပေါ်ဒေသ မြေသားလမ်းများ လမ်းချော် ကုန်သယ်ပို့ကားများဘီး၌ သံချိန်းကြိုးပတ်မောင်းနှင်ရ

**ပြင်ဦးလွင် ဇွန် ၂၂**

ပြင်ဦးလွင် နောင်ချိုကဲ့သို့ တောင်ပေါ်မြို့များရှိ ကျေးရွာများတွင် မိုးရာသီ ထွက်ကုန်ဖြစ်သော နာနတ်၊ မက်မန်း၊ ခရမ်းချဉ်၊ ဂေါ်ရခါးစသော သီးနှံများနှင့် ပန်းအမျိုးမျိုးတို့ ယခုအခါတွင် လှိုင်လှိုင်ထွက်ရှိလာစမြဲ ဖြစ်သည်။

ထိုကဲ့သို့ ထွက်ရှိလာသော သီးနှံများကို အချိန်မီခူးဆွတ်၍ ဒေသတွင်း ပွဲရုံများနှင့် ဈေးများသို့ တင်ပို့ရောင်းချရာတွင် ယခင်နှစ်ပေါင်းများစွာက ကျွဲ၊ နွားစသော လှည်းများကို အသုံးပြုခဲ့ရသော်လည်း ခေတ်ကာလ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ကားများ၊ ထော်လာဂျီများဖြင့် တင်ပို့နေကြပြီဖြစ်ရာ မိုးရာသီကာလဖြစ်သဖြင့် မြေသားလမ်းများသာရှိနေသေးသော ကျေးရွာများ၌ လမ်းများရေကျော်ခြင်း၊ တောင်ပြိုခြင်း၊ ရွှံ့ဗွက်ထူခြင်းနှင့်လမ်းချော်ခြင်းစသည့်တို့နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။



ထွက်ရှိလာသည့် သီးနှံတို့ကိုလည်း မဖြစ်မနေ အချိန်မီတင်ပို့ရောင်းချကြရမည်ဖြစ်သဖြင့် သယ်ယူမည့်ကား၊ ထော်လာဂျီစသည့် ယာဉ်များ၏ရှေ့ဘီး၊ နောက်ဘီးတို့တွင် သံချိန်းကြိုးများပတ်၍ သွားလာနေရကြောင်း သိရသည်။

"နာနတ်တို့၊ ခရမ်းချဉ်တို့က ကုန်ချိန်အလွန်များတယ်၊ ခူးပြီးမှ မိုးရွာနေလို့ လမ်းချော်နေတယ်ဆိုပြီး ပွဲရုံကိုဒီနေ့သွားမပို့ဖြစ်ရင် နောက်ရက် ပုပ်ကုန်တော့မှာ။ ဒါကြောင့် ကုန်တွေလည်း ပို့လို့ရအောင် အန္တရာယ်လည်း မဖြစ်နိုင်အောင် ကားဘီးတွေမှာ သံချိန်းကြိုးပတ်ပြီး သွားနေရတယ်။ သံချိန်းကြိုးတွေက လမ်းချော်တဲ့ဒဏ်ကို ခံနိုင်တယ်။ ဒီလိုမိုးရာသီမှာ ကုန်ပို့နေတဲ့ ကားတွေရဲ့ဘီးတွေကို သံကြိုးပတ်မထားရင်တော့ ဗွက်ရုန်းဖို့လည်း မလွယ်ကူဘူး။ လမ်းချော်ပြီး တောင်ကမ်းပါးတိုက်ရင်တိုက်၊ မတိုက်ရင် ချောက်ထဲကားရော ကုန်ပါကျကုန်ကြမှာပဲ" ဟု ဒေသခံတောင်သူတစ်ဦး၏ပြောပြချက်အရသိရသည်။

ပြင်ဦးလွင်မြို့နယ်ကဲ့သို့ တောင်ကုန်း၊ တောင်စောင်းပေါ်များသော ကျေးရွာများရှိ ဒေသထွက်ကုန်သယ်ယူသည့် ကား၊ ထော်လာဂျီတို့သည် ယခုလို မိုးရာသီကာလ၌ ကားဘီးများတွင် သံချိန်းကြိုးများ ပတ်လျက် အန္တရာယ်ကင်းရှင်းစွာဖြင့် ကုန်ပစ္စည်းများကို သယ်ပို့လျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# တောင်တွင်း-လယ်ဝေး-ပျဉ်းမနား (RBE) အစုန်ရထားတွဲချော်

**တောင်တွင်းကြီး ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးဘူတာမှ ဇွန် ၂၁ ရက် နံနက် ၁၀ နာရီခန့်က ထွက်ခွာသွားသည့် စက်ခေါင်းမောင်းဦးနိုင်လင်းထွန်း၊ ဂါတ်ဗိုလ်ဦးခင်အောင်ကျော်လိုက်ပါသည့် တောင်တွင်း-လယ်ဝေး-ပျဉ်းမနား (RBE) အစုန်ရထားသည် နံနက် ၁၁ နာရီ ၄၅ မိနစ်က တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းဘူတာအနီး ရထားလမ်းမိုင်တိုင် (၂၇၃/၉) အရောက်တွင် တွဲအမှတ် (RBE-5016) မှ ရှေ့ဘီးနှစ်ဘီးလမ်းချော်ကျသွားကြောင်း သိရသည်။

အဆိုပါ မီးရထားအား ရထားသံလမ်းပေါ်တွင် ရပ်တန့်ထားရှိပြီး မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် တောင်တွင်းကြီးဘူတာ သံလမ်း အင်ဂျင်နီယာအဖွဲ့က တွဲတင်ခြင်းလုပ်ငန်းများ ပြန်လည်ပြုပြင်ခဲ့ရာ ညနေ ၃ နာရီ ၃၅ မိနစ်တွင် ပြီးစီး၍ ညနေ ၄ နာရီ ၄၂ မိနစ်တွင် လယ်ဝေး-ပျဉ်းမနားသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**နိုင်ဝင်း**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများ၏ မြေကြီးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ လှည်းကူးမြို့နယ် ကလီထော်ရိုးအား ခရိန်ချောင်းထိတူးဖော်ခြင်း။

၂။ သန်လျင်မြို့နယ် ဖားကူးအရှေ့ချောင်းပြန်လည်တူးဖော်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၌ ၂၄-၆-၂၀၁၅ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ပြီး ၃-၇-၂၀၁၅ ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၁-၅၆၆၄၀၂၊ ၀၁-၅၇၇၅၅၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**



## အင်္ဂလိပ်စကားပြောသင်တန်းကျောင်း

**Researchers**

**အခြေခံသဒ္ဒါနှင့် စကားပြောသင်တန်း**

| Opening Date | Class | Time | Duration |
|---|---|---|---|
| 3.7.2015 | Evening Fri, Sat, Sun | 6:00 to 8:00 pm | 6 months |
| 4.7.2015 | Morning Sat, Sun | 8:30 to 11:30 am | |

အမှတ် (၅၆) ငါးလွှာ၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေ(သီတာမှတ်တိုင်)
ဖုန်း - ၀၉ - ၂၅၀၁၆၂၀၃၈၊ ၀၉ - ၅၆၈၀၂၃၇ ၊ ၀၁ - ၂၀၉၃၈၂



## အိတ်ဖွင့်တင်ဒါ (Open Tender) လျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဆောက်လုပ်ရေးဝန်ကြီးဌာန (လမ်းဦးစီးဌာန)၊ တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့ (၃)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (မိုင် ၂၈၃/၄-၃၃၂/၄=၄၉မိုင် အပိုင်း)၊ လမ်း/တံတားလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) ဘိလပ်မြေ

(ခ) ခွဲကျောက်ရွယ်စုံ

(ဂ) ကျောက်ရောမြေ

(ဃ) သံချောင်းလုံးရွယ်စုံ

၂။ လျှောက်လွှာပုံစံများအား ၂၄-၆-၂၀၁၅ရက်တွင် ဒု-ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ လမ်းအထူးအဖွဲ့(၃)၊ ကျိုင်းတုံမြို့တွင် စတင်ရောင်းချမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) (လမ်းဦးစီးဌာန)၊ လမ်းအထူးအဖွဲ့(၃)ရုံး၊ မိုင်းပျဉ်းမြို့၌ ၈-၇-၂၀၁၅ရက် နံနက် ၁၀နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ (၃)၊ ကျိုင်းတုံ မြို့ ဖုန်း-၀၈၄-၂၁၆၂၃သို့ ရုံးချိန်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**တင်ဒါစတင်တင်သွင်းနိုင်မည့်ရက်** - ၂၄-၆-၂၀၁၅ရက်

**တင်ဒါပိတ်မည့်ရက်** - ၇-၇-၂၀၁၅ရက်

**အိတ်ဖွင့်တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**မိုင်းပျဉ်းမြို့**



## Labour Asia Services Co., Ltd.

- လိုင်စင်အမှတ် ၅/၂၀၁၅ ထိုင်းလိုင်စင်အမှတ် ၄၉/၂၀၁၂
- ထိုင်းနိုင်ငံရှိ လုပ်ငန်းအမျိုးမျိုးတွင် တရားဝင်အလုပ်လုပ်ကိုင်ရန်အတွက် နေ့စားအထွေထွေလုပ်သားများ အလုပ်လျှောက်ထားနိုင်ပါသည်။
- အောက်ဖော်ပြပါလုပ်ငန်းများအတွက် လုပ်သားများ အမြန်အလိုရှိနေပါသည်

| ကုမ္ပဏီအမည် | လုပ်ငန်းအမျိုးအစား | တည်နေရာ | လိုအပ်သောဦးရေ |
|---|---|---|---|
| ➢ Thai Summit Marketing Co.,Ltd. | ကြက်သားပြုပြင်ထုတ်လုပ်ရေးစက်ရုံ | Pathumthani | ကျား(၅၀)၊ မ (၁၅၀) |
| ➢ Kohler (Thailand) Public Co.,Ltd. | ကြွေရည်သုတ်စက်ရုံ | Saraburi | ကျား (၂၀၀) |
| ➢ Thai Union Worker Co.,Ltd. | ကြက်သားပြုပြင်ထုတ်လုပ်ရေးစက်ရုံ | Pathumthani | ကျား (၄၀)၊ မ (၁၆၀) |

- အခြေခံလစာ တစ်ရက် (၃၀၀)ဘတ် - စာချုပ်သက်တမ်း ၂ နှစ်
- အလုပ်ချိန် တစ်ရက် (၈)နာရီ - အသက် ၁၈ နှစ်မှ ၄၀
- အချိန်ပိုကြေး တစ်နာရီ (၅၆)ဘတ်
- မြန်မာနိုင်ငံအလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ချမှတ်ထားသည့်စည်းကမ်းများအတိုင်း စေလွှတ်ပေးပါသည်။
- ထိုင်းနိုင်ငံ၏အလုပ်သမားဥပဒေအတိုင်း ပြည့်ဝစွာအကျိုးခံစားခွင့် ရရှိမည်ဖြစ်ပါသည်။
- အလုပ်လုပ်ခွင့်လက်မှတ်၊ ပြည်ဝင်ခွင့်ဗီဇာ၊ စက်ရုံအလုပ်ရုံတည်နေရာ၊ အလုပ်လုပ်ခ၊ ခံစားခွင့်များမှန်ကန်တိကျမှု ရှိစေရန်နှင့် အလုပ်သမားများ ထိုင်းနိုင်ငံဥပဒေနှင့်အညီ ခံစားခွင့်များ ပြည့်ဝစွာရရှိခံစားနိုင်ရန် ထိုင်းအလုပ်ရှင်နှင့် စနစ်တကျစာချုပ်ချုပ်ဆို၍ စေလွှတ်ပေးပါသည်။

**အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကာယကံရှင်ကိုယ်တိုင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ- အမှတ် R-1 (D)၊ ပန်းခရေလမ်းသွယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ (၂)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊
ဖုန်း-၀၁-၆၃၅၇၆၄၊ ၀၉-၇၃၁၈၀၄၂၉၊ Email: labourasiaservices@gmail.com



## အမည်ပြောင်း

အဘဦးလှငွေ ၁၂/ဥကတ (နိုင်) ၀၀၆၅၈၉ ၏ သားဖြစ်သူ အ.ထ.က (၅) ဒဂုံမြို့သစ်မြောက်ပိုင်း မောင်မင်းခိုင်ငွေ (၁၂/ဒဂမ(နိုင်)၀၄၃၀၂၃)အား မောင်ဘုန်းတေဇာပိုင် ဟုပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဘုန်းတေဇာပိုင်



## အမည်ပြောင်း

ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၉၇၅၅၉ ၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ် အလက(၂) စတုတ္ထတန်းမှ မောင်ပိုင်သက်ကျော်အား မောင်အောင်မိုးထက်ဟု ပြောင်းလဲခေါ်ပါရန်။



## အမည်ပြောင်း

ဦးအောင်သန်းစိုး၏သမီး ရန်ကုန်မြို့၊ ရန်ကင်း(TTC) တတိယတန်း(က)မှ မဂျူးဂျူးရတီစိုးအား မသက်ထားစုစံဟု ပြောင်းလဲခေါ်ပါရန်။ **မသက်ထားစုစံ**



## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၆ခ/၃၇၁၇၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**



## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးလှငွေးစိန် ၁၂/ဥကမ(နိုင်) ၁၁၅၇၈၅၏ ကားနှင့်ပတ်သက်သော သွင်း/ကုန်ကြေညာလွှာအမှတ် ၇၀၂၄၉၄ မူရင်းစာရွက်နှင့် ကညနရုံးတွင် လုပ်ဆောင်ရမည့် စာရွက်စာတမ်းများ၊ ဓာတ်ပုံများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၁၁၇၉၃၄**

# စစ်ကိုင်းနန်းတည်နှစ် ၇၀၀ ပြည့်ပွဲတော်အတွက် ကြိုးစားပြင်ဆင်လျက်ရှိ



**စစ်ကိုင်း ဇွန် ၂၂**

စစ်ကိုင်းမြို့တည် နန်းတည်နှစ် ၇၀၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကြီး ကျင်းပရေး ဗဟိုဦးစီးကော်မတီ လုပ်ငန်းကော်မတီ ၁၃ ခုနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့ တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ သုံးသပ်ညှိနှိုင်းအကြံပြုခြင်းကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းမြို့ နှစ် ၇၀၀ ပြည့် အားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စစ်ကိုင်းမြို့တည်နန်းတည်နှစ် ၇၀၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးခဲ့ပြီး စစ်ကိုင်းမြို့ကို တည်ထောင်ခဲ့သည့် အသင်္ခယာစောယွန်းမင်း၏ ၁၃ ပေ ၉လက်မရှိ ကြေးသွန်းရုပ်တုကြီးထားရှိမည့် စစ်ကိုင်းမြို့ အိုးဘိုအဝိုင်းပတ်နေရာကိုလည်း ကြည့်ရှုခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့တည်နန်းတည်နှစ် ၇၀၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးကို ဇူလိုင် ၉ ရက်မှ ၁၁ရက်အထိ စစ်ကိုင်းမြို့ ပါရမီရပ်ကွက် အားကစားကွင်းကြီးအတွင်း၌ ပျော်ပွဲရွှင်ပွဲများ၊ ဌာနဆိုင်ရာပြခန်းများ၊ ဈေးဆိုင်ခန်းများဖြင့် ကျင်းပသွားမည်ဖြစ်သည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ဖောက်ထွင်းမှုကျူးလွန်သူများ ရက်သတ္တတစ်ပတ်အတွင်း ဖမ်းဆီးရမိ

**ခမောက်ကြီး ဇွန် ၂၂**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် အမှတ်(၁)ရပ်ကွက် ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်းမကြီး ဘေးဈေးဆိုင် အိမ်တွင် ဇွန် ၇ ရက်က ဖောက်ထွင်းခိုးယူမှု ဖြစ်ပွားသည့် ဖြစ်စဉ်၌ ဖောက်ထွင်းမှု ကျူးလွန်ခဲ့ပြီး တိမ်းရှောင်နေသူ သုံးဦးကို ရက်သတ္တတစ်ပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။ အဆိုပါ ဖောက်ထွင်းမှုဖြစ်စဉ် ကျူးလွန်သူများ ဖော်ထုတ်ရမိနိုင်ရေး ခမောက်ကြီးနယ်မြေရဲတပ်ဖွဲ့တာဝန်ရှိသူများ၊ ပြည်သူများ ဝိုင်းဝန်းကူညီ သတင်းပေးမှုကို ရယူလျက် စုံစမ်းဖော်ထုတ်မှုအရ ပြစ်မှုကျူးလွန်သူ သုံးဦးအနက် ခမောက်ကြီးမြို့ အမှတ်(၁)ရပ်ကွက်၌ နေထိုင်ကြသည့် ဘိုဘို(ခ) ကဘို(၂၂နှစ်)နှင့် ဝတုတ်(ခ) သူရအောင် (ခ) ပြည့်ဖြိုး(၂၃နှစ်) တို့နှစ်ဦးကို ထားဝယ်မြို့၌ မြို့နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ပြီး သန်းဝင်း (၂၆နှစ်)ကို ကော့သောင်းမြို့ ခြောက်မိုင်ရှိ ၎င်းအလုပ်လုပ်ကိုင်သည့် အလုပ်စခန်း၏ အလုပ်သမားများ အဆောင်တစ်ခု၌ ဇွန် ၁၇ ရက်က ဖမ်းဆီးရမိဖော်ထုတ်နိုင်ခဲ့၍ ဖောက်ထွင်းမှုကျူးလွန်သူ သုံးဦးကို ကော့သောင်းရဲတပ်ဖွဲ့စခန်းက ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဆွဲမိုင်းကြိုးထိ၍ ပြည်သူတစ်ဦး ဒဏ်ရာရ

**တာမိုးညဲ ဇွန် ၂၂**

ရှမ်းပြည်နယ် မူဆယ်ခရိုင် တာမိုးညဲမြို့နယ် အမှတ်(၄)ရပ်ကွက်နေ တောင်သူ ဦးကျိန်ကျားမိန့်(၂၅ နှစ်)သည် ဇွန် ၁၉ ရက် ည ၈ နာရီခန့်က ၎င်းပိုင်နွားကို တောအတွင်းသို့ လိုက်လံရှာဖွေစဉ် ဆွဲမိုင်းကြိုးကို ဝင်ရောက်တိုက်မိသဖြင့် ပေါက်ကွဲမှုကြောင့် ဒဏ်ရာများရရှိကာ တာမိုးညဲပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**

# မြန်မာအမျိုးသမီးများနေ့ သစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇွန် ၂၂**

ဇူလိုင် ၃ ရက်နေ့တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနှင့် တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများသို့ အမှိုက်ပုံးများ ပေးအပ်လှူဒါန်းပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်းရေလှောင်တမံကြီးဝိုင်း၌ ဇွန် ၂၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးလွင်က သစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ နာယက ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ သစ်တောစွမ်းအင်ဝန်ကြီး ဦးကျော်စိုးတို့က ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်ဥက္ကဋ္ဌများ၊ ကျောက်တန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများအား ပျိုးပင်များပေးအပ်ပြီး တိုင်းအတွင်းရှိ တိုက်နယ်ဆေးရုံများသို့ အမှိုက်ပုံး ၁၅၆ ပုံးကို နာယကဒေါ်ခင်သက်ဌေး၊ ဒေါ်ခင်အေးနွယ်က တိုင်းဒေသကြီးကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ရွှေထံသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် ဝန်ထမ်းများက စုပေါင်းသစ်ပင်များ စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပျဉ်းကတိုး၊ ကံ့ကော်၊ ခရေ၊ ရေတမာ အစရှိသည့် သစ်ပင်တစ်ထောင်ကျော် စိုက်ပျိုးခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံ ၂၇ ရုံအား အမှိုက်ပုံး ၁၅၆ ပုံး တန်ဖိုး ငွေကျပ်သိန်း ၁၃၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# မော်တော်ယာဉ်တိမ်းမှောက်၍ ယာဉ်မောင်းဒဏ်ရာရသေဆုံး



**မြင်းမူ ဇွန် ၂၂**

ဇွန် ၂၂ ရက် နံနက် ၅ နာရီခွဲခန့်က စစ်ကိုင်းဘက်မှ မုံရွာဘက်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီး တိမ်းမှောက်ပြီး **(ယာပုံ)**ယာဉ်မောင်းသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းဘက်မှ မုံရွာဘက်သို့ ယာဉ်မောင်း ကျော်စွာဝင်း မောင်းနှင်လာသည့် 2G/--- ကင်တာအဖြူရောင်ကုန်တင်ယာဉ်သည် မြင်းမူမြို့နယ် အလ္လကပ္ပရွာအနီး မုံရွာ-မန္တလေးကားလမ်း မိုင်တိုင် (၅၄/၆ ) နှင့် (၅၄/၇) အကြားအရောက် အရှိန်မထိန်းနိုင်ဘဲ တံတားအမှတ် (၃/၅၅) လက်ရန်းပေါင်ကို ဝင်ရောက်တိုက်မိပြီး ယာဉ်မောင်း ကျော်စွာဝင်းသည် အခင်းဖြစ်နေရာ၌ သေဆုံးသွားသဖြင့် တာဝန်မှူး ဒုရဲအုပ် ထွန်းသိန်းက တရားလိုပြုလုပ်တိုင်တန်းခြင်းဖြစ်သည်။

မြတ်သုခကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းကားဖြင့် သေဆုံးသူကို ဆေးရုံပို့ခြင်း၊ ယာဉ်တိုက်မှုဖြစ်ပွားသောနေရာ၌ ကားလမ်းပိတ်ဆို့သွားသဖြင့် ယာဉ်ကြော အမြန်ပွင့်စေရန် ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၇၉)


ဖိတ်ကြားလွှာ

ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပူဇော်ပွဲနှင့် အသင်းသားစုံညီ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ရွှေတိဂုံစေတီတော်ရင်ပြင် ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ ( ၈၉ )ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပူဇော်ပွဲ နှင့် အသင်းသားစုံညီ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါသဖြင့် အမှုဆောင်အသင်းသူ၊အသင်းသား၊အလှူရှင်များ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ( သီးခြားဖိတ်စာပေးပို့မည် မဟုတ်ပါ )

◆ အစီအစဉ် ◆

◆ ကျင်းပမည့်နေ့ရက် ။ ။ ၁၃၇၇ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၁၂)ရက်။ ၂၀၁၅ ခုနှစ် ၊ ဇွန်လ (၂၈) ရက် ၊ တနင်္ဂနွေနေ့ ။

◆ ကျင်းပမည့်အချိန် ။ ။ နံနက် ( ၉း၀၀ )နာရီ ။

◆ ကျင်းပမည့်နေရာ ။ ။ အမှတ်(၇၇/၇၉) ၊ အထက်ကြည့်မြင်တိုင်လမ်း ၊ ကြည့်မြင်တိုင်မြို့နယ် ၊ ရန်ကုန်မြို့ ။

အမှုဆောင်အဖွဲ့

ပရိယတ္တိသာသနာနုဂ္ဂဟရန်ကုန်ဆန်လှူအသင်းကြီး

ဖုန်း - ၅၃၇၉၂၈ ၊ ၅၂၃၆၉၄ ၊ ၅၃၆၂၃၅



ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ မြေကွက်အမှတ် ၅၃/အေ၊ ဧရိယာ ၀ ဒသမ ၁၆၁ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်း၊ အမှတ် (၆၁)ဟုခေါ်တွင်သော အဆောက်အအုံနှင့်စပ်လျဉ်း၍

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးလှမောင်၊ ဒေါ်ခင်ပုတို့၏ သားသမီးဖြစ်သည့် ၁။ ဒေါ်ခင်မြ၊ ၂။ ဒေါ်အေးမြင့်၊ ၃။ ဦးကျော်ထွန်းတို့နှင့် ဦးလှမောင်၊ ဒေါ်စန်းရီတို့၏ သားသမီးများဖြစ်သော ဒေါ်တင်တင်ဦးနှင့် ဦးခင်မောင်ရွှေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၊ မြေကွက်အမှတ် ၅၃/အေ၊ ဧရိယာ ၀ ဒသမ ၁၆၁ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်း၊ အမှတ် (၆၁)ဟုခေါ်တွင်သော အဆောက်အအုံတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေများ၏အဘိုး ဦးစံလွန်းနှင့် အဘွား ဒေါ်အုံးမြတို့မှ ဆင်းသက်သည့်သားသမီးများဖြစ်ကြသော ဦးလှမောင်၊ ဒေါ်သန်းမြင့်၊ ဦးထွန်းရိုန်နှင့် ဦးကျော်မြင့်တို့ပိုင်ဆိုင်ကြပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေများနှင့် ကွယ်လွန်သူ ဒေါ်ခင်မြင့်၏သားသမီးများက အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အဆောက်အအုံတို့ကို မြန်မာ့ဝေလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံ အကျိုးခံစားခွင့်ရှိပြီး အမွေမခွဲဝေရသေးသော ပစ္စည်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေများ၏ တရားဝင်သဘောတူချက်မရရှိဘဲ အထက်ဖော်ပြပါ အမွေဆိုင်ပစ္စည်းကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အငှားချထားခြင်း၊ နေထိုင်ခွင့်ပြုခြင်း၊ အာမခံတင်သွင်းခြင်း၊ ရှိရင်းစွဲအဆောက်အအုံကို ဖျက်သိမ်းဖယ်ရှားခြင်း၊ အဆောက်အအုံသစ်များဆောက်လုပ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် အသိပေးကြေညာပါသည်။ မလိုက်နာပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| ဦးလှရွှေ | ဦးစိုးကြည် | ဦးမောင်မောင် | ဦးဝင်းမင်းလွင် |
|---|---|---|---|
| စဉ်-၃၀၉၆ | စဉ်-၇၆၆၇ | စဉ်-၂၄၉၈၆ | စဉ်-၂၇၂၁၄ |

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ

အမှတ် ၉/၁၁၊ အခန်း (၃ ဘီ) မြေညီထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



ASIA KING

ချောင်းသာ(နေ့စဉ်)

နံနက်4:00am အထူး ကြို/ပို့ရှိသည်

Fully Aircom, Express

01-543319, 09-43114301



## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့၊ ဈေးကြီးရပ်ကွက်နေ ဒေါ်ကျင်မြင့်၏သား မောင်ဆန်းမြင့် ၇/ကဝန(နိုင်)၀၄၄၅၉၁ သည် မိဘ ညီအစ်ကိုမောင်နှမများ သဘောမတူသည့်ကိစ္စအား မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို လုံး၀(လုံး၀)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်-ဒေါ်ကျင်မြင့်နှင့်**

**ညီအစ်ကိုမောင်နှမများ**



## အမည်မှန်

ပုလဲစံပြ စံပြကိုယ်ပိုင်အထက်တန်းကျောင်းမှ ဦးအောင်ဇော်မိုး ၁၁/ကတန(နိုင်)၀၆၄၃၅၈ ၏သမီး တက္ကသိုလ်ဝင်တန်း(A)မှ မထက်မြက်အေး၏အမည်မှန်မှာ မထက်မြတ်အေး ဖြစ်ပါသည်။ **မထက်မြတ်အေး**



## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ ဦးစောမိုးကျော် ၉/အမရ(နိုင်)၀၅၉၆၇၄၏ သမီးများမှ မခိုင်ခိုင်စိုး(ခ)ချမ်းချမ်းမောင်၊ မထူးထူးမောင်တို့သည် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေသောကြောင့် သမီးများအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ **ဦးစောမိုးကျော်**



**ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံးမိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/7275, SKAT LFJ 3048G, Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ Myanmar New Power Motors Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**


ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

## ပြည်သူများသိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ **(The Code of Criminal Procedure)** ပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ(၁) ပုဒ်မခွဲငယ် (ဗ) ပါ "transportation" ဆိုသည့် စကားရပ်ကို "imprisonment for life " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ဘ)အဖြစ် ဖြည့်စွက်ရမည်-

**4.(1)(x)** " district" means the local limit of the jurisdiction of the District Court hereinafter called " District Court" and includes the Court of the Self-Administered Division or the Court of the Self-Administered Zone.

(ဂ) အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (မ)အဖြစ် ဖြည့်စွက်ရမည်-

**4.(1)(y)** "Session Court or Court of Session" in this Code means " **a** Court of the Self- Administered Division or **a** Court of the Self- Administered Zone or **a** District Court".

(ဃ) အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပုဒ်မခွဲ (၁) ပုဒ်မခွဲ (ယ) အဖြစ် ဖြည့်စွက်ရမည်-

**4.(1)(z)** " Magistrate " means and includes any judge who is empowered by the Code of Criminal Procedure, to take evidence and pronounce in any criminal proceeding, a definitive judgement.

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၆ ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

6.Besides the Supreme Court of the Union and Courts constituted under any law other than this Code for the time being in force there shall be three classes of criminal Courts in the Republic of the Union of Myanmar, namely-

I. High Courts of the Region or High Courts of the State;
II. Courts of the Self-Administered Division or Courts of the Self-Administered Zone, or District Courts;
III. Township Courts.

၄။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၈ တွင်-

(က) ပုဒ်မခွဲ (က)ပါ " the High Court" ဆိုသည့်စကားရပ်ကို " the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော " the Court of Session" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါစကားရပ်ကို ဖြည့်စွက်ရမည်-

**28.(c)** by the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court, or

(ဃ) ပုဒ်မခွဲ (ဂ)အား ပုဒ်မခွဲ (ဃ) အဖြစ်ပြောင်းလဲပြင်ဆင်ရမည်။

၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၉၉ ခ၊ ပုဒ်မ ၉၉ ဂ၊ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (၁)၊ပုဒ်မ ၁၀၆ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၁၈၅ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၈၆ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၂၇ ပုဒ်မခွဲ (၁) ၊ ပုဒ်မ ၃၃၉ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၃၃၉ က ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ်(က)၊ ပုဒ်မ ၃၄၁၊ ပုဒ်မ ၃၄၂ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ်(င)၊ ပုဒ်မ ၃၄၄ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၄၇ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၄၈ ၊ ပုဒ်မ ၃၆၄ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၁၀၊ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၆၅ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၆၉၊ ပုဒ်မ ၄၇၆ ပုဒ်မခွဲ (၁) ခြွင်းချက်၊ ပုဒ်မ ၄၇၈ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၇၉၊ ပုဒ်မ ၄၈၅၊ ပုဒ်မ ၄၈၇၊ ပုဒ်မ ၄၉၁ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၅၂၇ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၃၂ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၃၉ က ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၄၆က ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၆၅ ပုဒ်မခွဲ(၁)နှင့် ပုဒ်မ ၅၆၅ ပုဒ်မခွဲ (၄) တို့တွင်ပါရှိသော " the High Court " ဆိုသည့် စကားရပ်ကို " a High Court of the Region or a High Court of the State " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ပုဒ်မ ၄၂၇၊ ပုဒ်မ ၄၂၈ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၄၃၄ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၃၄ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၁၂ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၁၆ ၊ ပုဒ်မ ၅၁၇ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၂၆ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၂၆ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၂၆ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၅၂၆ ပုဒ်မခွဲ (၆ က)၊ ပုဒ်မ ၅၆၁-က တို့တွင်ပါရှိသော " the High Court " ဆိုသည့်စကားရပ်ကို " the Supreme Court of the Union or a High Court of the Region or a High Court of the State " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၀၃ ပုဒ်မခွဲ (၁) တွင်ပါရှိသော " the High Court " ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State or the Supreme Court of the Union " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၆။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၁ တွင်-

(က) **ပုဒ်မခွဲ (၁) ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-**

**31.(1)** The Supreme Court of the Union, may pass any sentence authorized by law.

(ခ) ပုဒ်မခွဲ(၂) ပါ"A Sessions Judge or Additional Sessions Judge " ဆိုသည့်စကားရပ်ကို " a High Court of the Region or a High Court of the State or a District Court " ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "such Judge" ဆိုသည့် စကားရပ်ကို " such Court " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၃)ကို ပယ်ဖျက်ရမည်။

၇။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၂ တွင် ပါရှိသော "Courts of Magistrates" ဆိုသည့် စကားရပ်ကို "Courts of Judges"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(က) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(က)တွင်ပါရှိသော "two years"ဆိုသည့် စကားရပ်ကို " three years" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "one thousand kyats" ဆိုသည့်စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(ခ)တွင်ပါရှိသော "six months" ဆိုသည့် စကားရပ်ကို "one year"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "two hundred kyats" ဆိုသည့်စကားရပ်ကို " fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(၁)၊ပုဒ်မခွဲငယ်(ဂ)တွင်ပါရှိသော "one month" ဆိုသည့် စကားရပ်ကို "three months" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "fifty kyats" ဆိုသည့် စကားရပ်ကို " thirty thousand kyats " ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၈။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄ တွင် " transportation for a term exceeding seven years of imprisonment" ဆိုသည့်စကားရပ်ကို "imprisonment for life " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၉၆ က ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၈၃၊ ပုဒ်မ၃၉၃ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၉၆၊ ပုဒ်မ ၃၉၇၊ ပုဒ်မ ၃၉၈ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၄၀၂ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၁၂ ပုဒ်မခွဲ(၂) နှင့် ပုဒ်မ ၅၆၅ ပုဒ်မခွဲ (၁)ပါ "transportation " ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၄၆ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၃၈၂ တို့ပါ "transportation for life" ဆိုသည့်စကားရပ်ကို လည်းကောင်း "imprisonment for life " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၉၉ စ၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(၁) ပုဒ်မ ၃၇၄၊ ပုဒ်မ ၃၇၅ ပုဒ်မခွဲ (၁) ၊ ပုဒ်မ ၃၇၅ ပုဒ်မခွဲ(၂) ၊ ပုဒ်မ ၃၇၅ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၃၇၆၊ ပုဒ်မ ၃၇၇၊ ပုဒ်မ ၃၇၉၊ ပုဒ်မ ၃၈၁၊ ပုဒ်မ ၃၈၂၊ ပုဒ်မ ၄၂၄၊ ပုဒ်မ ၄၉၁ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၅၅၈ တို့တွင်ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ် (၃က) ၊ပုဒ်မ ၁၂၃ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ် (၃ ခ)၊ ပုဒ်မ ၃၅၉ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၀ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၃၊ ပုဒ်မ ၃၇၁ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၄၁၀၊ ပုဒ်မ ၅၅၉ ပုဒ်မခွဲ (၃) တို့ပါ "Sessions Judge " ဆိုသည့် စကားရပ်ကို " District Judge " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ် (၃ခ) ပါ "Additional Sessions Judge" ဆိုသည့်စကားရပ်ကို " Additional District Judge" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Assistant Sessions Judge" ဆိုသည့်စကားရပ်ကို "Deputy District Judge" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၁၀ ပါ "Additional Sessions Judge" ဆိုသည့်စကားရပ်ကို"Additional District Judge or Deputy District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၅၉ ပုဒ်မခွဲ (၃)ပါ "Additional or Assistant Sessions Judge " ဆိုသည့် စကားရပ်ကို "Additional District Judge or Deputy District Judge " ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၂။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ တွင်ပါရှိသော "sessions division" ဆိုသည့်စကားရပ်ကို "other local area" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "High Court" ဆိုသည့်စကားရပ်ကို "High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၃ပုဒ်မခွဲ(၂)ပါ"Additional Sessions Judges" ဆိုသည့်စကားရပ်ကို"Additional District Judges" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Assistant Sessions Judges" ဆိုသည့် စကားရပ်ကို "Deputy District Judges " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Sessions Judge" ဆိုသည့်စကားရပ်ကို " District Judge" ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ "division" ဆိုသည့်စကားရပ်ကို "district" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၀ ပုဒ်မခွဲ (၂) တွင်ပါရှိသော "one hundred kyats" ကို " fifty thousand kyats " ဟုလည်းကောင်း၊ " fifty kyats " ကို "thirty thousand kyats"ဟု လည်းကောင်း၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(င) တို့တွင်ပါရှိသော "fifty kyats" ကို "thirty thousand kyats" ဟု လည်းကောင်း ပုဒ်မ ၃၉၅ ပုဒ်မခွဲ (၁) တွင်ပါရှိသော " five hundred kyats " ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် လည်း ကောင်း၊ ပုဒ်မ ၄၁၄ တွင်ပါရှိသော " two hundred kyats " ဆိုသည့် စကားရပ်ကို " twenty thousand kyats " ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၈၀ ပုဒ်မခွဲ(၁)နှင့် ၄၈၂ ပုဒ်မခွဲ(၁) တို့တွင်ပါရှိသော "two hundred kyats"ဆိုသည့် စကားရပ်ကို " twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၈၈ ပုဒ်မခွဲ (၁) နှင့် ၄၈၉ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော "one hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၂၅ တွင်ပါရှိသော " ten kyats" ဆိုသည့် စကားရပ်ကို " one thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်း ကောင်း၊ ပုဒ်မ ၅၂၆ (၆က) တွင်ပါရှိသော " two hundred and fifty kyats" ဆိုသည့် စကား ရပ်ကို "twenty-five thousand kyats" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၄။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၆၀ တွင်-

(က) ပုဒ်မခွဲ (၁) ဒုတိယစာပိုဒ် ပုဒ်မခွဲငယ် (က) ပါ "transportation" ဆိုသည့် စကားရပ်ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁) ဒုတိယစာပိုဒ် ပုဒ်မခွဲငယ် (ခ) (ဂ) (ဃ)တွင်ပါရှိသော "one hundred kyats"ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ည) ပါ " offences under section 20 of the Cattle Trespass Act" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ ပုဒ်မခွဲ (၅ က)တွင် အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

**345.(5A)** The Supreme Court of the Union or a High Court of the Region or a High Court of the State or a District Court acting in the exercise of its powers of revision under section 439 may allow any person to compound any offence which he is competent to compound under this section.

၁၆။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၀ ပုဒ်မခွဲ(၁)ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

**360.(1)** As the evidence of each witness taken under section 356 is completed, it shall be read over to him in the presence of the accused, if in attendance, or of his pleader, if he appears by pleader, and shall, if necessary, be corrected and such evidence taken down shall be signed by the witness on every page.

၁၇။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၅ တွင်-

(က) "The High Court" ဆိုသည့်စကားရပ်ကို"The Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "the Court" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၆ တွင်-

(က) ပထမခြွင်းချက်ကိုပယ်ဖျက်ရမည်။

(ခ) ဒုတိယခြွင်းချက်ပါ " further," ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ဒုတိယခြွင်းချက်ပါ"Session Judge"ဆိုသည့်စကားရပ်ကို "District Judge" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၈ ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

**408.** Any Person convicted on a trial held by a Township Judge or an Additional Township Judge or a Deputy Township Judge may appeal to the District Court.

၂၀။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၉ ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

**409.** An appeal to the District Court shall be heard by the District Judge or by a Additional District Judge or Deputy District Judge as the District Judge may make over to him.

၂၁။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၄၁၁ ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

**411.** Any person convicted on a trial held by **a** High Court of the Region or **a** High Court of the State, may appeal to the Supreme Court of the Union.

၂၂။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၁၃ တွင် ပါရှိသော "two hundred Kyats" ဆိုသည့်စကားရပ်ကို "twenty thousand Kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "one hundred Kyats"

စာမျက်နှာ(၁၆)သို့

စာမျက်နှာ ၁၅ မှ

ဆိုသည့်စကားရပ်ကို "ten thousand Kyats" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၂၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၅ တွင် -
(က) ပုဒ်မခွဲ (၁)ပါ"the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union or **a** High Court of the Region or **a** High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (၂) ပါ "the High Court" ဆိုသည့် စကားရပ်များကို" the Supreme Court of the Union or **a** High Court of the Region or **a** High Court of the State" ဆိုသည့် စကားရပ်များဖြင့် အစားထိုးရမည်။

၂၄။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၆ တွင် -
(က) ပုဒ်မခွဲ (၂) ပါ"the High Court" ဆိုသည့် စကားရပ်ကို " the Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (၃) ပါ"transportation" ဆိုသည့်စကားရပ်ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅ တွင်-
(က) ပုဒ်မခွဲ (၁)တွင် ပါရှိသော "The High Court" ဆိုသည့် စကားရပ်ကို "The Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
( ခ) ပုဒ်မခွဲ (၁) ပါ"Sessions Judge or District Magistrate"ဆိုသည့်စကား ရပ်ကို "District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ဂ) ပုဒ်မခွဲ (၁) ပါ "or any Sub-divisional Magistrate empowered by the President of the Union in this behalf" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။
(ဃ) ရှင်းလင်းချက်ကို ပယ်ဖျက်ရမည်။

၂၆။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ တွင်ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ " Sessions Judge " ဆိုသည့် စကားရပ်ကို "District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "District Magistrate" ဆိုသည့် စကားရပ်ကို "District Court" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၂၇။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၇ တွင်ပါရှိသော" the Sessions Judge or District Magistrate" ဆိုသည့်စကားရပ်ကို " the District Judge" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ “ the Court of Session” ဆိုသည့်စကားရပ်ကို “the District Court” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၂၈။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ ပုဒ်မခွဲ(၁) ပုဒ်မခွဲ(၄) နှင့် ပုဒ်မ ၄၄၂ တို့တွင် ပါရှိသော " the High Court" ဆိုသည့်စကားရပ်ကို " the Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " the State or Divisional Court " ဆိုသည့် စကားရပ်ကို "the District Court "ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၉။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၇ တွင်-
(က) ပုဒ်မခွဲ (၁) တွင်ပါရှိသော " with death " ဆိုသည့်စကားရပ်နောက်တွင်" or with imprisonment for life or with unlimited period of imprisonment " ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။
(ခ) ပုဒ်မခွဲ (၁) ပါ" or with transportation for life " ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။
(ဂ) ပုဒ်မခွဲ (၅) ပါ"The High Court " ဆိုသည့်စကားရပ်ကို " The Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၈ တွင်-
(က) ပုဒ်မခွဲ (၁)ပါ "The High Court" ဆိုသည့်စကားရပ်ကို " The Supreme Court of the Union or a High Court of the Region or a High Court of the State " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (၂) ခြွင်းချက်တွင်ပါရှိသောစကားရပ်ကို " Provided that no person shall be admitted to bail under this section, unless the Attorney General of the Union or Advocate-General of the Region or the Advocate-General of the State or Public Prosecutor, as the case may be, has had an opportunity of being heard." ဆိုသည့်စကားရပ် ဖြင့်အစားထိုးရမည်။

၃၁။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၉ ပုဒ်မခွဲ (၂) တွင်ပါရှိသော "High Court" ဆိုသည့်စကားရပ်ကို "Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၁တွင်ပါရှိသော " sessions division" နှင့် "sub-division" ဆိုသည့်စကားရပ်တို့ကိုပယ်ဖျက်ရမည်။

၃၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၃၉ တွင် -
(က) " the High Court " ဆိုသည့် စကားရပ်ကို " a High Court of the Region or a High Court of the State " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) " or any Commissioner to administer oaths in England or Ireland, or any Magistrate authorized to take affidavits or affirmations in Scotland" ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။

၃၄။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၅၄ ပုဒ်မခွဲ(၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

**554(1).** The Supreme Court of the Union may make rules for the inspection of subordinate Courts.

၃၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ တွင် -
(က) ပုဒ်မခွဲ(၁) ပါ"transportation for life" ဆိုသည့်စကားရပ်ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (၂) နှင့် (၃) ပါ " The High Court" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၂၊ ပုဒ်မ ၁၁၅ (ပထမပိုင်း)၊ ပုဒ်မ ၁၁၈(ပထမပိုင်း)၊ပုဒ်မ၁၁၉(ဒုတိယပိုင်း)၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၂၀၁ (ဒုတိယပိုင်း)၊ ပုဒ်မ ၂၁၁ (တတိယပိုင်း)၊ ပုဒ်မ ၂၁၂ (ဒုတိယပိုင်း)၊ ပုဒ်မ ၂၁၃ (ဒုတိယပိုင်း)၊ ပုဒ်မ ၂၁၄ (ဒုတိယပိုင်း)၊ ပုဒ်မ ၂၁၆ (ဒုတိယပိုင်း)၊ ပုဒ်မ ၂၂၁ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၀၂ (ပထမပိုင်း)၊ ပုဒ်မ ၃၀၇ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၈၈ (ပထမပိုင်း)၊ ပုဒ်မ ၃၈၉ (ပထမပိုင်း)နှင့် ပုဒ်မ ၄၅၀ ပါ "transportation for life" ဆိုသည့်စကားရပ်ကို "imprisonment for life" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၇။ ရာဇဝတ်ကျင့်ထုံး ဥပဒေဇယား၂၊ စာတိုင် ၂ ပါ ပုဒ်မ ၁၂၀ ခ၊ စာတိုင်၂ နှင့် စာတိုင် ၇ ပါပုဒ်မ ၅၁၁ နှင့် အခြားဥပဒေကို ကျူးလွန်သူများခေါင်းစဉ်အောက်ရှိ စာတိုင် ၂ တို့တွင်ပါရှိသည့် "transportation" ဆိုသည့်စကားရပ်ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၈။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား ၂၊ စာတိုင် ၇၊ ပုဒ်မ ၁၂၃၊ ပုဒ်မ ၁၂၅၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၃၀၊ ပုဒ်မ ၁၃၁၊ပုဒ်မ ၁၃၂၊ ပုဒ်မ ၁၉၄၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၈၊ ပုဒ်မ ၂၅၅၊ ပုဒ်မ ၃၀၂ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၀၄၊ပုဒ်မ ၃၀၅၊ ပုဒ်မ ၃၀၇ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၁၁၊ ပုဒ်မ ၃၁၃၊ ပုဒ်မ ၃၁၄ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၂၆၊ ပုဒ်မ ၃၂၉၊ ပုဒ်မ ၃၆၄၊ ပုဒ်မ ၃၇၁၊ ပုဒ်မ ၃၇၆ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၇၆ (တတိယပိုင်း)၊ ပုဒ်မ ၃၇၇၊ ပုဒ်မ ၃၈၈ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၈၉ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၉၄၊ ပုဒ်မ ၃၉၅၊ ပုဒ်မ ၃၉၆၊ ပုဒ်မ ၄၀၀၊ ပုဒ်မ ၄၀၉၊ ပုဒ်မ ၄၁၂၊ ပုဒ်မ ၄၁၃၊ ပုဒ်မ ၄၃၆၊ ပုဒ်မ ၄၃၈၊ ပုဒ်မ ၄၄၉၊ ပုဒ်မ ၄၅၉၊ ပုဒ်မ ၄၆၀၊ပုဒ်မ ၄၆၇၊ပုဒ်မ ၄၇၂၊ ပုဒ်မ ၄၇၄ (ဒုတိယပိုင်း)၊ပုဒ်မ ၄၇၅၊ပုဒ်မ ၄၇၇၊ ပုဒ်မ ၄၈၉ က၊ ပုဒ်မ ၄၈၉ ခ နှင့် ပုဒ်မ ၄၈၉ ဃ ပါ "transportation for life" ဆိုသည့်စကားရပ်ကို" imprisonment for life" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၉။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၁၂၄-က တွင်ပါရှိသည့် "transportation for life or for any term and fine, or imprisonment of either description for three years and fine,"ဆိုသည့် စကားရပ်ကို " imprisonment for life and fine, or imprisonment of either description for seven years and fine, " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၀။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၁၃၇၊ ပုဒ်မ ၁၄၀၊ ပုဒ်မ ၁၇၁-ဇ၊ ပုဒ်မ ၁၇၁-ဈ၊ ပုဒ်မ ၁၇၂ (ပထမပိုင်း)၊ ပုဒ်မ ၁၇၃ (ပထမပိုင်း)၊ ပုဒ်မ ၁၇၄ (ပထမပိုင်း)၊ ပုဒ်မ ၁၇၅ (ပထမပိုင်း)၊ ပုဒ်မ ၁၇၆ (ပထမပိုင်း)၊ ပုဒ်မ ၁၈၀၊ ပုဒ်မ ၁၈၄၊ ပုဒ်မ ၁၈၆၊ ပုဒ်မ ၁၈၇(ဒုတိယပိုင်း)၊ ပုဒ်မ ၂၇၇၊ ပုဒ်မ ၂၇၈၊ ပုဒ်မ ၂၇၉-က၊ ပုဒ်မ ၃၃၄၊ ပုဒ်မ ၃၃၆၊ ပုဒ်မ ၃၄၁၊ ပုဒ်မ ၃၅၂ နှင့် ပုဒ်မ ၄၄၇ တို့တွင်ပါရှိသော" 500 kyats " ဆိုသည့်စကားရပ်ကို " 50,000 kyats " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၁။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၁၅၄၊ ပုဒ်မ ၁၇၂ (ဒုတိယပိုင်း)၊ ပုဒ်မ ၁၇၃ (ဒုတိယပိုင်း)၊ ပုဒ်မ ၁၇၄ (ဒုတိယပိုင်း)၊ ပုဒ်မ ၁၇၅ (ဒုတိယပိုင်း)၊ ပုဒ်မ ၁၇၆ (ဒုတိယပိုင်း)၊ ပုဒ်မ ၁၇၇ (ပထမပိုင်း)၊ ပုဒ်မ ၁၇၈၊ ပုဒ်မ ၁၇၉၊ ပုဒ်မ ၁၈၂၊ ပုဒ်မ ၁၈၃၊ ပုဒ်မ ၁၈၈(ဒုတိယပိုင်း)၊ ပုဒ်မ ၂၂၈၊ ပုဒ်မ ၂၇၂၊ ပုဒ်မ ၂၇၃၊ ပုဒ်မ ၂၇၄၊ ပုဒ်မ ၂၇၅၊ ပုဒ်မ ၂၇၆၊ ပုဒ်မ ၂၇၉၊ ပုဒ်မ ၂၈၀၊ ပုဒ်မ ၂၈၂၊ ပုဒ်မ ၂၈၄၊ ပုဒ်မ ၂၈၇၊ ပုဒ်မ ၂၈၈၊ ပုဒ်မ ၂၈၉၊ ပုဒ်မ ၂၉၄-က(ဒုတိယပိုင်း၊ တတိယပိုင်း)၊ ပုဒ်မ၃၂၃၊ ပုဒ်မ ၃၃၇၊ ပုဒ်မ ၃၄၂၊ ပုဒ်မ ၃၅၇ နှင့် ပုဒ်မ ၄၄၈ တို့တွင်ပါရှိသော"1,000 kyats" ဆိုသည့်စကားရပ်ကို "100,000 kyats"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၂။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါပုဒ်မ ၁၆၀ တွင် ပါရှိသော " 100 kyats " ဆိုသည့်စကားရပ်ကို " 10,000 kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၃။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါပုဒ်မ ၁၇၁၊ ပုဒ်မ ၁၈၅၊ ပုဒ်မ ၁၈၇ (ပထမပိုင်း)၊ ပုဒ်မ ၁၈၈ (ပထမပိုင်း)၊ ပုဒ်မ ၂၆၃-က(၁)(ဂဂ)၊ ပုဒ်မ ၂၈၃၊ ပုဒ်မ ၂၉၀၊ ပုဒ်မ ၃၅၈ နှင့် ပုဒ်မ ၄၉၁ တို့တွင်ပါရှိသော " 200 kyats "ဆိုသည့်စကားရပ်ကို " 20,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၄။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင်၂ ပါ ပုဒ်မ ၂၂၂ (ဒုတိယပိုင်း) တွင်ပါရှိသည့် " transportation for life, or transportation" ဆိုသည့်စကားရပ်နှင့် စာတိုင် ၇ ပါပုဒ်မ ၂၂၂(ပထမပိုင်း) တွင်ပါရှိသော" transportation for life" ဆိုသည့်စကားရပ်များကို "imprisonment for life" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၅။ (က) ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင်၂၊ ပုဒ်မ၂၂၅ (ဒုတိယပိုင်းနှင့်စတုတ္ထပိုင်း) တွင်ပါရှိသည့် "transportation for life" ဆိုသည့် စကားရပ်ကို "imprisonment for life" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင်၂၊ ပုဒ်မ၂၂၅ (စတုတ္ထပိုင်း)တွင်ပါရှိသည့် " to transportation or" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။
(ဂ) ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင်၇၊ ပုဒ်မ၂၂၅ (ပဥ္စမပိုင်း) တွင် ပါရှိသည့် "transportation for life" ဆိုသည့်စကားရပ်ကို "imprisonment for life " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၆။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂ ပါ ပုဒ်မ ၂၂၆ ကို ပယ်ဖျက်ရမည်။

၄၇။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၃၃၅ တွင်ပါရှိသော " 2,000 kyats" ဆိုသည့် စကားရပ်ကို "200,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၈။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၅ ပါပုဒ်မ ၄၀၆ တွင်ပါရှိသော "Not bailable" ဆိုသည့်စကားရပ်ကို " Bailable " ဆိုသည့်စကားရပ်ကို အစားထိုးရမည်။

၄၉။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင် ၇ ပါပုဒ်မ ၄၁၇ တွင်ပါရှိသော ထောင်ဒဏ် "1 year" ဆိုသည့်စကားရပ်ကို " 3 years " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅၀။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင် ၂ ပါပုဒ်မ ၄၂၇တွင်ပါရှိသည့်"50 kyats" ဆိုသည့်စကားရပ်ကို " 5,000 kyats " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၂၈ တွင်ပါရှိသည့် "10 kyats " ဆိုသည့်စကားရပ်ကို " 1,000 kyats " ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၂၉ တွင်ပါရှိသည့် " 50 kyats" ဆိုသည့်စကားရပ်ကို" 5,000 kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၃၅ တွင်ပါရှိသည့် "100 kyats" ဆိုသည့် စကားရပ်ကို " 10,000 kyats " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊" 10 kyats " ဆိုသည့် စကားရပ်ကို " 1,000 kyats " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၅၁။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါပုဒ်မ ၅၁၀တွင်ပါရှိသော"10 kyats" ဆိုသည့် စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

# မွန်ပြည်နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲစုပေါင်းဆင်နွှဲ

**မုဒုံ ဇွန် ၂၂**

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပ၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မုဒုံမြို့ ရွှေဟ်သာဂေါက်ကွင်းအနီး၌ ဇွန်လဒုတိယပတ်ကကျင်းပခဲ့ရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေတို့ တက်ရောက်ကာ အသောကပင်အား အမှတ်တရစိုက်ပျိုးခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း အပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မော်လမြိုင်မြို့ လေယာဉ်ကွင်းအနီး၌ ပြည်နယ်သစ်တောရေးရာဝန်ကြီး ဦးဝင်းမော်ဦးက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်မှ ပြည်သူများ စုပေါင်းကာ ဇွန်လပထမပတ်က သစ်မျိုးပေါင်း ၅၀၄ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# သမဝါယမအသင်းဝင် တောင်သူများအတွက် လယ်ယာသုံးထွန်စက်များ အရစ်ကျရောင်းချ



**လပွတ္တာ ဇွန် ၂၂**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းမှ လယ်ယာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းဝင်တောင်သူလယ်သမားများအတွက် လယ်ယာသုံးထွန်စက်များကို မြို့နယ်သမဝါယမအသင်းစု(လီမိတက်)က ဇွန် ၁၉ ရက်မှစ၍ အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထွန်စက်ဝယ်ယူသော တောင်သူလယ်သမားတစ်ဦးက ယခုလိုအရစ်ကျစနစ်ဖြင့် ရောင်းချပေးသဖြင့် လယ်ယာလုပ်ငန်းတိုးတက်ရေးကို အထောက်အကူပြုပြီး သီးနှံများအထွက်တိုးသဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားသည်။ တောင်သူများ၏ လယ်ယာလုပ်ငန်းတွင် အထောက်အကူဖြစ်စေပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန်၊ စပါးအထွက်တိုးရန်၊ ကုန်ကျစရိတ် သက်သာစေရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်သားရှားပါးနေမှု အခက်အခဲကို လျော့ပါးစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အမျိုးအစားကောင်းမွန်သော ထိုင်းဆင်လက်ကိုင်ထွန်စက်များကို ရောင်းချပေးခြင်းဖြစ်ကြောင်း မြို့နယ်သမဝါယမအသင်းစု(လီမိတက်)မှသိရသည်။ **(ခရိုင်ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**သရက် ဇွန် ၂၂**
ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ဇွန် ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းပွဲကို ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ရာ သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြမြကြိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ဆွေဦးက ၅၄ ကြိမ်မြောက်၊ ဒေါ်နှင်းရီက ၄၄ ကြိမ်မြောက်နှင့် ဒေါ်ခင်ဖြူက ၃၃ ကြိမ်မြောက်အဖြစ် စုပေါင်းသွေးလှူဒါန်းခဲ့သည်။

အမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူပွဲအပြင် ဆိုင်းဘုတ်တင်ပွဲကို ဗိုလ်ချုပ်အားကစားကွင်းတွင်လည်းကောင်း၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မြို့နယ်အသီးသီး၌ အမျိုးသမီးရေးရာအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

**ပေါက်ကလေး(သရက်)**

# မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) ပန္နက်တင်ရန် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၂၂**
မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နှစ်နိုင်ငံ ဆက်သွယ်သောလမ်းများနှင့် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) ပန္နက်တင်အခမ်းအနားကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၉ ရက်တွင် ကျင်းပခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ Department Of Highways တို့ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်နီးချင်းနိုင်ငံများနှင့် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်း၊ မြန်မာ-ထိုင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ Department of highways တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် Infrastructure Development လုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) ပန္နက်တင် တည်ဆောက်ရေး၊ တည်ဆောက်ပြီးစီးသည့် မြဝတီ-သက်န်းညီနောင်-ကော့ကရိတ်လမ်းကို လွှဲပြောင်းလက်ခံရေး၊ Neda မှ အကူအညီပေးမည့် သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းကိစ္စ၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံ ကန်ချာနာပူရီခရိုင် ဖူနာရမ်သို့ ဆက်သွယ်မည့် လမ်းကြောင်း၊ ဘန်ကောက်မြို့သို့ ပင်လယ်ရေထွက်ပစ္စည်း အများဆုံးတင်ပို့နေသည့် မြိတ်-တနင်္သာရီ-မောတောင်လမ်းကိစ္စ၊ ထိုင်းနိုင်ငံ မယ်ဟောင်စန်မြို့မှ BP-13 ကိုဖြတ်၍ နေပြည်တော်သို့ အနီးဆုံးဆက်သွယ်နိုင်မည့် လမ်းကြောင်းအခြေအနေများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ Department of highways မှ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို နေ့လယ်ပိုင်းတွင် ဆက်လက်ကျင်းပခဲ့ပြီး ဘဏ်နာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တန်ဖိုးနည်းအိမ်ရာများကို ချေးငွေထုတ်ပေးရန်အတွက် ဆောက်လုပ်ရေးဘဏ်နှင့် မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်ခွဲများဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနကလည်း အစွမ်းကုန် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ ဘဏ်၏ လုပ်ငန်းတိုးတက်မှုအခြေအနေ၊ ဝင်ငွေနှင့် ဘဏ္ဍာရေးအခြေအနေ၊ အစုရှယ်ယာများအခြေအနေ၊ ချေးငွေထုတ်ပေးမှုအခြေအနေ၊ ဘဏ်ခွဲများတိုးချဲ့ ဖွင့်လှစ်ရေးကိစ္စများကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ကျော်လွင်**



# ရမည်းသင်းမြို့နယ်အတွင်း လမ်းများအဆင့်မြှင့်တင်ပြီး တံတားနှင့် ရေကျော်များတည်ဆောက်

**ရမည်းသင်း ဇွန် ၂၂**
ရမည်းသင်းမြို့နယ်အတွင်း ပြည်သူများ သွားလာရေးလွယ်ကူချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်အတွက် လမ်းများအဆင့်မြှင့်တင်ခြင်း၊ တံတားများနှင့် ရေကျော်များတည်ဆောက်ခြင်းတို့ကို ရမည်းသင်းမြို့နယ် လမ်းဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေများဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရမည်းသင်း-မြို့လှလမ်းပေါ်တွင် ၃၄ ပေအရှည်ရှိ တံတားနှစ်စင်းကို တည်ဆောက်လျက်ရှိပြီး ရမည်းသင်း-ရွာတန်းလမ်းပိုင်းတွင်လည်း ၃၄ ပေတံတားနှစ်စင်း အပါအဝင် စုစုပေါင်းတံတားနှင့် ရေကျော် ၂၇ စင်းကို တည်ဆောက်လျက်ရှိသည့်အပြင် ယင်းလမ်းပိုင်းတွင် ပါဝင်သော ဘုမ္မတံတားကြီးကိုလည်း ပေ ၆၀ အာရ်စီသံကူကရစ်တံတားအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရမည်းသင်းမြို့ အရှေ့ဘက်ပိုင်းရှိ ခရိုင်ချင်းဆက်လမ်းမကြီးနှင့် ဆက်သွယ်ပေးထားသော ရမည်းသင်း-ရွှေမြင်တင်လမ်းပိုင်းတွင် လည်း ၃၄ ပေ တံတားနှစ်စင်းနှင့် ရေကျော်တစ်ခုကို တည်ဆောက်လျက်ရှိကာ ဆည်ကြီးတံတားကိုလည်း ပေ ၆၀ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်လျက်ရှိပြီး လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးအတွက် လမ်းဦးစီးဌာန ဦးစီးအရာရှိရုံးက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# အနုပညာကိုဝါသနာပါသူများအတွက် ရန်ကုန်နှင့်မန္တလေး အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်များ

နိုင်ငံတကာ အနုပညာလောကတွင် အနုပညာဝါသနာရှင်များ၊ လူငယ်များ၊ အနာဂတ်တွင် အနုပညာကို ပရော်ဖက်ရှင်နယ်ပီသစွာ ရပ်တည်လိုသူများအတွက် အနုပညာတက္ကသိုလ်များ သင်တန်းကျောင်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ ထင်ရှားကျော်ကြားသည့် နိုင်ငံတကာအနုပညာရှင် အများစုသည် အဆိုပါ အနုပညာတက္ကသိုလ်နှင့် သင်တန်းကျောင်းများမှ မွေးထုတ်ခဲ့ကြသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင်လည်း သဘင်၊ ဂီတ၊ ရုပ်ရှင်စသည့် အနုပညာများကို ဝါသနာပါပြီး ပရော်ဖက်ရှင်နယ်အဆင့် ရပ်တည်လိုသူ မျိုးဆက်သစ်လူငယ်များအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့ကို ဖွင့်လှစ်ထားသည်။ အဆိုပါတက္ကသိုလ်များတွင် အထူးပြုဘာသာရပ်များအဖြစ် ဂီတ၊ သဘင်၊ ပန်းချီ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်အထူးပြုဘာသာရပ်များကို သင်ကြားပေးလျက်ရှိသည်။

တက္ကသိုလ်များသို့ တက်ရောက်လိုသော ကျောင်းသားကျောင်းသူများအတွက် အဓိကလိုအပ်ချက်မှာ အနုပညာဝါသနာပါရန်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲ မည်သည့်ဘာသာတွဲနှင့်မဆို အောင်မြင်ခဲ့သူများကို လက်ခံသင်ကြားပေးသည်။ စုစုပေါင်းအမှတ် သတ်မှတ်ထားခြင်းလည်းမရှိဘဲ အနုပညာကို အမှန်တကယ်ဝါသနာပါပါက တက်ရောက်ခွင့်ရနိုင်မည်ဖြစ်ကြောင်း သိရသည်။ အနုပညာဝါသနာပါမှုကို လူတွေ့စစ်ဆေးမည်ဖြစ်သည်။

တက္ကသိုလ်တက်ရောက်ခွင့်ရပါက ဝိဇ္ဇာဘွဲ့အတွက် လေးနှစ်ဖြစ်ပြီး နှစ်နှစ်တက်ရောက်ပြီး Certificate ယူမည်ဆိုပါကလည်း ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ လေးနှစ်တက်ပြီးနောက် အရည်အချင်းပြည့်မီပါက ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို တစ်နှစ်ထပ်တက်နိုင်မည်ဖြစ်သည်။

နှစ်စဉ် နိုဝင်ဘာ ၁ ရက်တွင် ပညာသင်နှစ်ကို စတင်ဖွင့်လှစ်လျက်ရှိပြီး ပထမနှစ်ဝက်ကို ဖေဖော်ဝါရီလထိ လေးလတက်ရောက်၍ မတ်လတွင် ပထမနှစ်ဝက်စာမေးပွဲကိုဖြေဆိုကြရမည် ဖြစ်သည်။ ဧပြီတစ်လနား၍ ဒုတိယနှစ်ဝက်ကို မေလမှစတင်ကာ ဩဂုတ်လအထိ တက်ရောက်ပြီး စက်တင်ဘာလတွင် ဒုတိယနှစ်ဝက်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်သည်။ ထို့နောက် အောက်တိုဘာတစ်လကျောင်းပိတ်ပြီး နိုဝင်ဘာလတွင် ပညာသင်နှစ်တစ်နှစ်ပြန်လည် စတင်မည်ဖြစ်သည်။

ယခုနှစ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အနုပညာ(မန္တလေး)တို့သို့ တက်ရောက်လိုသူများအတွက် လျှောက်လွှာများကို စတင်လက်ခံနေပြီဖြစ်ကာ လျှောက်လွှာပုံစံများကို အမှတ် (၁/၈၅) အောင်ဇေယျာလမ်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင်လည်းကောင်း၊ ရွှေစာရံဘုရားလမ်း အုန်းချောကျေးရွာ ပုသိမ်ကြီးမြို့နယ် မန္တလေးတိုင်းဒေသကြီးရှိ အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ် (မန္တလေး)တွင်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.culture. gov.mm နှင့် www.facebook. com/ministry of culture.culturemyanmar စာမျက်နှာများတွင်လည်းကောင်း download ရယူပြီး လျှောက်ထားနိုင်ပြီဖြစ်ကြောင်းသိရသည်။ အနုပညာကို ဝါသနာပါသူ လူငယ်များအား ရန်ကုန်နှင့်မန္တလေး အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်များက ကြိုဆိုလျက်ရှိနေပြီဖြစ်သည်။

**ဝင်းဝင်းမော်**

# အခြေခံမဲဆန္ဒရှင်စာရင်းနှင့် မဲစာရင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ရပ်ကွက် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ ဖြန့်ဝေ

**ကျောက်ပန်းတောင်း ဇွန် ၂၂**

ကျောက်ပန်းတောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို ဇွန် ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမ၌ ကျင်းပခဲ့ပြီး ရပ်ကွက် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ အခြေခံမဲစာရင်းပုံစံ(၁)နှင့် မဲစာရင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ၊ ဗီနိုင်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ရှိန်က ရပ်ကွက် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်များကို သေသေချာချာဖတ်ရှုထားပြီး တိတိကျကျလိုက်နာဆောင်ရွက်သွားကြရန်နှင့် အခြေခံမဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၊ ကျေးရွာခွဲများတွင် အများပြည်သူ မြင်သာသည့်နေရာများ၌ သတ်မှတ်ချိန်အတိုင်းကပ်ထားကြေညာရန်၊ ကြေညာထားသော စာရင်းများ မိုးရေစိုစွတ်မှုမရှိစေရေးနှင့် မသမာသူများ၏ဖျက်ဆီးမှုမရှိစေရေး သတိပြုရန်၊ စာရင်းကို ပြုပြင်ရန်၊ ပယ်ဖျက်ရန်နှင့် ဖြည့်စွက်ရန်ရှိပါက ရပ်ကွက် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက စိစစ်၍ လိုအပ်သည့်ပုံစံများထုတ်ပေးပြီး ၁၄ ရက်အတွင်း ပြန်လည်လျှောက်ထားစေရန် အသိပေးနှိုးဆော်ရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်က တွေ့ကြုံလာနိုင်သည့် လုပ်ငန်းအခက်အခဲများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့် ကိစ္စရပ်များ၊ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် လဝကဦးစီးမှူး ဦးမျိုးခိုင်နှင့် ဦးသိန်းဝင်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသည့် ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ကျောက်ပန်းတောင်းမြို့နယ် ရပ်ကွက် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ တက်ရောက်ကြပြီး၊ ရပ်ကွက် ကျေးရွာအလိုက် ကြေညာရမည့် အခြေခံမဲဆန္ဒရှင်စာရင်းများ၊ မဲစာရင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များနှင့် ဗီနိုင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဖြန့်ဝေပေးခဲ့ကာ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဇွန် ၂၂ ရက် မှ ဇူလိုင် ၅ ရက်အထိ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၁၈ နှစ်ပြည့်ပြီးသည့် ဒေသခံပြည်သူများအနေဖြင့် အခြေခံမဲဆန္ဒရှင် စာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့်လည်းကောင်း၊ အချက်အလက်များ



မမှန်လျှင် ပုံစံ(၄-က)ဖြင့်လည်းကောင်းလျှောက်ထားနိုင်ပြီး ကွယ်လွန်ပြီးသူများနှင့် မဲပေးပိုင်ခွင့်မရှိသူများ ပါဝင်နေလျှင် အထောက်အထားများနှင့်အတူ ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါပုံစံများကို သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာကော်မရှင်များထံမှတောင်းယူ၍ ၁၄ ရက်အတွင်း ပြန်လည်လျှောက်ထားနိုင်ကြောင်း သိရသည်။

**နေအောင်(iprd)**



# မြင်းခြံမြို့သန့်ရှင်းလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မြင်းခြံ ဇွန် ၂၂**

မြင်းခြံမြို့အဝင် မြင်းခြံ-ပုဂံ-ညောင်ဦးလမ်းမကြီး လမ်းဘေးတစ်လျှောက် သန့်ရှင်းလှပစေရေးအတွက် ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ် အမှိုက်များ စုပေါင်းရှင်းလင်းခြင်းကို မြင်းခြံမြို့ရှိ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဇွန် ၂၀ ရက်တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က မိမိတို့မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ယခုလို စုပေါင်းဆောင်ရွက်ပေးသဖြင့် ကျေးဇူးတင်ကြောင်း၊ ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်များသည် မြေဆီလွှာပျက်စီးခြင်းနှင့် မိုးတွင်းအချိန်တွင် ရေမြောင်းများကို ပိတ်ဆို့စေခြင်းများကြောင့် ယခုလို ရှင်းလင်းခြင်းဖြစ်ကြောင်း ပြောသည်။

သန့်ရှင်းရေးဆောင်ရွက်မှုကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စည်ပင်သာယာရေး အမှုဆောင်အရာရှိများက ကြီးကြပ်ပြီး အမှိုက်သိမ်းယာဉ် လေးစီးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်ကလည်း မြင်းခြံမြို့တွင်သာမက ခရိုင်အတွင်းရှိ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့များတွင်လည်း ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်အမှိုက်များကောက်ယူခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ပြည်သူများ ပါဝင်လာအောင် စည်းရုံးဟောပြောမှုများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ပွင့်ဖြူ၌ နွေစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်၍ တောင်သူများအဆင်ပြေ

**ပွင့်ဖြူ ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း မိုးအကြိုအဖြစ် စိုက်ပျိုးခဲ့သော နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် စပါးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ပွင့်ဖြူမြို့နယ်အတွင်း နွေစပါးအဖြစ် အထွက်ကောင်းမွန်သည့် ပုလဲသွယ်၊ မနောသုခ၊ ရက်တစ်ရာနှင့် ဆင်းရွှေသွယ်စသော စပါးမျိုးများကို အဓိကစိုက်ပျိုးခဲ့ကြသဖြင့် စပါးများ အောင်မြင်ဖြစ်ထွန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်သည် ဆန်စပါးကို အဓိကစိုက်ပျိုးသော မြို့နယ်ဖြစ်ပြီး နွေစပါးစိုက်ပျိုးရေးအတွက် အရေးကြီးသော ရေရရှိရေးအတွက် နိုင်ငံတော်က မြစ်ရေတင်စနစ်၊ ဆည်ရေတင်စနစ်များဖြင့် ဆောင်ရွက်ကာ ရေစီးရေလာကောင်းမွန်စေရန် ရေသွယ်မြောင်းကြီးများ တူးဖော်ပေးသဖြင့် တောင်သူများအနေဖြင့် အဆင်ပြေစွာ စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ပွင့်ဖြူမြို့နယ်အတွင်း၌ နေရာအများအပြားတွင် နွေစပါးစိုက်ပျိုးရန် ရေရရှိခဲ့ပြီး ကုန်းမြင့်သောဒေသတချို့တွင်သာ စိုက်ပျိုးရေမရောက်ရှိသဖြင့် စပါးအစား နှမ်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

စပါးမျိုးကောင်းများ စိုက်ပျိုးခြင်းအပြင် ပွင့်ဖြူမြို့နယ်၌ တောင်သူလယ်သမားများသည် မိရိုးဖလာစိုက်ပျိုးလာကြရာမှ ခေတ်မီစိုက်ပျိုးစနစ်ကိုနားလည်လာကြပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်း၍ စက်ယန္တရားများ အသုံးပြုကာ စိုက်ပျိုးလျက်ရှိကြောင်း၊ စက်ယန္တရားများ အသုံးပြုသဖြင့် အချိန်ကုန် ငွေကုန်သက်သာပြီး လယ်ယာမြေလုပ်ငန်းတွင် ကြုံတွေ့နေရသော လုပ်သားရှားပါးမှု အခက်အခဲကိုလည်း ပြေလည်စေကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။



ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများထံသို့ စပါးအထွက်နှုန်းကောင်းစေသည့် ရတနာတိုး၊ ပုလဲသွယ်စသည့် စပါးမျိုးများဖြန့်ဝေပေးသည့်အပြင် သီးနှံကာကွယ်ရေးလုပ်ငန်းစဉ်အနေဖြင့် ပိုးမွှားရောဂါ မကျရောက်အောင် ကာကွယ်နည်းများ၊ အပင်အားကောင်းစေရန် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို ပေါင်းစပ်ကြဲပက်နည်း ပညာပေးဆွေးနွေးခြင်းများနှင့် ဘက်စုံပိုးမွှားရောဂါကာကွယ်နည်းလက်တွေ့ပြသခြင်းများကို စပါးအဓိကစိုက်ပျိုးသည့် ကုန်းဇောင်း၊ ပေတော၊ ဉယျာဉ်ကျစ်၊ သရက်တောနှင့် ရှောက်တောကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်စိုက်ပျိုးတာဝန်ခံ ဦးသိန်းဝင်းထံမှ သိရသည်။

**ဒွဲထက်ရှင်**

# တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်သူများအား ဆုချီးမြှင့်

**လယ်ဝေး ဇွန် ၂၂**

၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို နေပြည်တော် လယ်ဝေးမြို့ အထက(၂) လယ်ဝေး၌ ဇွန် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် လေးဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာနှစ်ဦးနှင့် တစ်ဘာသာ ၁၀ ဦးတို့အား ဂုဏ်ပြုငွေများချီးမြှင့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများက ဆရာ ဆရာမများအား ကန်တော့ခဲ့ကြောင်း သိရသည်။

**သက်ထက်**

**မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်အေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ရပ်ကွက်အတွင်း နေအိမ်တစ်အိမ်ချင်းစီသို့ ခြင်ဆေးများဖျန်းပေးခြင်းကို ဇွန် ၂၁ ရက်က ဆောင်ရွက်နေစဉ်။**

အောင်ကျော်ထွန်း(ပုသိမ်ကြီး)



# အင်္ဂလန်တို့ အုပ်စုကျော်ဖြတ်နိုင်ပါ့မလား

❒ မိုးမြင့်လင်းလက်



ဥရောပ ယူ-၂၁ ချန်ပီယံရှစ် အုပ်စုပွဲစဉ်တွေကို ဇွန် ၂၄ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ ချက်နဲ့ ဂျာမနီ၊ ဒိန်းမတ်နဲ့ ဆွီဒင်တို့ ရင်ဆိုင်တွေ့ဆုံကြပါလိမ့်မယ်။ ဆားဘီးယား၊ အင်္ဂလန်နဲ့ အီတလီ၊ ပေါ်တူဂီနဲ့ ဆွီဒင်တို့ ရင်ဆိုင်တွေ့ဆုံကြပါလိမ့်မယ်။ အုပ်စုပထမနေရာအတွက် ခြေကုန်ပြမယ့်ပွဲတွေဖြစ်လို့ အကောင်းဆုံးကစားသမားအခင်းအကျင်းနဲ့ ပွဲထွက်လာကြမယ့် ဒီပွဲစဉ်တွေဟာ ပရိသတ်တွေကို ဆွဲဆောင်မှုအပြည့်ပေးဦးမှာဖြစ်ပါတယ်။

**ချက်နှင့် ဂျာမနီ**

အုပ်စု(A)မှာ ဂျာမနီတို့ တစ်ပွဲကစားပြီး တစ်မှတ်ပဲရရှိထားထာမို့ ဒီပွဲကိုတော့ သုံးမှတ်အပြည့်သိမ်းပိုက်ဖို့ ကြိုးစားပါလိမ့်မယ်။ ချက်အသင်းကတော့ တစ်ပွဲကစားပြီးချိန်မှာ အမှတ်မရသေးတာမို့ ဂျာမနီကို အပြင်းအထန် ခုခံကာကွယ်ဖို့ အားထုတ်ပါလိမ့်မယ်။ ချက်နဲ့ ဂျာမနီတို့ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလမှာ တွေ့ဆုံခဲ့စဉ်က တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပေမယ့် လက်ရှိခြေစွမ်းပိုင်းအရ ဂျာမနီတို့ အသာစီးရမယ့် အနေအထားရှိပါတယ်။ ဒါပေမယ့် ဂျာမနီတို့က အင်္ဂလန်ကိုရှုံးထားသလို ချက်ကလည်း ဒိန်းမတ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာမို့ နှစ်သင်းစလုံး အားထည့်မယ့်ပွဲပါပဲ။ ဂျာမနီတို့က အုပ်စုပထမပွဲစဉ်မှာ ဆားဘီးယားကို တစ်ဂိုးစီသရေပဲကစားထားနိုင်တာမို့ အခုပွဲမှာ အနိုင်ရလဒ်ကို ဖော်ဆောင်ဖို့ မဖြစ်မနေကြိုးစားလာပါလိမ့်မယ်။ အနိုင်သုံးမှတ်ဟာ ဂျာမနီအတွက်ပဲ ဖြစ်ဖို့များပါတယ်။

**ဒိန်းမတ်နှင့် ဆားဘီးယား**

အုပ်စု(A)မှာ ဒိန်းမတ်တို့က ချက်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး တစ်ပွဲကစား၊ သုံးမှတ်နဲ့ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ ဆားဘီးယားတို့က ဂျာမနီကို တစ်ဂိုးစီသရေကစားပြီး အုပ်စုတတိယနေရာမှာရှိနေတာမို့ ဒီပွဲမှာ နှစ်သင်းစလုံး ခြေကုန်ထုတ်မှာသေချာပါတယ်။ နှစ်သင်းစလုံး ကစားအားကောင်းပြီး တိုက်စစ်ဖွင့်ကစားကြတဲ့အသင်းတွေဖြစ်တာမို့ ပြိုင်ဆိုင်မှုပြင်းထန်မယ့်ပွဲလည်းဖြစ်နေပါတယ်။ နိုင်ပွဲရလိုမှု စိတ်ဓာတ်ပြင်းထန်တဲ့ ဆားဘီးယားရဲ့ စွမ်းဆောင်မှုဟာ ပွဲရလဒ်ကောင်းကို သိမ်းပိုက်သွားမယ့် အခြေအနေလည်းရှိနေပါတယ်။ ဒါပေမယ့် ခံစစ်ကြောင်း မာကျောတဲ့ ဒိန်းမတ်ကို ဆားဘီးယားတို့ ခက်ခက်ခဲခဲဖြတ်ကျော်ရပါလိမ့်မယ်။

**အင်္ဂလန်နှင့် အီတလီ**

အုပ်စု(B)မှာ အင်္ဂလန်ဟာ ပေါ်တူဂီကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပြီး အီတလီကလည်း ဆွီဒင်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့လို့ နှစ်သင်းစလုံး အမှတ်မရသေးပါဘူး။ ဒါကြောင့် ဒီပွဲဟာ အမှတ်ပြည့်ရယူရေးအတွက် အရေးကြီးတဲ့ပွဲစဉ်ဖြစ်တာမို့ အမာခံကစားသမား အကုန်ပွဲထွက်လာကြမှာဖြစ်ပါတယ်။ အီတလီတို့က ယူ-၂၁ ပွဲသမိုင်းမှာ အောင်မြင်မှုအရှိဆုံးအသင်းဖြစ်ပြီး အင်္ဂလန်ကလည်း ဒီနှစ်မှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့အသင်းဖြစ်ပါတယ်။ အင်္ဂလန်နဲ့ အီတလီတို့ တွေ့ဆုံမှုသမိုင်းမှာတော့ အီတလီတို့ပဲ အသာစီးရခဲ့ပါတယ်။ အင်္ဂလန်ရဲ့ တိုက်စစ်ပိုင်းထက်မြက်ပေမယ့် အီတလီတို့ရဲ့ ခံစစ်ကြောင်းလုံခြုံမှုကြောင့် အခက်တွေ့ပြီး အီတလီတို့ အသာစီးရသွားနိုင်ပါတယ်။

**ပေါ်တူဂီနှင့် ဆွီဒင်**

အုပ်စု(B)မှာ ပေါ်တူဂီရော ဆွီဒင်ပါ သုံးမှတ်စီရယူထားနိုင်ပါတယ်။ ဆွီဒင်တို့က အီတလီကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားထားတာမို့ ပေါ်တူဂီတို့ သတိထားကစားမှ ရပါလိမ့်မယ်။ ပေါ်တူဂီတို့က တစ်သင်းလုံး အချိတ်အဆက်မိမိ ကစားနိုင်ပြီး ပြိုင်ဘက်အသင်းရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူကာ ထိုးဖောက်တိုက်စစ်ဆင်တတ်တာမို့ ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ ဆွီဒင်တို့ အလေးအနက်ထား ပြင်ဆင်ကစားရပါလိမ့်မယ်။ နှစ်သင်းစလုံးခြေစွမ်းကတူညီနေပြီး အားထုတ်မှုလည်း ကွာဟမှုမရှိပေမယ့် အဆုံးသတ်ပိုင်းမှာ ပိုသေချာတဲ့ ပေါ်တူဂီကိုပဲ ယုံကြည်မှုအပြည့်နဲ့ အားပေးရမှာဖြစ်ပါတယ်။




## ဝီဂန်တိုက်စစ်မှူးကို ဝက်စ်ဘရွန်းခေါ်ယူ

ဝက်စ်ဘရွန်းအသင်းဟာ အိုင်ယာလန်တောင်ပံတိုက်စစ်မှူး ဂျိမ်းစ်မက္ကလင်းကို ပေါင်တစ်သန်းခွဲနဲ့ စာချုပ်ဖို့သဘောတူလိုက်ပြီဖြစ်ပါတယ်။ မက္ကလင်းဟာ ဝီဂန်အသင်းအတွက် ၈၇ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရာသီအတွင်း အကောင်းဆုံးဘောလုံးသမားအမည်စာရင်း တင်သွင်းခံရသူလည်းဖြစ်ပါတယ်။ အသက် ၂၆ နှစ်အရွယ် မက္ကလင်းဟာ ၂၀၁၃ ခုနှစ် ဩဂုတ်လက ဝီဂန်သို့ ရောက်မလာမီ ဆန်းဒါးလန်းမှာ ကစားခဲ့တာဖြစ်ပါတယ်။ ပရီမီယာလိဂ်အသင်းဖြစ်တဲ့ ဝက်စ်ဘရွန်းအသင်းအနေနဲ့ လာမယ့်ရာသီမှာ တောင်ပံတိုက်စစ်မှူးအသစ် မက္ကလင်းနဲ့အတူ ပွဲထွက်လာမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပရီမီယာလိဂ်မှာ ဝက်စ်ဘရွန်းအတွက် အကောင်းဆုံးကစားပေးနိုင်မှာဖြစ်တဲ့အတွက် ဝမ်းမြောက်မိပါတယ်လို့ မက္ကလင်းက ဆိုပါတယ်။ မက္ကလင်းဟာ မြောက်အိုင်ယာလန်အသင်းနဲ့အတူ ခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။




## ကိုပါအမေရိကဖလားဆွတ်ခူးဖို့ ရေပန်းစားနေတဲ့ အာဂျင်တီးနား

ချီလီနိုင်ငံမှာ ကျင်းပနေတဲ့ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ အာဂျင်တီးနားအသင်းဟာ ဖလားဆွတ်ခူးဖို့ ရေပန်းစားနေတဲ့အသင်း ဖြစ်ပါတယ်။ နာမည်ကြီး ကစားသမားတွေ ဖြစ်တဲ့ မက်ဆီ၊ အဂူရို၊ ဒီမာရီယာနဲ့ ဟီဂူအင်တို့ ပါဝင်နေတာကြောင့် ဖလားရဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။ ဂျမေကာကို အုပ်စုအဆင့်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်တဲ့ ပြိုင်ပွဲမှာ တိုက်စစ်မှူး မက်ဆီအနေနဲ့ သူ့နိုင်ငံ အာဂျင်တီးနားအသင်းအတွက် ပွဲပေါင်း ၁၀၀ မြောက်ပွဲအဖြစ် ပါဝင်ကစားခဲ့ပါတယ်။ အသက် ၂၇ နှစ်အရွယ် မက်ဆီဟာ အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့တာပါ။ ဒီပွဲမှာ အနိုင်ဂိုးကိုတော့ နာပိုလီတိုက်စစ်မှူး ဟီဂူအင်က သွင်းယူခဲ့တာပါ။ အာဂျင်တီးနားအသင်းအနေဖြင့် အုပ်စု (B)မှာ နှစ်ပွဲနိုင် တစ်ပွဲသရေနဲ့ ရမှတ်ခုနစ်မှတ်ရရှိကာ အုပ်စုကို ဦးဆောင်နေပြီး ကွာတားတက်ဖို့ သေချာနေပါတယ်။ အုပ်စုပထမနေရာမှ တက်နိုင်တဲ့အတွက် ကွာတားဖိုင်နယ်မှာ နာမည်ကြီး ဘရာဇီးကိုရှောင်နိုင်မယ့် အနေအထားရှိပါတယ်။




ကောင်းမြတ်သူ စုစည်းသည်။

## ချာလ်တန်နောက်တန်းလူ ဂိုမက်ဇ် လီဗာပူးသို့ရောက်ပြီ

လီဗာပူးက ချာလ်တန်နောက်တန်းကစား ဂျိုးဂိုမက်ဇ်ကို ပေါင် ၃ ဒသမ ၅ သန်းနဲ့ ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ပါတယ်။ အင်္ဂလန် ယူ-၁၉ ကစားသမား ဂိုမက်ဇ်ကို သောကြာနေ့ကဆေးစစ်ပြီး လီဗာပူးက ငါးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာဖြစ်ပါတယ်။ အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ ဂိုမက်ဇ်ဟာ လီဗာပူးနဲ့အတူ ရာသီအကြိုပွဲများမှာ စတင်ကစားမှာဖြစ်ပါတယ်။ သို့ပေမယ့် လီဗာပူးက အငှားချထားဖွယ်ရှိနေပါတယ်။ ချန်ပီယံရှစ်အသင်းတစ်သင်းဖြစ်တဲ့ ဒါဘီက သူ့ကို အငှားခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။ ဒါဟာကျွန်တော့်အတွက်တော့ တကယ့်အိပ်မက်ပါပဲ။ လီဗာပူးအသင်းနဲ့ ကစားခွင့်ရဖို့ မျှော်လင့်ထားတာကြာပါပြီလို့ ဂိုမက်ဇ်က ဆိုပါတယ်။

ဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့ရာသီက ချာလ်တန်အသင်းအတွက် ၂၄ ပွဲ ပါဝင်ကစားခဲ့ပြီး လီဗာပူးက ခေါ်ယူလိုက်တဲ့ လေးဦးမြောက် ကစားသမားဖြစ်ပါတယ်။ ဂျိမ်းမီနာ၊ ဒန်နီအင်းနဲ့ ဂိုးသမား အဒမ်ဘော့ဒန်းတို့အပြီးမှာ ခေါ်ယူခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။ လီဗာပူးနည်းပြ ရော်ဂျာအနေနဲ့ စတာလင်းထွက်ခွာဖို့ အခြေအနေရှိနေတာကြောင့် လူငယ်ကစားသမားကောင်းတွေကို စုဆောင်းနေတာဖြစ်ပါတယ်။ ဂိုမက်ဇ်ကို အငှားချထားနိုင်တယ်လို့ ဆိုရပေမယ့် ရာသီအကြိုပြိုင်ပွဲတွေမှာ ခြေစွမ်းပြကစားနိုင်မယ်ဆိုရင်တော့ အန်ဖီးလ်ရဲ့ အဓိက ကစားသမားဖြစ်လာနိုင်ပါတယ်။

## ဟှုမ္မလင်းနှင့် ဗန်းမောက်မြို့နယ်ချင်းဆက် လမ်းသစ်ဖောက်ရန် လမ်းအူကြောင်းရှာဖွေ ပွင့်လင်းရာသီတွင် စတင်ဖောက်လုပ်မည်

**ဗန်းမောက် ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များကို ဆက်သွယ်ထားသည့် မြို့နယ်ချင်းဆက်လမ်းသစ်ကို ပွင့်လင်းရာသီတွင် စတင်ဖောက်လုပ်မည်ဖြစ်ကြောင်းနှင့် လမ်းဖောက်လုပ်ရန် လမ်းအူကြောင်းရှာဖွေရေးအတွက် ဇွန် ၁၆ ရက်က ဟုမ္မလင်းမြို့နယ် ဘိုကုန်းကျေးရွာအုပ်စု နန်းဆက်သာယာကုန်း ဘုန်းတော်ကြီးကျောင်းတိုက်၌ စုပေါင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဗန်းမောက်မြို့နယ် အရှေ့ခြမ်းနယ်မြေမှ ဦးအောင်ရွှေ၊ ဟုမ္မလင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေ၊ ဗန်းမောက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဒုဦးစီးမှူးနှင့်အဖွဲ့၊ မြို့နယ်မြေစာရင်း ဒုဦးစီးမှူးနှင့်အဖွဲ့၊ မံအင်မင်းကုန်း ကျေးရွာအုပ်စု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝင်းဗိုလ်၊ နန်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ရပ်မိရပ်ဖများ၊ ဒေသခံများတွေ့ဆုံ၍ လမ်းသစ်အတွက် လမ်းအူကြောင်းရှာရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် အရှည် ၂၅ မိုင် အကျယ် ၃၀ပေခန့်ရှိသော မြို့နယ်ချင်းဆက်ကားလမ်းမကြီးကို ဖောက်လုပ်နိုင်ရေးအတွက် ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် လမ်းအူကြောင်းသစ်ကိုရှာဖွေနိုင်ခဲ့ကြောင်း၊ မိုးလေကင်းစင်သည့် ပွင့်လင်းရာသီအချိန်တွင် လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကျေးရွာအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝင်းဗိုလ်က ပြောသည်။

အဆိုပါကားလမ်းမကြီး အသစ်ဖောက်လုပ်နိုင်မည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဟုမ္မလင်းမြို့နယ်၊ ဗန်းမောက်မြို့နယ်နှင့် ပင်လယ်ဘူးမြို့နယ်များကြား လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့သွားမည်ဖြစ်သဖြင့် ဒေသတွင်းကျေးရွာများမှ ပြည်သူများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၁၄၉)




## တောင်သူ ၈၁ ဦးစုပေါင်း၍ ကိုယ့်အားကိုယ်ကိုးရေသွယ်မြောင်းဖောက်လုပ်

**ကန့်ဘလူ ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သပြေသာကျေးရွာနှင့် မင်းဘာကျေးရွာကြားရှိ သပြေသာ-မင်းဘာရေသွယ်မြောင်းကို ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေသွယ်မြောင်းသည် ကာဘိုးဆည် DO5 ခွဲမြောင်းမှ ရေသွယ်၍ ကွင်းအမှတ် ၉၆၇၊ ၉၆၈ နှင့် ၁၀၀၆ ရှိ လယ်မြေဧက ၇၀၀ ကို အကျိုးပြုမည်ဖြစ်ပြီး ဒေသခံတောင်သူ ၈၁ ဦးက စုစုပေါင်းငွေကျပ်သိန်း ၄၀၀ အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခြင်းဖြစ်ကြောင်း သပြေသာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဘကျော်က ပြောသည်။ သပြေသာ-မင်းဘာရေသွယ်မြောင်းသည် ပျမ်းမျှအနက် ၇ ပေ၊ အကျယ် ၁၅ ပေ ရှိကာ အရှည် ၁၂၅၀၀ ပေအထိ ဖောက်လုပ်မည်ဖြစ်ကြောင်း၊ ဇွန် ၂၀ ရက်အထိ အရှည် ၇၅၀၀ ပေ တူးဖော်ပြီးဖြစ်ကြောင်း သိရသည်။

ရေသွယ်မြောင်းဖောက်လုပ်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကူညီဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိရာ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဌာန၊ ကြက်ခြေနီ၊ မီးသတ်၊ စည်ပင်သာယာနှင့် NGO အဖွဲ့များ ပူးပေါင်း၍ ခြင်ကျား၊ ပိုးလောက်လမ်းများနှိမ်နင်းခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ပညာပေးခြင်းတို့ကို ရပ်ကွက်များ၊ စာသင်ကျောင်းများ၊ ဈေးများအတွင်း ဇွန် ၁၉ ရက်က ဈေးတာဝန်ခံနှင့်ဝန်ထမ်းများကဆောင်ရွက်ကြစဉ်။ (၀၂၁)

## အရာတော်မြို့နယ်၌ မိုးသီးနှံချေးငွေ ကျပ်သိန်းပေါင်း လေးသောင်းနီးပါး စတင်ထုတ်ချေး

**မုံရွာ ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ တောင်သူများ၏ မိုးရာသီသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးချေးငွေ ကျပ် ၃၉၄၂၀ သိန်း ထုတ်ချေးပေးနိုင်ရန် လျာထားကြောင်းနှင့် ချေးငွေများကို စတင်ထုတ်ချေးပေးနေပြီဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ သိရသည်။

"စိုက်ပျိုးရေးချေးငွေတွေကို ယခင်က ငါးဦးတစ်ဖွဲ့ဖွဲ့ပြီးထုတ်ချေးပေးပါတယ်။ ယခုနှစ်မိုးရာသီမှစတင်ပြီး သုံးဦးတစ်ဖွဲ့ဖွဲ့ပြီး ထုတ်ချေးပေးသွားမှာပါ၊ အဲဒီသုံးယောက်အဖွဲ့ထဲမှာ ပြီးခဲ့တဲ့ ဆောင်းသီးနှံထုတ်ချေးချိန်က ချေးငွေအကျေပေးဆပ်နိုင်ခြင်းမရှိတဲ့သူပါရင်တော့ ထပ်မချေးပါဘူး။ မိုးရာသီစိုက်ပျိုးစရိတ်တွေကို ဇွန် ၁၂ ရက်ကစပြီး တုံးတင်ကန်ကျေးရွာမှ တောင်သူများသို့ စတင်ထုတ်ချေးပေးလျက်ရှိပါတယ်။ နောက်ကျေးရွာတွေကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမှာပါ"ဟု မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးရေးချေးငွေထုတ်ပေးရေးနှင့် ပတ်သက်၍ ပြောသည်။

အရာတော်မြို့နယ်အတွင်းမှ တောင်သူများအား စပါးတစ်ဧကလျှင် ချေးငွေကျပ်တစ်သိန်းနှုန်းဖြင့် ၂၅၄၂၁ ဧက၊ ပဲစဉ်းငုံတစ်ဧကလျှင် ကျပ် နှစ်သောင်းနှုန်းဖြင့် ၂၂၈၀၀ ဧက၊ နှမ်းတစ်ဧကလျှင် ကျပ် နှစ်သောင်းနှုန်းဖြင့် ၂၇၃၇၅ ဧက၊ ဝါတစ်ဧကလျှင် ကျပ် နှစ်သောင်းနှုန်းဖြင့် ဧက ၄၅၀၀၊ မြေပဲတစ်ဧကလျှင် ကျပ် နှစ်သောင်းနှုန်းဖြင့် ၁၀၀၇၅ ဧက၊ ပဲတီစိမ်း တစ်ဧကလျှင် ကျပ် နှစ်သောင်းနှုန်းဖြင့် ၅၂၄၅ ဧကအတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## တာချီလိတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိ

**တာချီလိတ် ဇွန် ၂၂**

တာချီလိတ်မြို့နယ်အတွင်း၌ ယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ယင်းမာအထူးစီမံချက်ဖြင့် လူထုလှုပ်ရှားမှုအသွင် အကောင်အထည်ဖော်ဆောင်လျက်ရှိရာ ဘိန်းအစားထိုး အထွက်တိုးစပါးမျိုးများ စိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောခြင်း၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အကြံပြုဆွေးနွေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဇွန် ၂၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝမ်လုံးကျေးရွာရှိ တောင်သူဦးတင်ဝင်းအောင်၏ စိုက်ဧက ၁၅ ဧက၌ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စုပေါင်းမျိုးစေ့ချပွဲကို ပြုလုပ်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မြင့်က သိပ္ပံနည်းကျပေါင်ပျိုးနည်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းအကြောင်း ရှင်းလင်းပြောကြားကာ မျိုးစေ့များကို စုပေါင်းစိုက်ပျိုးခဲ့သည်။

ထို့နောက် တာချီလိတ်မြို့နယ် မိုးကိုးအုပ်စု ဝမ်ကော့ကျေးရွာရှိ ခရစ်ယာန်ဘုရားကျောင်းတွင် မူးယစ်တပ်ဖွဲ့စု(၃၀)မှ ရဲအုပ် ဝင်းကျော်ကျော်က မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်စိတ်(၂)မှ ဒုရဲမှူးရင်ရင်အေးက လူကုန်ကူးမှုအန္တရာယ်ဆိုးကျိုးများအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ပြီး World Vision မှ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး နည်းပညာတာဝန်ခံ ဒေါ်မွန်မွန်အောင်က လူငယ်များအခွင့်အရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးမှုများပြုလုပ်ခဲ့ကာ မူးယစ်တပ်ဖွဲ့စု(၃၀)နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်စိတ်(၂)တို့က အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲအပြီးတွင် မိုးကိုးအုပ်စု မယ်ယန်းတိုးဂိတ်တွင် ဖြတ်သန်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်ယာဉ်မောင်းများအားလည်းကောင်း၊ ထိုင်း-မြန်မာ အမှတ်(၁)ချစ်ကြည်ရေးတံတားအနီးရှိ တာလော့ဈေးမှ ဆိုင်ကယ်တက္ကစီများ၊ ဈေးသည်များနှင့် ဈေးဝယ်ပြည်သူများအားလည်းကောင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# အသက် ၁၀၀ ကျော်အဘွား ဒေါ်အေးပိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေကျပ်နှစ်သိန်းပေးအပ်

**ယင်းမာပင် ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် လက္ကပြားကျေးရွာနေ အသက် ၁၀၀ ကျော် အဘွားဒေါ်အေးပိုင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံသက်ကြီးဝါကြီး ပုဂ္ဂိုလ်အဖြစ် ဂုဏ်ယူစွာအသိအမှတ်ပြုအပ်ကြောင်း နိုင်ငံတော်သမ္မတလက်မှတ်ပါဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုကန်တော့ငွေကျပ် နှစ်သိန်းပေးအပ်ပွဲကို ဇွန် ၂၁ ရက်က အဘွားဒေါ်အေးပိုင်၏ နေအိမ်၌ကျင်းပရာ နိုင်ငံတော်သမ္မတကိုယ်စားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသောင်းဟန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ဗိုလ်မြင့်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းတို့ကအဘွားဒေါ်အေးပိုင်လက်ဝယ်အရောက် ဂုဏ်ပြုပေးအပ်ခဲ့သည်။

"အခုလိုအဘွားအတွက်အိမ်သို့ အရောက်လာပြီး နိုင်ငံတော်သမ္မတကြီး၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုကန်တော့ငွေများကိုပေးအပ်ကြတဲ့တာဝန်ရှိသူများအား အဘွားလိုသက်ရှည်ကျန်းမာကြပါစေ"ဟု အဘွားဒေါ်အေးပိုင်က ဆုပေးစကား ပြန်လည်ပြောကြားသည်။

ယင်းမာပင်မြို့နယ်လက္ကပြားကျေးရွာနေအဘွားဒေါ်အေးပိုင်သည် ၂၀၁၃ ခုနှစ်၊ဒီဇင်ဘာ ၇ ရက်၊ နတ်တော်လဆန်း ၁၀ ရက်တွင် အသက် ၁၀၀ နှစ်ပြည့်ပြီးဖြစ်ကာ ယနေ့အချိန်အထိ အသက် ၁၀၂ နှစ်နီးပါးရှိပြီး သားသမီးမြေးမြစ်ဆွေမျိုးအသိုင်းဝိုင်းတို့ဖြင့် ပျော်ပျော်ရွှင်ရွှင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ဆက်လက်နေထိုင်လျက်ရှိကြောင်းသိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင်များစစ်ဆေး

**ဖျာပုံ ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးညွန့်သည် ဖျာပုံခရိုင် တရားသူကြီး ဒေါ်ပိုက်ပိုက်အေးနှင့် မြို့နယ်တရားသူကြီး ဦးကျော်ဝင်းအောင်တို့ လိုက်ပါလျက် ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ဖျာပုံအကျဉ်းထောင်နှင့် မြို့မရဲစခန်းတို့သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံအကျဉ်းထောင်ရုံးခန်းသို့ စတင်ရောက်ရှိပြီး အကျဉ်းထောင်မှူး ဦးအေးသန်းက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေသူ၊ အချုပ်ကျနေသူများနေထိုင်သည့် အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများကိုလည်း နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသခွင့်ရမရ၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများ ရှိ မရှိ၊ အစားအသောက်အာဟာရ စားသုံးရခြင်းအခြေအနေ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရမရကိစ္စများနှင့်ပတ်သက်၍ မေးမြန်းခဲ့ပြီး လိုအပ်သည်များကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံမြို့မရဲစခန်း၊ ကျိုက်လတ်မြို့မရဲစခန်း၊ ဘိုကလေးမြို့မရဲစခန်းတို့သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ချောင်းသာဒေသ အမှိုက်ကင်းစင်ရေး ဆွေးနွေးပွဲကျင်းပ

**ပုသိမ် ဇွန် ၂၁**

ချောင်းသာဟိုတယ်လုပ်ငန်းရှင်များအသင်းက ဦးဆောင်ကျင်းပသည့် ချောင်းသာဒေသ အမှိုက်ကင်းစင်ရေးဆွေးနွေးပွဲကို ချောင်းသာကမ်းခြေ Golden Beach Hotel ၌ ဇွန် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း ချောင်းသာကမ်းခြေသတင်းဌာနမှ သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရွာမကျောင်းဆရာတော်၊ ရန်ကင်းကျောင်းဆရာတော်နှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အုန်းသီး၊ ဘောကွင်း၊ စက်ဘီးနှင့်ဓာတ်ပုံလုပ်ငန်းရှင်များ ကမ်းနားဈေးသည်များ၊ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ချောင်းသာဒေသတစ်ခုလုံး အမှိုက်ကင်းစင်ရေးအတွက် လိုအပ်သည့် ပံ့ပိုးမှုများ ပြုလုပ်ပေးသွားမည်ဟု ချောင်းသာဟိုတယ်ဇုန် ဥက္ကဋ္ဌက ပြောကြားသွားကြောင်းသိရပြီး တက်ရောက်လာသူများကလည်း ကမ်းခြေသာမက ရွာတွင်းရှိ အမှိုက်များအား မည်သို့မည်ပုံ သိမ်းဆည်းရေး၊ အသိပညာပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရွာသားများသာမက လာရောက်လည်ပတ်ကြသည့် ဧည့်သည်များကိုလည်း လက်ကမ်းစာစောင်များဝေခြင်းကဲ့သို့သော ပညာပေးလုပ်ငန်းများ လုပ်ဆောင်ရန် အပြုသဘောဆောင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့အတွင်းရှိ ချောင်းသာကမ်းခြေနှင့် ချောင်းသာရွာသည် ဧရာဝတီတိုင်းဒေသကြီး၌ တည်ရှိပြီး ရန်ကုန်မြို့မှ ချောင်းသာကမ်းခြေသို့သွားလျှင် ခရီးစဉ်အကွာအဝေးအရ ငါးနာရီကြာမောင်းနှင်ရကြောင်း သိရကာ ကမ်းခြေ၌ ပင်လယ်အုန်းပင်များသာမက ပင်လယ်ကဇီးပင်များလည်း တွေ့ရသကဲ့သို့ ရေလှိုင်းစကိတ်စီးခြင်းနှင့် နွားလှည်းစီးပြီး လေ့လာရခြင်းမှာလည်း အမှတ်ရစရာ တစ်ခုဖြစ်ကြောင်း သိရသည်။

**တင်လှမောင်**

# စလင်းမြို့၌ အမျိုးသားတစ်ဦး ပိုးသတ်ဆေးသောက်၍ သေဆုံး

**စလင်း ဇွန် ၂၁**

ဇွန် ၁၉ ရက်ည ၁၀ နာရီခန့်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့ နယ်ဆေးရုံ၌ပိုးသတ်ဆေးသောက်ထားသည့် လူနာတစ်ဦး ရောက်ရှိနေကြောင်း အကြောင်းကြားသဖြင့် စလင်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဆေးရုံသို့ သွားရောက်စစ်ဆေးခဲ့ရာ ပိုးသတ်ဆေးသောက်သူမှာ စလင်းမြို့နယ် ဆင်ကျုံးကျေးရွာနေသူ ဖိုးချို (၃၃ နှစ်) ဖြစ်ကြောင်း သိရသည်။

၎င်းအားဆေးရုံတွင် သေဆုံးနေသည်ကိုတွေ့ရပြီး သေဆုံးသူ၏ဇနီး မအေးမြင့်ခိုင်၏ ပြောပြချက်အရ ည၈ နာရီခန့်က ဖိုးချိုသည်အလုပ်လုပ်ရာမှ အရက်မူးပြန်လာကာ နေအိမ်အပေါ်သို့တက်သွားပြီး ခဏအကြာ အိမ်အောက်သို့ဆင်းသွား၍အန်နေသံကြားရကြောင်း၊ အရက်မူး၍ အန်နေသည်ထင်၍ အိမ်ပေါ်မှ ဆင်းမကြည့်ဘဲနေရာမှ ဖိုးချိုသည်အော်ဟစ်ညည်းညူနေသဖြင့် အိမ်အောက်သို့ဆင်း၍သွားကြည့်ရာ ဖိုးချိုမှာ ပိုးသတ်ဆေး သောက်ခဲ့ကြောင်း၊ စလင်းဆေးရုံသို့ ပို့ဆောင်ရာတွင် စလင်းဆေးရုံ၌ သေဆုံးကြောင်း ပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဓမ္မပူဇာ ၁၀ ရက် တရားစခန်းကျင်းပမည်

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လက်လုပ်တောင် သာသနာ့ကုန်းတော်ပေါ်၌ ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ သက်တော် ၇၄ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အတွက် ဓမ္မပူဇာ ပူဇော်သောအားဖြင့် ဗောဓိရိပ်ငြိမ်ဆရာတော် အရှင်ဣန္ဒာစရိယကဦးဆောင်၍ ဒုလ္လဘရဟန်း ၇၅ ပါး၊ သီလရှင် ၇၅ ပါးတို့က ဓမ္မဖြင့်ပူဇော်ကြမည်ဖြစ်သည်။ အဆိုပါ ဓမ္မစခန်းသို့ ဝင်ရောက်လိုသူများ ဇွန် ၂၈ ရက် နောက်ဆုံးထား၍ လက်လုပ်တောင် သာသနာ့ကုန်းမြေသာသနာ့ အကျိုးတော်ဆောင်အဖွဲ့ထံ စာရင်းပေးသွားနိုင်ကြကြောင်း၊ တရားစခန်းမှာ ဇူလိုင် ၃ ရက်မှ ၁၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**ကာရန်ခ**

# စုပေါင်းသစ်ပင်စိုက်ပျိုး

**ဘားအံ ဇွန် ၂၂**

ကရင်ပြည်နယ် ဘားအံစက်မှုဇုန် ငြိမ်းချမ်းသာကျေးရွာ လျှိုပိတ်ဆည်ရေဝေဧရိယာ စိမ်းလန်းစိုပြည်ရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်က အဆိုပါဘားအံစက်မှုဇုန် ငြိမ်းချမ်းသာကျေးရွာ လျှိုပိတ်ဆည်ရေဝေဧရိယာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းက အမှာစကားပြောကြားပြီး ရတနာတန်းဝင်နှင့် အရိပ်ရသစ်ပင်မျိုးစုံ (၁၅ မျိုး) ၅၃၀ ကျော်အား တက်ရောက်လာကြသူများက စုပေါင်းစိုက်ပျိုးကြသည်။ ဆက်လက်၍ တက်ရောက်လာကြသော ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသည့် စံဖရီးကျေးရွာ၊ မင်းဇီကျေးရွာ၊ ထီးဖိုးကလုံကျေးရွာ၊ နောင်ကမြိုင်ကျေးရွာ၊ မှိုင်ကံကျေးရွာနှင့် တောင်ကလေးကျေးရွာများမှ ဒေသခံပြည်သူများအား ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ မာတာကွတ်၊ စိန်တံချူ၊ စိန်ပန်းလေး၊ မန်ကျည်းပင် စုစုပေါင်း ၁၂၀၀ ပင်ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအား တွေ့ဆုံဆွေးနွေး

**ကြာအင်းဆိပ်ကြီး ဇွန် ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များအား တွေ့ဆုံပွဲအခမ်းအနားကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ဇွန် ၂၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ဘုရားသုံးဆူမြို့၊ ကျိုက်ဒုံမြို့မှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များတက်ရောက်ဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များရှိ အခြေခံမဲဆန္ဒရှင်များ စာရင်းကြေညာထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မျိုးမင်းဦး(iprd)**

# မြစိမ်းရောင်မေတ္တာပေါင်းကူး စစ်တောင်းမြစ်တံတားဖွင့်

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အေးချမ်းသာ ကျေးရွာအုပ်စု စစ်တောင်းမြစ်ကူး မြစိမ်းရောင်မေတ္တာပေါင်းကူးတံတားဖွင့်ပွဲကို ဇွန် ၁၉ရက် နံနက် ၈နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်၊ လယ်ဝေး မြို့နယ်တာဝန်ခံ၊ ဒက္ခိဏခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံချင်းတိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေရှိသည့် စစ်တောင်းမြစ်ကူး မြစိမ်းရောင်မေတ္တာ ပေါင်းကူးသစ်သား တံတားအား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလင်း၊ ဒက္ခိဏခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်၊ မြို့နယ် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် တံတားအပေါ် ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ စစ်တောင်းမြစ် မေတ္တာပေါင်းကူးတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်နိုင်သည့်အတွက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားပြီး တံတားကုန်ကျငွေ ကျပ် ၅၀၇၅၂၀၀၀ကို စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းပြီး တံတားတည်ဆောက်နိုင်မှုနှင့် ပတ်သက်၍အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်သူများအား ဒေသခံပြည်သူ ဦးငြိမ်းက ဝမ်းမြောက်စကား ပြောကြားခဲ့သည်။

**သန်းဦး(လေးမျက်နှာ)**

# အလောင်းမင်းတရားနှင့်ရွှေဘို

မောင်သာ
(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်ကို တစည်းတလုံးတည်း ရှိနေစေရန် ဦးဆောင်စည်းရုံးနိုင်ခဲ့သည့် မင်းသုံးပါးရှိခဲ့သည်။ အနော်ရထာမင်းကြီးအား ပထမမြန်မာနိုင်ငံတော်ကို ဦးဆောင်ခဲ့သူအဖြစ်လည်းကောင်း၊ ဘုရင့်နောင်အား ဒုတိယမြန်မာနိုင်ငံတော်ကို ဦးဆောင်ခဲ့သူအဖြစ်လည်းကောင်း၊ ဦးအောင်ဇေယျအား တတိယမြန်မာနိုင်ငံတော်ကို ဦးဆောင်ခဲ့သူဟုလည်းကောင်း သမိုင်းပညာရှင်များက သတ်မှတ်ခဲ့ကြသည်။

မြန်မာတို့သည် သမိုင်းအစဉ်အဆက်တစ်လျှောက် ဘုရင်အုပ်ချုပ်မှုစနစ်ကို ကျင့်သုံးခဲ့ကြရာ မြန်မာတို့၏ နောက်ဆုံးကုန်းဘောင်မင်းဆက်သည် မြန်မာသက္ကရာဇ် ၁၁၁၄ ခုနှစ်မှစတင်၍ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဆုံးရှုံးခဲ့ရပြီး နယ်ချဲ့တိုင်းတစ်ပါး လက်အောက်သို့ကျရောက်ခဲ့ရသည့် ၁၂၄၇ ခုနှစ် အထိ နှစ်ပေါင်း ၁၃၃ နှစ်ခန့် သက်တမ်းရှည်ကြာခဲ့ပေ သည်။ ထိုမင်းဆက်ကို ငါးမည်ရခဲ့သည့် ကုန်းဘောင်မှစတင်ခဲ့သဖြင့် ကုန်းဘောင်မင်းဆက်ဟု ခေါ်တွင်ခဲ့သည်။ ကုန်းဘောင်မင်းဆက်ဘုရင်တို့သည် မြန်မာပဒေသရာဇ်ခေတ်၏ နောက်ဆုံးမင်းများဖြစ်ကြပြီး နှစ်ပေါင်း ၁၃၃ နှစ်အတွင်း မင်း ၁၁ဦး ထီးနန်းစိုးစံခဲ့ကြသည်။ ထိုသို့စိုးစံခဲ့ကြရာတွင် မြန်မာနိုင်ငံတော်အားအလောင်းမင်းတရား ဦးအောင်ဇေယျက ရှစ်နှစ်၊ နောင်တော်ကြီးက သုံးနှစ်၊ ဆင်ဖြူရှင် မြေဒူးမင်းက ၁၃ နှစ်၊ စဉ့်ကူးမင်းကငါးနှစ်၊ ဖောင်းကားစားမောင်မောင် က ခုနစ်ရက်၊ ဘိုးတော်ဘုရား ဗဒုံမင်းက ၃၇ နှစ်၊ ဘကြီးတော်စစ်ကိုင်းမင်းက ၁၉ နှစ်၊ သာယာဝတီ မင်းက ကိုးနှစ်၊ ပုဂံမင်းကခြောက်နှစ်၊ မင်းတုန်းမင်းက ၂၆ နှစ်နှင့် သီပေါမင်းက ခုနစ်နှစ် အုပ်ချုပ်ခဲ့ကြသည်။ ထိုမင်းများတွင် စွမ်းရည်သတ္တိ၊ ဉာဏ်အမြော်အမြင် ပြည့်စုံသော မင်းများပါရှိသကဲ့သို့ မင်းသာမန်များ၊ မင်းညံ့များလည်း ပါဝင်ခဲ့ပေသည်။

ပုဂံဝန်ထောက်ဦးတင်ရေးသားခဲ့သည့် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ဒုတိယတွဲတွင် မြန်မာရာဇဝင်၌ ညံ့ဖျင်းသော မင်းသုံးပါးအုပ်စိုးစဉ် တိုင်းပြည်ပျက်ခဲ့ရပုံကို အကျယ်တဝင့်ရေးသားထားခဲ့ရာ ထိုမင်းညံ့များထဲတွင် ကုန်းဘောင်ဆက် နောက်ဆုံးမင်းလည်း ပါဝင်ခဲ့သည်။ သို့သော်လည်း ကုန်းဘောင်မင်းဆက်များတွင် အလောင်းမင်းတရား၊ ဆင်ဖြူရှင်၊ ဘိုးတော်ဘုရားနှင့် မင်းတုန်းမင်းတို့သည် မြန်မာတို့ဂုဏ်ယူပြောပလောက်သော မင်းများဖြစ်သည်ဟု စာရေးဆရာကြီးညိုမြကသူ၏ ထင်ရှားလှသည့် ကုန်းဘောင်ရှာပုံတော်စာအုပ်တွင် ရေးသားခဲ့သည်။

အလောင်းမင်းတရားလက်ထက်တွင် မြန်မာနိုင်ငံတော်သည် အရှေ့မြောက်တွင် ယူနန်နယ်အထိ၊ အရှေ့ဘက်တွင် ဇင်းမယ်အထိ၊ အရှေ့တောင်တွင် အယုဒ္ဓယအထိ၊ အနောက်မြောက်တွင် မဏိပူရ၊ အာသံအထိ ကျယ်ဝန်းခဲ့သော အင်ပါယာကြီးကို ပိုင်ဆိုင်ခဲ့ပေသည်။

ထိုသို့ကျယ်ဝန်းသော အင်ပါယာကို မထူထောင်မီက ဦးအောင်ဇေယျသည် တတိယမြန်မာနိုင်ငံတော်ကို ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြား တမ္ဘဒီပဟုခေါ်သော နေရာလေးတွင် စတင်အခြေပြုခဲ့သည်။ မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ် ( ခရစ်နှစ် ၁၇၅၃ ခုနှစ်) တွင် ဦးအောင်ဇေယျသည် မင်းချစ်ညိုနှင့်ဟံသာဝတီကို အနိုင်ယူခဲ့ပြီး တမ္ဘဒီပနယ်မြေကို အုပ်ချုပ်ခဲ့သည်။ ထိုအချိန်က ဦးအောင်ဇေယျ၏ နယ်မြေသည် တာ ၄၇၀ မျှသာရှိသော မုဆိုးဘိုဒေသကို ထန်းလုံးတိုင်များတိုင်ထူ၍ ဆောက်လုပ်ထားသော ထန်းလုံးတပ်သာ ဖြစ်ခဲ့သည့်အတွက် ဦးအောင်ဇေယျသည် အခြားတစ်ပါးသော ထီးဆောင်းမင်းအပေါင်းတို့ စေလွှတ်အပ်သော သံတမန်တို့ရောက်ရှိလာလျှင် ပျူငှာသော လောကဝတ်ပြုနိုင်ရန် ရည်ရွယ်လျက် ထိုနေရာတွင် မြို့သစ်တည်ထောင်ရန် ပြင်ဆင်ခဲ့ပြီး နောင်အခါတွင် ရွှေဘိုဖြစ်လာမည့် နန်းမြို့ကို ထူထောင်ခဲ့သည်။ အလောင်းမင်းတရား ဦးအောင်ဇေယျတည်ထောင်ခဲ့သည့် ရွှေဘိုသည် အမည်ငါးမျိုးရခဲ့ရာ (၁) ကုန်းဘောင် (၂) ရန်ကြီးအောင် (၃) ရတနာ သိယ်ႋ (၄)မုဆိုးဘို (၅) ရွှေဘိုဟူ၍ ဖြစ်ပေသည်။



ဦးအောင်ဇေယျ၏အထက် ရှေးမင်းဆက်တို့ကို ဟံသာဝတီမင်းတို့ဖျက်သဖြင့် သတိုးအနွယ်တို့ ပြတ်ခဲ့သည်။ ဟံသာဝတီမင်းများကို ရေနှင့်နှိုင်းကာ ရေကိုဖြတ်သန်းလွှမ်းမိုးရန် ကုန်းဘောင်ဖြင့် ဖြတ်ကျော်ရသကဲ့သို့ ပြတ်သွားသော သတိုးအနွယ်များကို ကုန်းဘောင်ဖြင့် ပြန်ဆက်သည်ဆိုသည့် အဓိပ္ပာယ်ဖြင့် ရွှေဘိုကို ကုန်းဘောင်ဟု ခေါ်တွင်ခဲ့သည်။ ရတနာသိယ်ႋဟူသည်ကား ဦးအောင်ဇေယျသည် မြန်မာပြည်အရပ်ရပ်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ပြီးနောက်တွင် ရတနာအပေါင်းသည် မုဆိုးဘိုတွင် လာရောက်စုစည်းခြင်းကိုရည်ညွှန်းကာ မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။ မုဆိုးဘိုအမည်သည်ကား ရှေးမဆွကပင်ရှိခဲ့သော အမည်ဖြစ်သည်။ ပုဂံနရပတိစည်သူမင်း တိုင်းခန်းလှည့်လည်စဉ် ယခုရွှေဘိုဒေသအရောက်တွင် ငပိုအမည်ရှိသော မုဆိုးအား ပိုမြေအပိုင်းအခြားနယ်နိမိတ်ကို ပေးခဲ့ရာမှ မုဆိုးငပိုက မုဆိုးပိုမြို့ကို ထူထောင်ခဲ့သည်။ ကာလရွေ့လျားသောအခါ မုဆိုးပိုမှ မုဆိုးဘို ဖြစ်လာခဲ့သည်။ ရွှေဘိုဟူသည့် အမည်နာမသည်လည်း မုဆိုးပိုကို သုတိသာစေရန် ရွှေပိုဟု ခေါ်ဆိုကြရာမှ ခေတ်ကာလကြာရှည်လာသောအခါ ရွှေပိုမှ ရွှေဘိုဖြစ်လာခဲ့ပေသည်။

ရွှေဘိုမြို့သည် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၁၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၇ မိနစ်တွင် တည်ရှိသည်။ ရွှေဘိုမြို့နယ်သည် အကျယ်အဝန်း ၅၇၁၄ စတုရန်းမိုင်ရှိသည်။ ရတနသိယ်ႋနယ်၏ နယ်နိမိတ်ကို ဇမ္ဗူ့ဒီပဦးဆောင်းကျမ်းတွင် "အရှေ့ကိုလားသော် စည်လှအင်ပင် မြစ်ညာ၊ တောင်ကိုလားသော် မလ္လာဂီရိ၊ အနောက်ကိုလားသော် ဇေတဝန်ကျောင်းကြီး၊ မြောက်ကိုလားသော် အက္ကပတ်ဌာနေ"ဟု ဖော်ပြထားသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျအား ၁၇၁၄ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် အိမ်ခြေ သုံးရာမျှသာရှိသည့် မုဆိုးဘိုရွာလေးတွင် မြေပိုင်ရှင် မိဘနှစ်ပါးမှ မွေးဖွားခဲ့သည်။ အသက် ၃၇ နှစ်တွင် မုဆိုးဘို နှင့် အနီးဝန်းကျင်ရွာများ၏ အကြီးအကဲဖြစ်လာခဲ့သည်။ ၁၇၅၂ ခုနှစ် မတ်လတွင် ဟံသာဝတီတပ်များက အင်းဝကို သိမ်းပိုက်လိုက်ပြီး မင်းနှင့်တိုင်းပြည်တစ်ခုလုံးကို တိုက်ခိုက်သိမ်းပိုက်ခဲ့သဖြင့် ဒုတိယမြန်မာနိုင်ငံတော်ကြီး ပျက်စီးခဲ့ရသည်။ ထိုအချိန်တွင် ဦးအောင်ဇေယျသည်မုဆိုးဘိုရွာတွင် ထန်းလုံးတပ်ကို ဆောက်လုပ်လျက် လက်ရွေးစင်သူရဲကောင်း ခြောက်ကျိပ်ရှစ်ယောက်တို့နှင့် ၄၆ ရွာမှ

စာမျက်နှာ ၂၃ သို့





## သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း အလုပ်ရုံဆွေးနွေး

**သီပေါ ဇွန် ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ကြီးမှူးကျင်းပသော သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဖွဲ့စည်းခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း)သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကား ပြောကြားပြီး သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ပြည်နယ်အတွင်းရေးမှူး ဒေါ်ခါးတမာ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တွဲဖက်ပြည်နယ်မန်နေဂျာဦးဇော်မင်းသန်းနှင့် ဦးစီးအရာရှိ ဦးလှစိုးတို့က အသင်းဖွဲ့စည်းခြင်း ရည်ရွယ်ချက်၊ နိုင်ငံတော်နှင့် ဒေသခံ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအကြား ပေါင်းကူးဆက်သွယ်ပေးခြင်းဖြင့် Win Win Situation ကို ဖော်ဆောင်ပေးနိုင်ခြင်းကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

ထို့နောက် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ မြို့နယ်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

စာမျက်နှာ ၂၂ မှ

တပ်သားရဲမက်များ၏အားကိုယူကာ တတိယမြန်မာနိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ခဲ့သည်။ ထန်းလုံးတပ်ဟုပင် ဆိုငြားသော်လည်း ပစ္စင်၊ ရင်တား၊ ကတုတ်၊ သရဲခို စသောမြို့အင်္ဂါရပ်များနှင့်အညီ ရန်သူများကို ကြီးစွာအောင်မြင်သောမြေ၊ ရန်ကြီးအောင်ဟုနိမိတ်ယူကာ မြို့တည်ခဲ့ခြင်း ဖြစ်ပေသည်။ ဦးအောင်ဇေယျသည် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် မြန်မာနိုင်ငံတောင်ပိုင်းမှ ထကြွထောင်ထားမှုများကို တိုက်ခိုက်နှိမ်နင်းကာ မြန်မာနိုင်ငံတော်ကြီးကို တစ်စည်းတစ်လုံးတည်းပေါင်းစည်းနိုင်ရန် စည်းရုံးထူထောင်နိုင်ခဲ့သည်။

ရခိုင်ကို ချန်လှပ်၍ နိုင်ငံတော်တစ်ခုလုံးအား ပေါင်းစည်းအုပ်ချုပ်ခဲ့သည့် အလောင်းမင်းတရား ဦးအောင်ဇေယျသည် သက္ကရာဇ် ၁၁၁၅ ခုနှစ်မှာပင် မြို့တော်၊ ကျုံး၊ နန်းတော်၊ ရွှေချက်သိုစေတီ၊ ပဟိုရ်စင်၊ နတ်ကွန်းတော်နှင့် ကန်တော်ဟူသော ခုနစ်ဌာနကို တစ်ပြိုင်တည်းပန္နက်ချကာ ရွှေဘိုမြို့ကို တည်ခဲ့သည်။မြို့တော်အကျယ်သည်တာ ၂၀၀၀ ဖြစ်၍ တံခါးတော် ၁၀ ခု ထားရှိခဲ့သည်။ မြို့တော်အရှေ့မျက်နှာနှင့် အနောက်မျက်နှာတွင် တံခါးသုံးခုစီနှင့် တောင်မျက်နှာနှင့် မြောက်မျက်နှာတွင် တံခါးနှစ်ပေါက်စီ ပြုလုပ်ခဲ့ပေသည်။

အလောင်းမင်းတရားသည် သက္ကရာဇ် ၁၁၁၉ ခုနှစ်တွင် ဟံသာဝတီကို အောင်နိုင်ခဲ့ပြီး မြို့တော်ရွှေဘိုသို့ ပြန်လည်ရောက်ရှိလာပြီးနောက် မူလက ထန်းလုံးတပ် အဖြစ်တည်ခဲ့သော ရန်ကြီးအောင်မြို့ကို တံခါးပေါက် ၄၀ ပါသော မြို့ကြီးတစ်မြို့အဖြစ် ၁၁၁၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် တိုးချဲ့တည်ထောင်ခဲ့သည်။ ကုန်းဘောင်ခေတ်မြန်မာနိုင်ငံ၏ မြို့တော်များအနက် ရွှေဘို၊ အမရပူရနှင့် မန္တလေးမြို့များသည် စတုရန်းပုံ မြို့ရိုးများဖြင့် လေးထောင့်စပ်စပ်တည်ဆောက်ခဲ့ကြသည်။ အမရပူရမြို့သည် တာဝန်း ၂၀၀၀၊ မန္တလေး မြို့သည် တာဝန်း ၂၄၀၀ ရှိပြီး ရွှေဘိုမြို့သည် တာဝန်း ၄၄၀၀ ဖြစ်သဖြင့် ကုန်းဘောင်ခေတ် စတုရန်းပုံမြို့များတွင် အကြီးဆုံး ဖြစ်ပေသည်။

ရွှေဘိုမြို့ဝန်း အတိုင်းအတာသည် အမျိုးမျိုးကွဲပြားနေသဖြင့် ဘိုးတော်ဘုရား ဗဒုံမင်းသည် မြန်မာသက္ကရာဇ် ၁၁၇၇ခုနှစ်တွင် အလုံမြို့ဝန် သီရိဓမ္မာသောက၊ ရတနာသိယ်မြို့ဝန် ဇေယျသခ်၊ မြို့သူကြီး ဇေယျမဟာဗိုလ်၊ မြို့စာရေး ငကောင်း၊ ဝန်၊ စက်ဘောသစ်တို့ အစုံအညီဖြင့် စာရေးကြီး ကျော်ထင်နန္ဒမိတ်အား တိုင်းတာစေခဲ့သည်။ ယင်းအဖွဲ့၏ တိုင်းတာချက်အရ ရွှေဘိုမြို့သည် အရပ်တစ်မျက် နှာလျှင် ၁၀၀၁ တာရှိပြီး မြို့လေးမျက်နှာ တာဝန်း ၄၀၀၄ အတိအကျရှိသည့် မြို့ကြီးဖြစ်ကြောင်း တွေ့ရှိကြရပေသည်။ မြို့ရိုးတစ်ဖက်စီတွင် တန်ဆောင်းကြီးတစ်ခု၊ တံခါးပေါင်း ၁၀ ခု၊ ပြတင်းပေါင်း ၂၂ ခုစီခန့် ပြုလုပ်ထားသည်။ တံခါးတစ်ပေါက်လျှင် ၁၂ တောင်ခန့် ကျယ်ဝန်းလျက် ကျောက်များစီချထားသဖြင့် ကျောက်တံခါးများဟု ခေါ်တွင်ခဲ့ကြသည်။

မြို့မြေရိုး၏အရှေ့ဘက် ဟန်လင်းတံခါးနှင့် တောင်ဘက်တံခါးတို့သည် ကျုံးနေရာတွင်ရှိနေခြင်းကြောင့် ယခင်မြို့ဟောင်း၏ မြောက်အရပ်နှင့် အနောက်အရပ်ရှိ ကျုံးများကို မြို့သစ်တည်ချိန်တွင် ဖို့ပစ်လိုက်ဟန်ရှိကြောင်း ပညာရှင်တစ်ဦးက သုံးသပ်ခဲ့သည်။

ရွှေဘိုမြို့ရိုးသည်အပြင် မြေသားမြို့ရိုးနှင့် အတွင်း အုတ်မြို့ရိုးဟူ၍ နှစ်ထပ်ရှိရာတွင် အပြင်မြေမြို့ရိုး သည် စတုရန်းပုံတည်ဆောက်ထားခဲ့သော်လည်း ယခု ခေတ် ခေတ်မီစနစ်များဖြင့် တိုင်းထွာရေးဆွဲထားသည့် မြေပုံများတွင် စတုရန်းပုံအတိအကျမဟုတ်ဘဲ မြောက် ဘက် မြို့ရိုးသည် အရှေ့မြောက်ထောင့်မှ အနောက် ၄ ဒီဂရီ တောင်ဘက်သို့လည်းကောင်း၊ တောင်ဘက်မြို့ရိုးသည် အနောက်တောင်ထောင့်မှ အရှေ့ ၄ ဒီဂရီမြောက်သို့လည်းကောင်း တိမ်းစောင်းနေကြောင်း တွေ့ရှိရပေသည်။ အရှေ့အနောက် မြို့ရိုးများသည်လည်းတောင်မြောက်တန်းမနေဘဲ အရှေ့မြို့ရိုးသည် မြောက်ဘက်တွင် အနောက်သို့၊ အနောက်မြို့ရိုးသည် တောင်ဘက်တွင် အရှေ့သို့ ၂ ဒီဂရီစီ တိမ်းစောင်းနေကြသည်။

အပြင်မြေမြို့ရိုး၏အတွင်း၌ အုတ်မြို့ရိုးတစ်ထပ် ပြုလုပ်ထားရာ လေးဘက်ပတ်လည်အတိုင်းအတာ ၁၅၉၆ တာရှိပြီး အုတ်မြို့ရိုးသည် စတုဂံပုံဖြစ်သည်။ အရှေ့အနောက် (အနံ) ၃၅၂ တာနှင့် တောင်မြောက် (အလျား) ၄၄၆ တာရှိသည်။ တောင်မြောက် (အလျားဘက်) တွင် တံခါးပေါက် ၃ ပေါက်စီနှင့် အရှေ့အနောက် (အနံဘက်)တွင် တံခါးပေါက် ၂ ပေါက်စီ ပြုလုပ်ထားသဖြင့် စုစုပေါင်း တံခါး ၁၀ ပေါက်ရှိသည်။ အုတ်မြို့ရိုးသည်အခြေတွင် တစ်တာခန့် အထူပြုလုပ်ထားပြီး မြို့ရိုးအမြင့်သည် ၁၂ တောင်ဖြစ်သည်။ မြို့ရိုးတစ်လျှောက် ပြအိုး ၂၈ အိုးရှိသည်။ မြို့ရိုးအောက်ခြေမှ ၁၀ ပေအကွာတွင် မြို့ရိုးပတ်လည် တစ်လျှောက် တာ ၂၀ ကျယ်၍ အတောင် ၂၀ နက်သည့် ကျုံးကို တူးဖော်ထားခဲ့ပေသည်။

ဖော်ပြခဲ့သည့် မြေမြို့ရိုးနှင့် အုတ်မြို့ရိုးနှစ်ထပ်၏ အတွင်းဝယ် အလောင်းမင်းတရား၏ နန်းမြို့တော်ရှိသည်။ နန်းမြို့တော်သည် မြို့ရိုးထု ၁ တာ၊ အမြင့် ၇ တောင်ရှိသည်။ အလျား တာ ၁၀၀၊ အနံ ၆၄ တာကို အုတ်ရိုးကာရံထားသည်။ ယင်းအဝန်းအဝိုင်းအတွင်းတွင် အရှေ့ဘက်မှ ၃၄ တာ အကွာ၌ ထုငါးတောင်၊ အမြင့် ငါးတောင်ရှိသော အုတ်ရိုးတစ်ခုကို ထပ်မံ ကာရံထားပြီး အလယ်တွင် ဗဟိုဝင်ပေါက်တစ်ခု ပြုလုပ်ထားသည်။ ထိုနေရာမှ ၁၅ တာအကွာတွင် ထုလေးတောင်၊ အမြင့်လေးတောင်ရှိသော အုတ်ရိုးကို ထပ်မံကာရံထားပြီး ယင်းအုတ်ရိုး၏ အတွင်းပိုင်း တွင် ရွှေပုံမင်္ဂလာနန်းဆောင်များကို ဆောက်လုပ်ထား ခဲ့သည်။

အလောင်းမင်းတရား တည်ထောင်ခဲ့သည့် ရတနာသိယ်၊ ရာဇဌာနီမင်းနေပြည်သည် အလောင်းမင်းတရား ဦးအောင်ဇေယျလက်ထက် (အေဒီ ၁၇၅၂- ၁၇၆၀) နှင့်သားဖြစ်သူ တပယင်းမင်းလက်ထက် (အေဒီ ၁၇၆၀- ၁၇၆၃)တွင် ဘုရင်နန်းစိုက်ရာ နေပြည်တော် ဖြစ်ခဲ့သည်။ ဆင်ဖြူရှင်မင်းလက်ထက် (အေဒီ ၁၇၇၃- ၁၇၇၆)လက်ထက်တွင် ဆင်ဖြူရှင်မင်းသည် ရွှေဘိုတွင် ၂ နှစ်သာနန်းစံပြီး အင်းဝသို့ပြောင်းရွှေ့နန်းစိုက်ခဲ့သဖြင့် ရွှေဘိုမြို့တော်သည် အေဒီ ၁၇၇၅ ခုနှစ်တွင် ဘုရင်နန်းစိုက်ရာမြို့အဖြစ်မှ အဆုံးသတ်ခဲ့ပေသည်။

ပိုင်နက်နယ်မြေကျယ်ဝန်းကာ အာဏာစက်ကြီးမားခဲ့သည့် တတိယမြန်မာနိုင်ငံတော်ကို ဦးဆောင်တည်ထောင်ခဲ့သူ အလောင်းမင်းတရားကြီး တည်ထားခဲ့သည့် ရွှေဘိုမြို့ မူလနန်းတော်ကားမရှိတော့ပါပြီ။ သို့သော်လည်း နိုင်ငံတော်က မူလပုံစံအတိုင်း နန်းတော်ရာကို ပြန်လည်တည်ဆောက်ထားခဲ့သည်။ အင်္ဂလိပ်တို့အုပ်စိုးခဲ့စဉ်က ရွှေဘို၊ အလောင်းမင်းတရား နန်းတော်ရာနေရာတွင် အကျဉ်းထောင် ပြုလုပ်ခဲ့ပြီး အလောင်းမင်းတရား နန်းစံရာနေရာတွင် ကြိုးတိုက်ပြုလုပ်ကာ အလောင်းမင်းတရားကြီး၏ အောင်မြေကို နာမ်နှိမ်ခဲ့ကြောင်းလည်း ပြောဆိုမှုများလည်းရှိသည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၆၀)ကျော်က ကုန်း ဘောင် အင်ပါယာကြီး သန္ဓေတည်ခဲ့ရာ ရွှေဘိုမြို့သည် မြန်မာတို့၏ဂုဏ်ယူဖွယ် ဘူမိနက်သန်နေရာအဖြစ် မြန်မာ့သမိုင်းတွင် ထင်ရှားစွာမှတ်တမ်းတင်နိုင်ခဲ့သည်။ အလောင်းမင်းတရား၏ အောင်မြေသည်လည်း နာမည်ကြီးလှပေသည်။ အလောင်းမင်းတရားသည် မြန်မာနိုင်ငံကို သူ့ခေတ်သူ့အခါက ကံဆိုးမိုးမှောင်ကျနေသည့်အခြေအနေမှ ကယ်တင်ကာ နှစ်ပေါင်း ၁၃၃ နှစ်ကြာတည်တံ့ခဲ့သည့် ကုန်းဘောင် ခေတ်တတိယနိုင်ငံတော်ကိုထူထောင်ခဲ့သည့် ဘုရင် မင်းမြတ်တစ်ပါးဖြစ်သည်။ သို့ဖြစ်ပေရာ မြန်မာတို့ ဂုဏ်ယူလေးစားကြရသည့် အလောင်းမင်းတရား ဦးအောင်ဇေယျတစ်ချိန်သောကာလက ထီးနန်းစိုက်ခဲ့ကာ တတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည့် ရွှေဘိုနန်းမြို့ကို သွားရောက်လေ့လာသင့် ကြပါပေသည်။ ။

# ကားခေါင်မိုးပေါ်တွင် လိုက်ပါလာသူ မီးကြိုးနှင့်တိုက်မိကာ ယာဉ်ပေါ်မှပြုတ်ကျ

**နေပြည်တော် ဇွန် ၂၂**

ဇွန် ၁၉ ရက်က မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဖူလုံကျေးရွာ တမာတန်းကားဂိတ်အနီး မုံရွာ-ပခုက္ကူ ကားလမ်း မိုင်တိုင်အမှတ် (၂၄/၄-၅) ကြားတွင် လူတစ်ဦးယာဉ်ပေါ်မှ ပြုတ်ကျကြောင်းသတင်းအရ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ယာဉ်ပေါ်မှပြုတ်ကျ၍ ဒဏ်ရာရရှိသူမှာ ဆင်ချောင်းကျေးရွာနေ အောင်စိုးသူ (၁၈နှစ်)ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်စိုးသူသည် မန္တလေးဘက်မှ ပေါက်ဘက်သို့ မဟာအောင်မြေမြို့နယ်နေ ကျော်ဇံထွန်း(၄၅နှစ်) မောင်းနှင်သည့် 2B/----- ခရီးသည်တင်မှန်လုံယာဉ်၏ ခေါင်မိုးပေါ်၌ လိုက်ပါစီးနင်းလာစဉ် အခင်းဖြစ်နေရာအရောက် လမ်းအားဖြတ်သန်း သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးနှင့်တိုက်မိကာ ယာဉ်ပေါ်မှပြုတ်ကျ၍ ဒဏ်ရာများရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# တန်ဖိုးနည်းအာဟာရပြည့်အစားအစာ ချက်ပြုတ်သရုပ်ပြ

**မန္တလေး ဇွန် ၂၂**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ တန်ဖိုးနည်းအာဟာရပြည့် အစားအစာချက်ပြုတ်သရုပ်ပြခြင်း၊ စကားဝိုင်းဖွဲ့ဆွေးနွေးခြင်းတို့ကို မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ပြင်ဦးလွင်မြို့နယ် တိုးကြီးကုန်းကျေးရွာ၊ သံတောင်ကျေးရွာနှင့် သပြေကျင်းကျေးရွာတို့၌ ဇွန် ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြတ်ငွေ၊ ဥက္ကဋ္ဌ ဒေါ်စုစုလွင်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် တိုးကြီးကုန်းကျေးရွာ၊ ကျွဲနွားထောက်ကျေးရွာ၊ လက်ပံကုန်းကျေးရွာနှင့်ရေခြံစု ကျေးရွာတို့မှငါးနှစ်အောက် ကလေးငယ်များအား အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန် ပေါင်ချိန်ခြင်းများ ဆောင်ရွက်ကြပြီး အိမ်ထောင်ရှင်မများ တန်ဖိုးနည်းအာဟာရပြည့် အစားအစာချက်ပြုတ်နည်းကို သရုပ်ပြချက်ပြုတ်ပြသသည်။

ထို့နောက် ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများအား ကင်ဆာရောဂါ၊ ဆီးချိုရောဂါအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးအကြောင်းများ ပညာပေးဟောပြောကြပြီးနောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်ဆယ်အိမ်စုမှူးများအား တွေ့ဆုံဆွေးနွေးကြသည်။

ဆက်လက်၍ သံတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သံတောင်ကျေးရွာ၊ လိပ်ကျကျေးရွာ၊ သပြေကျင်းကျေးရွာ၊ ခွန်လိန်ကျေးရွာ၊ ဆည်းသာကျေးရွာတို့မှ ပြည်သူများ၊ အိမ်ရှင်မများ၊ အသင်းဝင်များနှင့်တွေ့ဆုံကာ မိသားစုစကားဝိုင်းဖွဲ့ဆွေးနွေးကြပြီး ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ မိသားစုဝင်ငွေတိုး အိမ်တွင်း စီးပွားရေးလုပ်ငန်းများသင်ပြပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




**မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ပြုလုပ်သော ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက်က မြို့မလမ်း လွတ်လပ်ရေးပန်းခြံတွင်ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာစိုးတို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်ပေးစဉ်။**

**စိုးလင်းနိုင်(iprd)**

# နွားထိုးကြီးတွင် မီးလောင်မှုဖြစ်ပွား

**နွားထိုးကြီး ဇွန် ၂၂**

နွားထိုးကြီးမြို့ အမှတ်(၁)ရပ်ကွက်တွင် ဇွန် ၂၀ ရက်က လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပွား၍ မီးဖိုချောင်တစ်လုံး မီးလောင်ကျွမ်းခဲ့သည်။

နွားထိုးကြီးမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးဇော်မင်းလတ်၏ မီးဖိုချောင်ဝိုင်ယာရှော့ခ်ဖြစ်ပွားပြီး စတင်လောင်ခဲ့ပြီး မီးလောင်ရာသို့ နွားထိုးကြီးမြို့မှ မီးသတ်ကားများ အချိန်မီရောက်ရှိသဖြင့် အခြားသို့ကူးစက်ခြင်းမရှိဘဲ ငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုဖြင့် မွန်းလွဲ ၂ နာရီတွင် မီးကိုငြိမ်းနိုင်ခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်(နွားထိုးကြီး)**

# မွေးရာပါခြေခွင်ရောဂါ ကုသမှုခံယူနေသောကလေးများကို ကြည့်ရှု



**ပုသိမ် ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရှင်ပင်ဘုန်းပွင့်လမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (ဧရာဝတီတိုင်းဒေသကြီး)ရုံးခန်း၌ ဇွန် ၁၇ ရက်က Australia (ဩစတြေးလျနိုင်ငံ) The Glencoe Foundation ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်လျက်ရှိသော မွေးရာပါ ကလေးခြေထောက်ခွင်ရောဂါကုသမှုစီမံချက်- Walk For Life အကြံပေးအရာရှိ Prof Paul Wade ခြေထောက်ခွဲစိတ်ကုဆရာဝန်ကြီးနှင့် Miss mahmuda sharmin (အကြောပြင်ကျွမ်းကျင်)သည် ပုသိမ်မြို့၌ မွေးရာပါခြေခွင်ရောဂါကုသလျက်ရှိသော ကလေးငယ်များကိုအတွင်းရေးမှူး ဒေါက်တာဦးကြည်ဖေ (အကြော-အရိုးကု)နှင့်အတူ ကုသမှုများကို ကြည့်ရှုပြီး အကြံပြုဆွေးနွေးခဲ့သည်။

မွေးရာပါခြေထောက်ခွင် ရောဂါကို မွေးကင်းစအချိန်မှစ၍ အသက်နှစ်နှစ်အတွင်း ဆောလျင်စွာကုသမှုခံယူပါလျှင် နဂိုမူလခြေထောက်အတိုင်း ပြန်ကောင်းနိုင်ပါ၍ ဆောလျင်စွာ ပြသကုသမှုကိုခံယူပါရန် အကြံပြုသွားသည်။ မွေးရာပါကလေးခြေထောက်ခွင်ရောဂါကုသမှုစီမံချက် Walk for Life (Ponseti method) ကို ၂၀၁၃ ခုနှစ်မှစ၍ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့၊ ၂၀၁၄ ခုနှစ်တွင် ပုသိမ်မြို့နှင့် ၂၀၁၅ ခုနှစ်တွင် တောင်ကြီးမြို့များ၌ စတင်ကုသပေးနေကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာ-ထိုင်းမဲခေါင်မြစ်ဝှမ်းဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးပေါင်းဆောင်ရွက်ရန် လေ့လာ

**တာချီလိတ် ဇွန် ၂၂**



ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) မှ အထွေထွေအတွင်းရေးမှူးချုပ် Mr.Permpong Chavalit ဦးဆောင်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အရာရှိ ၄၂ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် လေးနိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် အတွက် ဇွန် ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ် က ဒုတိယ မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးကြီး မြင့်သိန်း ဦးဆောင်သည့် အရာရှိရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တာချီလိတ်ခရိုင်အတွင်း ရဲလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် မူးယစ်တပ်ဖွဲ့စု ၃၀ မှ ဖမ်းဆီးရမိခဲ့သည့် တာချီလိတ်မြို့မရဲစခန်းက သိမ်းဆည်းရမိ ဆေးပြားရိုက်စက်၊ ဆေးမှုန့်မွှေစက်တို့ကို လေ့လာခဲ့ပြီး တာချီလိတ်-ကျိုင်းတုံသွား လမ်းရှိ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် မော်တော်ယာဉ်နှင့်ဆိုင်ကယ်များ စစ်ဆေးရှာဖွေနေမှုတို့ကို ကြည့်ရှုလေ့လာခဲ့ သည်။

ထို့နောက် ကျိုင်းလပ်မြို့ မြန်မာ-လာအိုချစ်ကြည်ရေးတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ရောက်ရှိလေ့လာခဲ့ပြီး စစ်ဆေးရေးဂိတ်ရှိတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ကိုယ်စားလှယ် အဖွဲ့သည် မြန်မာ- လာအို မဲခေါင်မြစ်ကူး ချစ်ကြည်ရေးတံတားသို့ ရောက်ရှိလေ့လာခဲ့ပြီး တံတားပေါ်တွင် ထိုင်း-မြန်မာမီဒီယာများက အထွေထွေအတွင်းရေးမှူးချုပ် Mr.Permpong Chavalit နှင့် ဒုတိယမူးယစ်တပ်ဖွဲ့စုမှူး ရဲမှူးကြီး မြင့်သိန်းတို့နှင့်တွေ့ဆုံမေးမြန်းခဲ့ရာ မြန်မာ-လာအိုချစ်ကြည်ရေး တံတားဖွင့်လှစ်ခဲ့သည့်အတွက် တရုတ်-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံအချင်းချင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုလွယ်ကူလာပြီ ဖြစ်ကြောင်း၊ ယခုကဲ့သို့ နယ်စပ်ဖြတ်ကျော်လေ့လာရေးခရီး လာရောက်သည့်အတွက် နှစ်နိုင်ငံကိုယ်စားလှယ်များ ချစ်ကြည်ရင်းနှီးမှု ရရှိကြောင်း၊ မဲခေါင်စစ်ဆင်ရေးစီမံချက် ဆောင်ရွက်နေမှုမှာလည်း အောင်မြင်မှုများရရှိကြောင်းတို့ကို ရှင်းလင်းဖြေကြားခဲ့သည်။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) မှ အထွေထွေအတွင်းရေးမှူးချုပ် Mr. Permpong Chavalit ဦးဆောင်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အရာရှိ ၄၂ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီတွင် တာချီလိတ်-မယ်ဆိုင် အမှတ်(၁)ချစ်ကြည်ရေးတံတားမှ ပြန်လည် ထွက်ခွာသွားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# နှလုံးသွေးကြောကျဉ်း၊ ဆီးချိုသွေးချိုနှင့် နာတာရှည်အဆုတ်ရောဂါ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်းကျင်းပသည့် Multi-Sectoral Meeting for Prevention and Control of NCDs ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက်နံနက် ၉ နာရီက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေးက ယနေ့မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအများစု၌ ဖြစ်ပွားမှုများပြားလျက်ရှိသော မကူးစက်တတ်သောရောဂါများဖြစ်သည့် နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် နာတာရှည်အဆုတ်ရောဂါများကို ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် အခြားနီးနွယ်ပတ်သက်သော ဝန်ကြီးဌာနများ၊ ပြည်တွင်း အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုအခြေပြု အဖွဲ့အစည်းများမှတက်ကြွစွာ ပိုမိုပူးပေါင်းဆောင်ရွက်လာစေရေးအတွက် ရည်ရွယ်ပါကြောင်း၊ ပြည်သူလူထုတွင်မှန်ကန်သော ကျန်းမာရေး အသိပညာတိုးပွားလာစေပြီး လူမှုဘဝနေထိုင်မှုပုံစံပြောင်းလဲလာစေခြင်းဖြင့် ရောဂါဖြစ်ပွားမှု လျော့နည်းလာစေမည်ဖြစ်၍ အခြားနီးနွယ် ဝန်ကြီးဌာနများနှင့် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# အင်းတော်ကြီးအင်းတိမ်ကောလာသည့်အတွက် ပြုပြင်ရန်လိုအပ်

**အင်းတော် ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိအင်းတော်အင်းသည်မြို့နှင့် တစ်မိုင်ခွဲခန့် အကွာအဝေးတွင် တည်ရှိကာ အင်း၏ အလျား လေးမိုင်ခန့်၊ အနံမှာ ယခင်ကာလများက နှစ်မိုင်အကွာအဝေးများတည်ရှိခဲ့သည်။ အင်းအတွင်းသို့ ချောင်းပေါင်း ၂၀ ခန့်စီးဝင်လျက်ရှိရာ အမှိုက်များ၊ ပလတ်စတစ်များ၊ စပါးခွံများ၊ ပုလင်းခွံများမျောပါစီးဝင်လာခြင်းကြောင့် အင်းရေများကြည်လင်ခြင်းမရှိဘဲ ညစ်ညမ်းစပြုလာသည်။

ထို့အပြင် အင်းရေအနက်မှာလည်း တိမ်ကောလာပြီဖြစ်သည့်အတွက် ပြန်လည်ပြုပြင်ရန်လိုအပ်လျက်ရှိကြောင်း သိရသည်။

"အင်းတော်အင်းရေဟာ ယခင်ကာလများမှာတော့ စိမ့်စမ်းရေတွေစီးလာတဲ့ ရေဟာလည်း သန့်ရှင်းတယ်၊ကြည်လင်တယ်။ အင်းဘေးမှာနေတဲ့ သက္ကယ်ကျင်း ပေပင် နတ်မဟုတ်ကလေး၊ အင်းရွာစတဲ့ ရွာတွေဟာ အရင်ကဆိုရင် အင်းရေကိုပဲ အဓိကအသုံးပြုခဲ့ကြပါတယ်၊ ဒါပေမယ့် အခုရက်ပိုင်း အင်းတော်အင်းရေဟာ တိမ်ကောလာပြီဖြစ်ပါတယ်" ဟု သက္ကယ်ကျင်းရွာသားတစ်ဦးက ပြောကြားသည်။ **သန်းမောင်လေး(ကချင်မြေ)**



# ကလေးမြို့ ယာဉ်ကြောရှုပ်ထွေးသည့်နေရာများတွင် မီးပွိုင့်များတပ်ဆင်

**ကလေး ဇွန် ၂၂**

ကလေးမြို့သည် မြို့ပြဖွံ့ဖြိုးမှုမြန်ဆန်မှုနှင့်အတူ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ ပေါများလာမှုကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့်ယာဉ်ကြော ရှုပ်ထွေးသည့်နေရာလေးနေရာတွင် မီးပွိုင့်များကိုတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မီးပွိုင့်တွေတပ်မယ့် နေရာလေးနေရာက ပင်လုံ-လမ်းမတော်နှင့် ကလေး- ကလေးဝ လမ်းဆုံနေရာ ၊ဗိုလ်ချုပ်လမ်းနှင့် စံပြလမ်းဆုံနေရာ၊ ဘူတာလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံနေရာနှင့် ဗိုလ်ချုပ်လမ်းနှင့် အထက(၂) လမ်းဆုံနေရာတွေမှာ တပ်ဆင်ပေးသွားမှာပါ"ဟု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဦးအေးချို က ပြောသည်။

ကလေးမြို့တွင် မီးပွိုင့်တပ်ဆင်ထားသည့်နေရာမှာလမ်းဆုံတစ်နေရာသာရှိပြီး လေးဘက်လမ်းဆုံတပ်ဆင်ထားကြောင်းလက်ရှိတည်ဆောက်မည့်မီးပွိုင့်များသည် အထက(၂) နေရာမှလွဲ၍ လမ်းသုံးခွများသာ ဖြစ်သောကြောင့် မီးပွိုင့်သုံးတိုင်စီသာ တပ်ဆင်မည်ဖြစ်ကြောင်း ကုန်ကျငွေအား မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်း ရေးနှင့် မြို့မိမြို့ဖ ရန်ပုံငွေတို့ဖြင့် ပူးပေါင်းတည်ဆောက်မည်ဖြစ်ကြောင်းသိရသည်။

"လက်ရှိ ရန်ပုံငွေ ၉၂ သိန်းရှိတယ်။ အဲဒါနဲ့လုပ်မယ်၊ မလောက်ရင် မြို့ရန်ပုံငွေနဲ့ ကူရမှာပါ။ မီးပွိုင့်တပ်ဆင်ခြင်းလုပ်ငန်းတွေကိုတော့ ပစ္စည်းတွေမှာယူပြီး လုပ်ငန်းစတင်နေပါပြီ"ဟု မြို့အထောက်အကူအဖွဲ့က ပြောသည်။

**သျှင်နေမင်း**

# သဘာဝဘေးကြိုတင်ကာကွယ်ရေး ရေပြင်အသက်ကယ်တင်မှု သရုပ်ပြလေ့ကျင့်



**မော်လမြိုင်ကျွန်း ဇွန် ၂၂**

မော်လမြိုင်ကျွန်းမြို့နယ်တွင် သဘာဝဘေးကြိုတင်ကာကွယ်ရေး ရေပြင်အသက်ကယ်တင်မှု သရုပ်ပြလေ့ကျင့်ပွဲကို ဇွန် ၁၉ ရက်က မော်လမြိုင်ကျွန်းမြို့ တောင်ပိုင်းရပ် ၁၅ လမ်း ဗိုလ်တဲချွန်း တိုးလှဲချောင်းအတွင်း၌ ကျင်းပသည်။

ယင်းရေပြင် အသက်ကယ်သရုပ်ပြသပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တက်ရောက်ကြပြီး မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ဦးဝင်းဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လှေ၊ သင်္ဘောမှောက်၍ ရေပြင်တွင် မျောပါနေသူများအား အသက်ကယ်တင်ခြင်း သရုပ်ပြလေ့ကျင့်ကြသည်။

ထို့နောက် ရေပြင်အသက်ကယ်တင်ခြင်း သရုပ်ပြလေ့ကျင့်ပွဲတွင် မော်လမြိုင်ကျွန်းမြို့ တောင်ပိုင်းရပ် တိုးလှဲချောင်းအတွင်း ဇွန် ၁၉ ရက် ညနေ ၄ နာရီက လှေတစ်စင်းဖြင့် ခရီးသွားလာကြသော ခရီးသည် သုံးဦးတို့ ရုတ်တရက် လှေမှောက်ကာ တိုးလှဲချောင်းရေတွင် မျောပါခဲ့ကြသည်ကို မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ ရေပြင်အသက်ကယ်ကျွမ်းကျင် မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်တင်ကြပုံကို လက်တွေ့လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**မြင့်အောင်(မော်ကျွန်း)**

# ဇီးကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြိုတင်မဲဆန္ဒရှင်စာရင်းကြေညာရန် အသိပညာပေးညှိနှိုင်း

**ဇီးကုန်း ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်း ကြေညာရန် အသိပညာပေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်မိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်အတွင်း ရွေးကောက်ပွဲ အစီအစဉ်များနှင့် ပတ်သက်၍ ကြိုတင်သိရှိရမည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး အတွင်း၌ ခရိုင် လေးခုအနက် ပဲခူးခရိုင် ရွေးကောက်ပွဲကော်မရှင်က ကြိုတင်မဲစာရင်းများကို ဇွန် ၈ ရက်က ကြေညာထားခဲ့ပြီး ကျန်ခရိုင် သုံးခုမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်မဲစာရင်းများကို ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်သည် သန်းခေါင်စာရင်းစစ်တမ်းအရ လူဦးရေ စုစုပေါင်း ၆၇၅၂၃ ဦးရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ ပေါင်း ၅၁၃၁၅ ဦးဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# အခြေခံပညာ မူလတန်းကျောင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဟုမ္မလင်း ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ နောင်ပကျစ်တောင်ပေါ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေနှင့်တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ခန္တီးခရိုင်အုပ်ချုပ်ရေးမှူး ဦးတိုးလွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကံသောင်း က ပညာရေးနှင့်ပတ်သက်သည့်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။ ထို့နောက် ကျောင်းကော်မတီဝင်များက ကျောင်းဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ် အလံများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး ကျောင်းသုံးဗလာစာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**လင်းလင်း**

# စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

**မူဆယ် ဇွန် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများသည် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် (စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ) ပြိုင်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက အထက(၂)၌ ကျင်းပသည်။ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများကို ရောင်စုံခဲတံနှင့် ဘောပင်များကို အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မဲကနယ်ကျေးရွာအုပ်စု ဖားချောင်းကျေးရွာ စိန်ရောင်ခြည်ဘုန်းတော်ကြီးကျောင်း၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသပွဲကို ဇွန် ၁၉ ရက်က ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအိုက်ဗို၊ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုစဉ်။ ထိန်လင်းအောင်

# တရုတ်စကားပင်များ တန်ဖိုးမြင့်လာ

**ဂန့်ဂေါ ဇွန် ၂၁**

တရုတ်စကားပန်းများသည် ပြီးခဲ့သည့်နှစ်မှစ၍ ဂန့်ဂေါမြို့နယ်တွင် အရောင်းအဝယ်ဈေးကွက်ရှိလာသည်။ တရုတ်စကားပန်းအခြောက် တစ်ပိဿာကို ငွေကျပ်ရှစ်ထောင်ဖြင့် ရောင်းဈေး၊ ဝယ်ဈေးရှိလာခဲ့ကြောင်း သိရသည်။ "တရုတ်စကားပန်းအကြွေကိုကောက်ပြီးတော့ အရိပ်မှာ အခြောက်ခံရတယ်။ မနှစ်ကပန်းပင် ၂၃ ပင်က အပွင့်အကြွေတွေကိုကောက် အခြောက်ခံတာ ၃၈ ပိဿာရတယ်၊ ဒီနှစ်တော့ ပန်းပွင့်ခြောက်ဈေးနှုန်းက တစ်ပိဿာ ငွေကျပ် ၁၂၀၀၀ ဈေးရှိတယ်။ ပန်းပွင့်ခြောက်တွေကို မန္တလေးကလာဝယ်တယ်" ဟု ပန်းခြောက် စုဆောင်းသူတစ်ဦးက ပြောသည်။

မြို့ပြသာယာလှပရေးအတွက် အရိပ်ရပင်များနှင့် ပန်းအလှပင်များကို နှစ်စဉ် စိုက်ပျိုးလျက်ရှိရာ အဆိုပါ တရုတ်စကားပန်းပင်များလည်း မလွဲမသွေပါဝင်နေဦးမည်ဖြစ်ကြောင်းနှင့် တရုတ်စကားပန်းအခြောက်များက ဒေသနေပြည်သူများအား ဝင်ငွေရှာဖွေပေးကာ သစ်ပင်၊ ပန်းပင်များ၏ တန်ဖိုးကို ဖော်ပြပေးနေမည်ဖြစ်ကြောင်း စိမ်းလန်းစိုပြည်ရေးအတွက် တာဝန်ရှိသူတစ်ဦးက ပြောသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**


မြန်မာကော်ဇွန်- ကုမ္ပဏီ
* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ယာအမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက္ကား ရရှိနိုင်ပါသည်။
အမှတ်-(၁၂၀)၊မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317/202921/09-8627489

**ဖခင် အမည်မှန်**
ရွှေဘိုမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(B)မှ မစုမွန်ထွေး၏ ဖခင်အမည်မှန်မှာ ဦးမိုးသီး ၅/ရဘန(နိုင်)၀၈၂၆၀၀ ဖြစ်ပါသည်။
ဦးမိုးသီး

**ဖခင်အမည်မှန်**
ပေါင်မြို့နယ်၊ နတ်ကြီးချောင်ကျေးရွာ၊ အထက(နတ်ကြီးချောင်) တက္ကသိုလ်ဝင်တန်း (A)မှ မစုပန်စိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၁၀/ပမန(နိုင်)၀၆၄၅၁၉ ဖြစ်ပါသည်။
ဦးထွန်းထွန်းဝင်း ၁၀/ပမန(နိုင်)၀၆၄၅၁၉

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးမောင်မောင်အောင် (၆/ကသန(နိုင်) ၀၀၄၁၁၅)ပိုင် ရတနာပြည့်အောင်ငါးဖမ်းရေယာဉ်၏ နေရယာဉ်ဂရန်နှင့် LSA စာရွက်များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၉၂၂၁၇၉၁

**အများသိစေရန်**
ဦးရဲမင်းသိန်း (ခ) ဦးမင်းသိန်း (ဘ) ဦးကျော်မြိုင် (၉/မသန(နိုင်)၁၂၂၄၃၄) နှင့် ဒေါ်ခင်လေးနိုင် (ခ) ဒေါ်ပပနိုင် (ဘ) ဦးစောထွန်း (၇/ဇကန(နိုင်)၀၃၁၅၀၂) တို့သည် (၅-၃-၂၀၁၃) နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတော်၌ တရားဝင်လက်ထပ်ခဲ့ပြီးသည့် အချိန်မှစ၍ ယနေ့တိုင် လုသိရှင်ကြား တရားဝင်လင်မယားသာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်ခင်လေးနိုင်(ခ)ဒေါ်ပပနိုင်၏ ညွှန်ကြားချက်အရ -
ဒေါ်စိုးလဲ့လဲ့နိုင် (LL.B) ၊ အထက်တန်းရှေ့နေ (စဉ်-၄၂၉၇၈) ၊
အမှတ်-၂၀ ၊ မြောင်းကြီးလမ်း ၊ ပေါက်တောရပ်ကွက် ၊ အင်းစိန်မြို့နယ်။






MH မဟာခိုင် ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း

ထိုင်း-ကမ္ဘောဒီးယား (၃) ရက်ခရီး အပတ်စဉ်သောကြာနေ့၊ ဗုဒ္ဓဂယာ (၇) ရက်ခရီး၊ (၁၄) ရက်ခရီးစာရင်းပေးသွင်းနိုင်ပါသည်။

သီရိလင်္ကာ-ကန္ဒီဗုဒ္ဓမြတ်စွယ်တော်-အနုရာဓပူရမူလဗောဓိပင်-ထူပါရာမ-မဟိယင်္ဂဏ တိဿမဟာရာမ(နပူးသင်းကျစ်တော်)၊ နာဂဒီပကျွန်း(ပင်လယ်ကမ်းခြေ) ကလျာဏီသိမ်၊ ဂင်္ဂါရာမ ပေါလောနာရုဝ၊ အာလုဝိဟာရ၊ မဟိန္ဒလေ၊ မဟာစေတီ၊ ကာလုတ္တရ၊ ဒမ္ဗုလလိုဏ်ဂူ ဘန်ဒောက်-မြဘုရား၊ အယုဒ္ဓယ၊ နကွန်ပသွန်၊ ပတ္တရား၊ ချင်းမိုင်၊ မယ်ဆိုင်၊ ရွှေတြိဂံ

သီရိလင်္ကာ စွယ်တော်ပွဲ ဩဂုတ်လ(၁၈)ရက်

ရန်ကုန် - (၁၈)၊ ၉လမ်း/ ၈၁၅၊မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ဖုန်း - ၂၂၇၃၂၂

မန္တလေး - ၄၁၄၊ ၈၂လမ်း၊ ၃၂×၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း - ၀၉ ၉၁၀၁၉၅၃၆၊ ၀၂ ၃၄၆၇၄

မော်လမြိုင် - အမှတ် (၄၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်၊ ဖုန်း - ၀၉ ၈၇၀၁၆၈၀၊ ၀၉ ၄၉၈၀၀၂၈၆၊ ၀၉ ၄၉၂၉၇၁၇၆၊ ၀၉ ၇၃၂၀၅၈၉၀

FAME

အရိုးများကြံ့ခိုင်သန်မာဖို့အတွက်

Osteomax®

TMR 011384 (0615)
၂/၂၀၀၂ တဆထလ/တိုး(၀၆၅၃)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME

အဆစ်အမျက် အားဖြည့်ဖို့အတွက်

Arthrotec®

TMR 011382 (0615)
၂/၂၀၀၂ တဆထလ/တိုး(၀၆၅၃)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

# လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

**IKBZ Insurance** (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း) ၏

မိတ္ထီလာခရိုင်ရုံး ကို ၂၀.၆.၂၀၁၅ ရက်နေ့တွင်

မန္တလေးတိုင်းဒေသကြီး ၊မိတ္ထီလာမြို့၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
ကုန်သည်ပွဲစားနှင့် စက်ပိုင်များအသင်း
မန္တလေးတိုင်းဒေသကြီး ၊မိတ္ထီလာမြို့။

SMIDB

**Small & Medium Industrial Development Bank Ltd.**

**အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်**
**နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း**

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ အစုရှယ်ယာရှင်များ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က) နေ့ရက် ။ ။ ( ၂၈. ၆. ၂၀၁၅)ရက် (တနင်္ဂနွေနေ့)
(ခ) အချိန် ။ ။ နံနက် (၁၀ : ၀၀)နာရီ
(ဂ) နေရာ ။ ။ Myanmar Convention Centre (MCC) ခန်းမ
မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်- အစည်းအဝေးဖိတ်စာနှင့်အစီရင်ခံစာတို့ကို အစုရှယ်ယာရှင်များထံသို့ လူကိုယ်တိုင်နှင့် စာတိုက်မှ ကြိုတင်ပေးပို့ထားပါသည်။ အစည်းအဝေးဖိတ်စာ မရရှိပါကလည်း ဤဖိတ်စာကိုအကြောင်းပြု၍ အစည်းအဝေးသို့တက်ရောက်ကြပါရန် ထပ်မံဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်နိုင်သောဖုန်းနံပါတ်များ - ၀၁-၃၇၀၄၂၆၊ ၃၉၁၄၄၉၊ ၃၇၉၂၀၁
- ၀၉-၇၃၀၂၇၆၆၀၊ ၇၃၀၂၇၆၅၉

ဦးဆောင်ညွှန်ကြားရေးမှူး

ဒေါက်တာဇော်ဝင်းသိန်း (ရွှေတံဆိပ်ဆုရှင်-လန်ဒန်) (ရွှေတံဆိပ်ဆုရှင် - CPA)

Doctor of Business Administration (UK), MBA (USA), CMgr MCMI, FCMA, CGMA, FABE, FCCA, CPA (Aust.)

CIMA (UK)

(Global Professional Qualification for Business Leaders)

CIMA သင်တန်းများ July 5 စမည်။

CIMA စတင်လေ့လာမည့်သူများအတွက် ပညာသင်ဆုများ ပေးအပ်ချီးမြှင့်မည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ အတွက်

LCCI (UK)

(စာရင်းကိုင် Diploma သင်တန်းများ)

LCCI သင်တန်းများ June 28 စမည်။

ZAW BUSINESS SCHOOL

Enroll Now!

☎: 299288, : 0950-13589, : 0950-74974

## အက်မက်စ် ထိပ်သီးအစည်းအဝေးဖွင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၂၂

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်-ထိုင်းနိုင်ငံတို့ ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား News Channel နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ ဇွန် ၂၃ ရက် နံနက် ၇နာရီ မိနစ် ၅၀ မှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်မည်

ရန်ကုန် ဇွန် ၂၂

**သဘာဝအခြေခံခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရန် နယ်စပ်ဒေသများသို့ ခရီးစဉ်သစ်များပေါ်ထွက်ရန် လိုအပ်နေသည့် သဘာဝအလှအပများ၊ ရေမြေတောတောင်များ၊ စိမ့်စမ်းများ၊ သစ်ပင်ပန်းမန် မျိုးစိတ်သစ်များ၊ ကျေးငှက်တိရစ္ဆာန် မျိုးစိတ်သစ်များတည်ရှိရာ ကယားပြည်နယ်အား ခရီးသွားလုပ်ငန်းခရီးစဉ်သစ်များ ပေါ်ထွက်လာရေး နယ်စပ်ဂိတ်ပေါက်သစ် ဖွင့်နိုင်ရန် ကြိုးစားနေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။**

မြန်မာ-ထိုင်းနယ်စပ် ကယားပြည်နယ်အတွင်း နယ်စပ်ဝင်ပေါက်နှစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ထိုင်းနိုင်ငံဘက်မှ နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်နိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။

ကယားပြည်နယ် နယ်စပ်ဘီပီ (၁၃)နှင့် ဘီပီ(၁၄)တို့တွင် မြန်မာ-ထိုင်း နယ်စပ်ဂိတ်ပေါက် ထားရှိနိုင်ပါက ထိုင်းနိုင်ငံ မဲဟောင်သောင်မှဝင်ရောက်လာမည့် ထိုင်းနိုင်ငံသားများနှင့် မြန်မာ-ထိုင်း အပြင် တတိယနိုင်ငံများမှ ခရီးသွားဧည့်သည်များလည်း တိုးမြှင့်ဝင်ရောက်လာမည်ဖြစ်သည်။

ကယားပြည်နယ် လွိုင်ကော်ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုသို့ နယ်စပ်ဂိတ်ပေါက်သစ်များဖွင့်လှစ်ပေးနိုင်ပါက နယ်စပ်ဖြတ်ကျော်ကာစွန့်စားမှုခရီးစဉ်များလည်း ထွက်ပေါ်လာနိုင်မည်ဖြစ်သည်။ပြည်တွင်း၌လည်း ခရီးသွား အစီအစဉ်သစ်များ ထွက်ပေါ်နိုင်မည်ဖြစ်ရာ ဒေသခံများအတွက်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍



ဒေသခံတိုင်းရင်းသူတစ်ဦး အထည်ရက်လုပ်နေစဉ်။


ယနေ့ မာတိကာ

သံငြမ်းပြိုကျ၍ နောက်ဆုံးပိတ်မိနေသူ တစ်ဦးအား ကယ်တင်နိုင်ခဲ့ စာ ၁၁

မိုးရာသီတွင် တောင်ပေါ်ဒေသ မြေသားလမ်းများ လမ်းချော်၊ ကုန်သယ်ပို့ကားများဘီး၌သံချိန်းကြိုးပတ်မောင်းနှင်ရ စာ ၁၃

ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း စာ ၁၅


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂ - ၆ - ၂၀၁၅

| | | | |
|---|---|---|---|
| မာန်အောင်မြို့ | ၄ | ဒသမ | ၂၁ |
| စစ်တွေမြို့ | ၃ | ဒသမ | ၆၆ |
| မော်လမြိုင်မြို့ | ၃ | ဒသမ | ၆၂ |
| မောင်တောမြို့ | ၃ | ဒသမ | ၅၈ |
| ဝွမြို့ | ၃ | ဒသမ | ၀၇ |
| မြောက်ဦးမြို့ | ၃ | ဒသမ | ၀၇ |
| ရေးမြို့ | ၂ | ဒသမ | ၉၁ |
| ပလက်ဝမြို့ | ၂ | ဒသမ | ၇၂ |

# MNL လက်ကျန်ပွဲတွင် ရတနာပုံနှင့် ချင်းယူနိုက်တက်တို့ နိုင်ပွဲရ

≡ သတင်း- ညီမြတ်သော်တာ ≡

မန္တလေး ဇွန် ၂၂

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့လက်ကျန်ပွဲများကို ယနေ့ ညနေပိုင်းက ပြန်လည်ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

မန္တလေးမြို့ ဗထူးအားကစားကွင်း၌ကျင်းပသည့် ရတနာပုံနှင့် ဇေယျာရွှေမြေတို့ပွဲစဉ်တွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းက အိမ်ကွင်း၌ခြေစွမ်းပြပြီး နိုင်ပွဲရယူကာ အမှတ်ပေးဇယားတတိယနေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။ ရာသီဝက် အပြောင်းအရွှေ့ကာလတွင် အပြောင်းအလဲများစွာ ပြုလုပ်ထားသည့် ရတနာပုံအသင်းမှာ နိုင်ငံခြားသား ကစားသမားလေးဦးနှင့် ဇော်လင်းထွန်း၊ သီဟစည်သူတို့ကို အမာခံထားကာ ဆီးဂိမ်းငွေဆုရအသင်းမှ ရဲကိုဦး၊ စည်သူအောင်၊ လှိုင်းဘိုဘို၊ ယူ -၂၀ အသင်းမှ အောင်သူတို့ကို ပွဲထုတ်ခဲ့သည်။

ရတနာပုံ အသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး အသစ်ခေါ်ယူထားသည့် ချင်းတိုက်စစ်မှူးပောင်း မာတူနာက ၁၅ မိနစ်နှင့် မိနစ် ၂၀ တို့တွင် နှစ်ဂိုးဆက်သွင်းယူပေးခဲ့သည်။ ၂၆ မိနစ်တွင် ဗစ်တာက ဇေယျာရွှေမြေအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းပေးခဲ့သော်လည်း ဝင်းနိုင်စိုးက ၈၅ မိနစ်တွင် ရတနာပုံအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို သွင်းယူခဲ့သည်။

ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ကျင်းပသည့် ချင်းယူနိုက်တက်နှင့် ဧရာဝတီတို့ ပွဲစဉ်တွင် ဆောင်လမန်၏ သွင်းဂိုးတစ်ဂိုးဖြင့် ချင်းက ဧရာဝတီကို အနိုင်ရသွားခြင်းဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၁၀)ကို ဇွန် ၂၇ ရက်မှစ၍ ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။






မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
R/488